



# ဆင်ဖြူကျွန်းအောင်သိန်း

# မြစ်တို့၏သဘော

တတိယအကြိမ်

mgyoe.com



mgyoe.com

## ဆင်ဖြူကျွန်းအောင်သိန်း

# မြစ်တို့၏သဘော

ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း ယခုနှစ် ၁၉၉၅ ခန့်က ရေးဖွဲ့ခဲ့သည့်
၁၉၅၈ မတိုင်မီ ၁၉၅၀ ဝန်းကျင် ဖဆပလခေတ်နောက်ခံဖြင့်
ချယ်မှုန်းအပ်သော ခေတ်သရုပ် ဘဝသရုပ်ဖော်
လုံးချင်းဝတ္ထုရှည်။

SPK0021
3,000.00 KS

mgyoe.com

မြစ်တို့၏သဘော၊ ဆင်ဖြူကျွန်းအောင်သိန်း
မျက်နှာဖုံးပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၂၉၈ မျက်နှာ၊ ၁၆ စင်တီ× ၁၈•၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မတ်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၂ မိုးမြန်မာစာပေ၏ ဒုတိယအကြိမ်မှု၊
(ပထမအကြိမ် - ၁၉၆၆ ပုဂံစာအုပ်တိုက်)

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြစ်တို့၏သဘော

ဆင်ဖြူကျွန်းအောင်သိန်း

တတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းကို မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းမြို့နယ်၊ ယမ်းဖိုကုန်းရွာတွင် အဖ ယာသမားကြီး ဦးရွှေစံနှင့် အမိဒေါ်ငွေစင်တို့မှ ၁၉၂၈ နိုဝင်ဘာ ၁၀ တွင် ဖွားမြင်ခဲ့သည်။ မွေးချင်း လေးယောက်တွင် စတုတ္ထဖြစ်ပြီး အမည်ရင်းမှာ ဦးကြည်အေးဖြစ်၏။

ဒုတိယကမ္ဘာစစ်မတိုင်မီက ဆင်ဖြူကျွန်း ဒိစတြိတ်ကောင်စီ အထောက်အပံ့ခံ မူလတန်းကျောင်းနှင့် ဆင်ဖြူကျွန်း ဦးဖိုးသိန်း အလယ်တန်းကျောင်းတို့တွင် မူလတန်းနှင့် အလယ်တန်းပညာများ သင်ခဲ့၏။ ဒုတိယကမ္ဘာစစ်အတွင်း ဆင်ဖြူကျွန်းဆရာနွယ် အထက်တန်းကျောင်းတွင် အထက်တန်းပညာသင်ခဲ့သည်။ ၁၉၅၅ တွင် ဝွတ္တလစ်ကျောင်းသား ဂုဏ်ရည် အလွတ် ပညာသင်ကျောင်း၌ ဆက်လက်ပညာသင်ယူခဲ့ရာ ၁၉၅၇ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည်။

၁၉၅၇–၁၉၅၈ တွင် 'ရုပ်ရှင်ပဒေသာ' မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ၊ ၁၉၅၈–၁၉၅၉ တွင် 'ရုပ်ရှင်လောက'၊ 'ယနေ့ရုပ်ရှင်' နှင့် 'နတ်သျှင်နောင်' စာစောင်တို့တွင် တာဝန်ခံအယ်ဒီတာ၊ ၁၉၆၃ တွင် 'တံခွန်ဂျာနယ်' အယ်ဒီ

mgyoe.com

mgyoe.com



တာအဖွဲ့ဝင်၊ ၁၉၆၄–၁၉၆၅ တွင် 'ကာနယ်ဇင်း'၌ တာဝန်ခံ အယ်ဒီတာအဖြစ် အမှုထမ်းခဲ့သည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ စာရေးဆရာ စာပေကလပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံ စာပေပြန့်ပွား ရေးအသင်း၊ မြန်မာနိုင်ငံစာပေဝါသနာရှင်အဖွဲ့၊ ကမ္ဘာငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ)၊ စာပေလုပ်သားအဖွဲ့၊ စာပေနှင့် စာနယ်ဇင်း အဖွဲ့တို့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၅၉ မှ ၁၉၆၁ အထိ ရုပ်ရှင်ဇာတ်လမ်း မှတ်တမ်းတင်သူ၊ တွဲဖက်ဒါရိုက်တာ စသည်ဖြင့် လုပ်ကိုင်ခဲ့သည်။ ၁၉၅၁ တွင် 'ရွှေဇင်' ကလောင်အမည်ဖြင့် 'တိုင်းသစ်ဂျာနယ်' တွင် ကဗျာများစတင်ရေးခဲ့သည်။ ၁၉၅၃ တွင် 'ဆင်ဖြူကျွန်းအောင်သိန်း' ကလောင်အမည်ဖြင့် ကဗျာများ စရေးသည်။ ၁၉၅၃ သွေးသောက်မဂ္ဂဇင်းပါ 'စွပ်ကြယ်' သည် ဆင်ဖြူကျွန်းအောင်သိန်း၏ ပထမဆုံးဝတ္ထုတိုဖြစ်သည်။ 'လွမ်းယမုံဦး' ၁၉၅၇ သည် သူ၏ ပထမဆုံး လုံးချင်းဝတ္ထုဖြစ်သည်။ 'ကိုဆေးရိုး' အဓိက ဇာတ်ဆောင်ပြုဝတ္ထုများသည် သူ၏ထင်ရှားသော ဝတ္ထုတိုများဖြစ်၏။ ထိုဝတ္ထုတိုများကို ပေါင်း၍ ကိုဆေးရိုး အတွဲ ၁၁ တွဲ ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ဆင်ဖြူကျွန်းအောင်သိန်း ကလောင်နာမည်အပြင် အမည်ရင်း ဦးကြည်အေးဖြင့်လည်း စာအုပ်များရေးသားခဲ့သည်။ ဦးအောင်သိမ်းမြတ်၊ ဦးသိန်းဇံ၊ ဇင်အောင်၊ မင်္ဂလာချင်အောင်၊ ဆီညော်ချင်အောင်၊ စိုင်းချင်အောင်

mgyoe.com

mgyoe.com



စသည်ဖြင့် ကလောင်အမည်ခွဲ ၂၀ ကျော်ဖြင့်လည်း ဝတ္ထုတို၊ ဆောင်းပါးများ ရေးသားခဲ့သည်။

၁၉၉၀ တွင် ကိုဆေးရိုး (၄) ဖြင့် အမျိုးသားစာပေ (ဝတ္ထုတိုပေါင်း ချုပ်) ဆု၊ ၁၉၉၆ တွင် ကိုဆေးရိုး (၆) ဖြင့် အမျိုးသားစာပေ (ဝတ္ထုတို ပေါင်းချုပ်) ဆုတို့ကို ရရှိခဲ့သည်။ ၁၉၉၈ တွင် အရှေ့တောင်အာရှစာပေဆု ချီးမြှင့်ခြင်းခံရသည်။

၁၉၉၉ တွင် ဝိဇ္ဇာပညာဘွဲ့ထူးချွန် (ပထမအဆင့်)၊ ၂၀၀၄ တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ ၂၀၀၅ တွင် အမျိုးသားစာပေ ဝတ္ထုရှည်ဆုနှင့် ၂၀၀၇ ခုနှစ်တွင် အမျိုးသားစာပေ တစ်သက်တာစာပေ ဆုတို့ကို နိုင်ငံတော်မှ ချီးမြှင့်ခဲ့သည်။

ဆရာဆင်ဖြူကျွန်းအောင်သိန်းသည် ယခုအခါ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အရှေ့ (၇) ရပ်ကွက်တွင် နေထိုင်ရင်း စာပေများ ဆက်လက်ရေးသားလျက် ရှိသည်။

✦

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မြစ်တို့၏သဘော
# ဒုတိယပုံနှိပ်ခြင်း အမှာစာ

မြစ်တို့၏သဘောအမည်ရှိသည့် ဤဝတ္ထုကို ဖတ်ရှုနေသူသည် ယခု ၂၀၁၂ ခုနှစ်၌ အသက် ၃၀ ရှိပြီ ဆိုပါက ဤဝတ္ထုသည် စာဖတ်သူထက် ၁၆ နှစ်မျှ အသက်ကြီးနေပါလိမ့်မည်။ ဤသည်မှာ စာအုပ်၏ သက်တမ်းသာ ဖြစ်ပါသည်။ ဇာတ်လမ်းနောက်ခံကာလမှာ ပိုပြီး အသက်ကြီးပါသည်။

ဝတ္ထု၏နောက်ခံဒေသမှာ ရန်ကုန်ဖြစ်ပါသည်။

ဝတ္ထု၏ နောက်ခံကာလမှာ ၁၉၅၀ ပြည့်နှစ်ထက် နောက်မကျသော ကာလဖြစ်သည်။ ဝတ္ထုထဲတွင် 'လန်ချား' ပါဝင်နေပါသည်။ လန်ချားသည် ၁၉၅၀ ခုနှစ်အထိ ရန်ကုန်တွင် ရှိနေသေးသောကြောင့် ဖြစ်ပါသည်။

ထိုကာလတွင် မြန်မာနိုင်ငံကို အုပ်စိုးသော ဖဆပလ အစိုးရမှာ ယဲ့ယဲ့ကလေးသာ ရှိသည်။ အထူးသဖြင့် တက္ကသိုလ်တွင် ဖဆပလ ထောက်ခံသူများကို ငွေဖြင့် ကျားကန်ထားရ၏။ ထိုနည်းတူ ဖဆပလကို ထောက်ခံသော ကုန်သည်များမှာလည်း ပါတီရန်ပုံငွေ ထည့်နိုင်လျှင် ပြီး စတမ်း ဖြစ်နေကြသည်။

ဖဆပလအစိုးရ၏ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မှာ များစွာ အပြောခံရ၏။ မြန်မာကုမ္ပဏီများ ကုန်သည်များမှာ

mgyoe.com

mgyoe.com



အပင်ပန်းခံပြီး ရောင်းဝယ်မှုမလုပ်။ ကုန်သွယ်ခွင့်လိုင်စင် ကျလာလျှင် အမြတ်ယူကာ ရောင်းစားခြင်းဖြင့် ရပ်တည်နေကြ၏။ ထိုသူများသည် အရေးကြုံလျှင် ရန်ပုံငွေ စို့စို့ပို့ပို့ ထည့်သူများဖြစ်၍ အရေးမယူနိုင်။

ထိုအကြောင်းများသည် ဝတ္ထုထဲ၌ အရေးတကြီး မပါဝင်သော်ငြား၊ ထိုအခြေအနေတွင် ဖြစ်ပွားသောဇာတ်လမ်းဖြစ်သည်။ ရန်ကုန်မြို့တွင် ခရီးသည်ပို့ဆောင်သော မော်တော်ယာဉ်များကို ယခုအခါ ဂဏန်း ဖြင့် ၂၅၀၊ ၃၀၀ စသည်ဖြင့် အမှတ်အသားပြုကြ၏။ မြစ်တို့၏ သဘော ဝတ္ထုပါအကြောင်းအရာများ ဖြစ်ပွားချိန်တွင် ဘတ်စ်ကားများကို 'အရုပ်' ဖြင့် အမှတ်အသားပြုကြ၏။

ထိုအရုပ်များသည် ၁၉၅၈–၁၉၅၉ တွင် ပေါ်ပေါက်လာသော အိမ်စောင့်အစိုးရလက်ထက်တွင် ပျောက်ကွယ်သွားကြ၏။ သည့်အလျင်က ကြည့်မြင်တိုင်–ပုဇွန်တောင်ကို မီးရထားတံဆိပ်၊ ပုဇွန်တံဆိပ် ဘတ်စ်ကားများပြေးဆွဲကြသည်။ သိမ်ကြီးဈေးနှင့် မရမ်းကုန်းကို ဆင်ဖြူတံဆိပ်ကားများပြေးဆွဲ၍ သိမ်ကြီးဈေး– ကံဘဲ့ကို ဆင်မည်းတံဆိပ် ကားများပြေးဆွဲသည်။ တာမွေနှင့် သိမ်ကြီးဈေးကို မြင်းဖြူ၊ မြင်းနီနှင့် မြင်းကျားတံဆိပ် ဘတ်စ်ကားများ ပြေးဆွဲသည်။ သို့သော် အိမ်စောင့်အစိုးရသည် အရုပ်များနေရာတွင် ဂဏန်းကို အစားထိုးသည်။

ဥက္ကလာမြို့သစ် နှစ်မြို့နှင့် သာကေတမြို့တို့ ပေါ်ပေါက်လာသောအခါ ဘတ်စ်ကားများလည်း များပြားလာသည်။ မြစ်တို့၏သဘောဝတ္ထုသည် ၁၉၅၈ ခုနှစ်မတိုင်မီ

mgyoe.com

mgyoe.com



၁၉၅၀ ပြည့်နှစ်ဝန်းကျင်က ဖြစ်ပွားခဲ့သည်။ သို့ဖြစ်၍ ဝတ္ထု စာအုပ်အဖြစ် ထွက်ပေါ်လာချိန်သည် ၁၈ နှစ် နောက်ကျနေခဲ့ပြီ။

ဤအကြောင်းအရာများကို ရှင်းလင်းပြနေခြင်းမှာ လက်ရှိအချိန်နှင့် များစွာကွာခြားနေသောကြောင့် ဖြစ်ပါသည်။ လက်ရှိအချိန်တွင် အစိုးရ၏ အောင်ဘာလေ ထီလက်မှတ်တစ်စောင်၏ တရားဝင်ရောင်းဈေးမှာ ၂၂၀၀ ကျပ်ဖြစ်သည်။ မြစ်တို့၏သဘောဝတ္ထုပါ အကြောင်းအရာများ ဖြစ်ပွားနေချိန်တွင် ထီလက်မှတ်တစ်စောင်၏ တရားဝင်ရောင်းဈေးမှာ ၂ ကျပ်ဖြစ်သည်။ ရုံးစာရေးတစ်ယောက်၏လုပ်ခလစာမှာ ၁၂၆ ကျပ် ဖြစ်သည်။

ဤသည်တို့ကို ဖော်ပြနေခြင်းမှာ အချိန်ကာလကို သိရှိနားလည် စေရန် ဖြစ်သည်။ ဝတ္ထုသည် လက်ရှိအချိန်ထက် များစွာ ရင့်ရော်ခဲ့ပြီဟု ခံစားနားလည်ထားမှသာ ဖတ်ရှု၍ အဆင်ပြေမည်။

မြစ်တို့၏သဘော ထုတ်ဝေရက်မှာ ၁၉၆၆ ခုနှစ်ဖြစ်သဖြင့် ထိုအချိန်က မြန်မာနိုင်ငံတွင် တော်လှန်ရေးသက်တမ်း ၄ နှစ်ရှိနေပြီ။ သို့ဖြစ်၍ 'အလုပ်ဟူသမျှ ဂုဏ်ရှိစွ' ဟူသော ဆောင်ပုဒ် လွှမ်းမိုးနေသည်။ ထိုလွှမ်းမိုးမှုကို ဝတ္ထုတွင် တွေ့မြင်နိုင်စေကာမူ ဆန္ဒစောခြင်းဟု မှတ်ယူလိုက မှတ်ယူနိုင်ပါသည်။ အခြားနည်းဖြင့် ကောက်ချက်ဆွဲပါမူ အခြားနည်းဖြင့် မြင်နိုင်ပါလိမ့်မည်။

ဆင်ဖြူကျွန်းအောင်သိန်း

✦

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

၁

"အို သားမျက်နှာ မကောင်းပါလား"

ခါတိုင်းလို အိမ်ရှေ့မှ အော်ကြီးဟစ်ကျယ် အသံမပေးဘဲ တိတ်ဆိတ်စွာ ပြန်ရောက်လာသော ကျော်ကျော့်ကိုကြည့်ကာ မခင်ရီ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည့်အတွက် လုပ်လက်စအလုပ်ကို အသာချထားပြီး တိုးတိုးတိတ်တိတ် လှမ်းကြည့်ရင်း ခပ်လှမ်းလှမ်းမှ မသိမသာ လိုက်လာသည်။

ကျော်ကျော့်မျက်နှာမှာ ပန်းသီးတစ်လုံးလို နီရဲနေ၏။

သူက လွယ်အိတ်ကို ပစ်ချကာ ခုတင်ပေါ်သို့ ဆောင့်ထိုင်ချသည်။ ပြတင်းပေါက်ဘက်သို့ စူစူကလေး ငေးကြည့်နေ၏။ အလင်းရောင်ကို ဘေးတိုက်ထိုင်နေသဖြင့် ချစ်စရာနှုတ်ခမ်းကလေးမှာ စူတူတူကလေး ဖြစ်နေ၏။

မခင်ရီသည် အသံမပေးဘဲ တံခါးဝတွင် ခပ်ကွယ်ကွယ် ရပ်နေသည်။

ကျော်ကျော်သည် ငေးနေ၏။ သူ့ပါးပြင်တစ်လျှောက် မျက်ရည်လုံးကလေးများ လျှောဆင်းလာသည်။ လူကမူ ငြိမ်သက်နေ၏။

ကျော်ကျော်ကို ချောင်ကွယ်မှကြည့်ကာ စိုးထိတ်နေရသူ မခင်ရီမှာ

mgyoe.com

mgyoe.com


ငိုချင်လာသည်။ ဆရာက ရိုက်လိုက်လို့လား၊ ဘတ်စ်ကားပေါ်မှာ ခိုက်ရန်ဖြစ်ပွားလို့လား၊ ထိခိုက်နာကျင်လာလို့လား၊ ရန်ဖြစ်လာသလားဟု မိမိဘာသာ တိုးတိုးတိတ်တိတ် ကျိတ်၍မေးရင်း ရင်တုန်နေသည်။

ကျော်ကျော်သည် မခင်ရီ ကိုသန်းနိုင်တို့၏ သားထွေးဖြစ်၏။ အသားဖြူဖြူကျစ်ကျစ်နှင့် ချစ်စရာကောင်းသည်။ ၁၃ နှစ်အရွယ်မို့ မြူးတူးလန်းဆန်းသည်။ မခင်ရီတို့လင်မယား၏ မျက်ရွဲဖြစ်၏။ အသက်ဖြစ်၏။

သို့မို့ကြောင့် သား ကျောင်းကပြန်လာတာ မြင်ကာမျှဖြင့် ထလာသည်။ လုပ်လက်စအလုပ်ကို ချထားခဲ့၏။ သားကတော့ အသံမပေး နှုတ်မဆက်ဘဲ ငေးမောငိုကြွေးနေသည်။ ဘာဖြစ်လာသလဲ။

ကျော်ကျော်သည် သာသနာ့ပြု ကျောင်းတစ်ကျောင်းတွင် ခြောက်တန်း၌ စာသင်သည်။ အိမ်နှင့် နှစ်ဖာလုံမျှသာ ဝေးသဖြင့် ခြေကျင်ပြန်သည့်အခါ ပြန်၏။ ဘတ်စ်ကားကြုံလျှင်လည်း ဘတ်စ်ကားဖြင့် ပြန်တတ်သည်။ အသွားတွင်မူ များသောအားဖြင့် အဖေ့ကားဖြင့်။

မခင်ရီအတွက် စိုးရိမ်စရာအချက်တစ်ခု တိုးလာပြန်၏။ လမ်းသရဲတွေနဲ့များ တွေ့လာသလား။

ပူပန်တတ်သူအတွက် ပူပန်စရာတွေသာ ထွက်ထွက်လာ၏။

မခင်ရီသည် သက်ပြင်းတစ်ချက် ချမိသည်။ သားကိုကြည့်ကာ နွမ်းနယ်လာ၏။ အခန်းနံရံကို မှီတွယ်ထားရသည်။

ကျော်ကျော်သည် ထရပ်၏။ ခပ်တောင့်တောင့် ထရပ်ခြင်းဖြစ်သည်။ နောက်တွင် မျက်နှာကို ခပ်ကြမ်းကြမ်း ပွတ်ပစ်ကာ အခန်းပြင်သို့ ထွက်လာ၏။ ယခုတော့ သူ့မျက်နှာက တင်းမာနေသည်။

သူသည် မိခင်ကို မမြင်။ ဧည့်ခန်းဘက်သို့ မြန်မြန်လျှောက်သွားသည်။ မီးဖိုထဲသို့ ဆက်လျှောက်သွားပြန်၏။

mgyoe.com

mgyoe.com


မခင်ရီမှာ သက်မ မောမောချလိုက်ပြီး သားနောက်သို့ လိုက်လာသည်။

ကျော်ကျော် ထမင်းစားခန်းထဲမှ ပြန်ထွက်လာသဖြင့် ဧည့်ခန်းထဲတွင် မိခင်နှင့် မျက်နှာချင်းဆိုင်မိကြ၏။

"သား"

"ဒယ်ဒီ ဘယ်အချိန် ပြန်လာမယ်ပြောလဲ မာမီ"

ခုနက တိတ်ဆိတ်စွာ ငိုကြွေးခဲ့ပြီး ယခုတော့ သူ့အသံက မာလှသည်။

"မပြောဘူးသား၊ ကိစ္စထူး မရှိဘူးထင်ပါတယ်ကွယ်"

"ဖုန်းမလာဘူးလား မာမီ"

"မလာဘူး သား၊ ကိစ္စထူးမရှိလို့ ဖုန်းမလာတာပေါ့ သားရယ်"

မခင်ရီသည် ကျော်ကျော်နားသို့ ရွေ့ကာ မခြောက်သေးသော မျက်ရည်ကြွင်းကို သုတ်ပေးရာက မေး၏။

"သား နေမကောင်းဘူးလား"

"ကောင်းပါတယ် မာမီ"

ယခု သူ့အသံက ပျော့လာပြန်ပြီ။ မော့ကြည့်နေသော မျက်လုံးထဲတွင် မျက်ရည်စို့လာပြန်ပြီ။

"ဒါဖြင့် ဘာဖြစ်တာလဲ သားရယ်၊ မျက်နှာလည်း မကောင်းပါလားကွယ်၊ အဝတ်လည်း မလဲရသေးဘူး၊ ဘတ်စ်ကားနဲ့ ပြန်ခဲ့လို့ စကားများလာတာလား"

"မဟုတ်ပါဘူး မာမီ"

"သားကြိုက်တဲ့ ငါးဖယ်ကြော်ထားတယ် သားရဲ့၊ အဝတ်အစားလဲ ရေချိုးပြီး ထမင်းစားနှင့်လေ၊ သား မနက်က ထမင်းစားတာ နည်းတယ် မဟုတ်လား၊ ဆာလှရောပေါ့"

mgyoe.com

mgyoe.com


ကျော်ကျော်သည် မခင်ရီအားသာ မော့ကြည့်နေ၏။ မခင်ရီပြော တာတွေကို သူ စိတ်မဝင်စားသော သဘော။

"သား အဝတ်လဲချေလေ"

ကျော်ကျော်မှာ မကြားသလို နေ၏။ မိခင်အားသာ မော့ကြည့် နေပြီး "မာမိ" ဟု အသံအက်ကလေးဖြင့် ခေါ်သည်။

"သား၊ ဘာလဲ သားရယ်"

ကျော်ကျော်၏ နှုတ်ခမ်းကလေးတွေ လှုပ်ရှုနေ၏။ မျက်လုံးထဲ တွင် မျက်ရည်တွေ ပြည့်လာ၏။ ဘာပြောမည်မသိ။ စကားလုံးများ ထွက်မလာ။ မခင်ရီအား မော့၍သာ ကြည့်နေ၏။

သား၏ ရင်ထဲတွင် ဘာတွေခံစားနေရသည်ဆိုတာ မခင်ရီ မသိ ပါ။ မထွက်ဝံ့ဝံ့ ထွက်ဝံ့ဝံ့ဖြစ်နေသော သား နှုတ်ခမ်းကို ကြည့်ရတာ တရွရွတလည်လည် မျက်ရည်ပြည့်အိုင်လာသော မျက်လုံးကို ကြည့်ရ တာနှင့်ပင် ရင်ထဲဆို့လာရသည်။

"သားရယ် သား ဘာပြောချင်လို့လဲကွယ်"

"မာမိ"

"သား"

"သားရဲ့ ဒယ်ဒီဟာ ကြာကူလီကြီးဆို"

"ဟင်"

ဒါကို သား သိသွားပြီ၊ သား သိသွားပြီ။

မခင်ရီ၏ အတွင်းစိတ်ဝယ် နာကျင်စွာ အော်ဟစ်သံများ ဆူညံ သွား၏။

မခင်ရီမှာ သားကို မျက်လုံးပြူး၍ ကြည့်နေမိစဉ် သားက မေး၏။

"ဒယ်ဒီဟာ ကြာကူလီကြီးဆိုတာ ဟုတ်သလား မာမိ၊ ဟင် ဟင် ပြောပါ မာမိ"

mgyoe.com

mgyoe.com


ကျော်ကျော်က မခင်ရီ၏လက်ကို ကိုင်လှုပ်သည်။

"ဟင် မာမီ၊ ဟင်"

မခင်ရီ မဖြေနိုင်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဒါကို မခင်ရီ မဖြေနိုင်။ အထူးသဖြင့် ဖအေကို ချစ်သောသားအား ဖအေ၏ ဂုဏ်ကို ညစ်နွမ်းစေမည့်အဖြေကို မခင်ရီ မပေးနိုင်။

ယခု အဖြေတောင်းနေပေပြီ။

သည်ကိစ္စနှင့် ပတ်သက်လျှင် ကျော်ကျော့်ရှေ့တွင် မပြောမိရန် သတိထားခဲ့ကြသည်။ သို့သော် သူ သိသွားလေပြီ။

"ဟုတ်သလား မာမီ၊ မဟုတ်ဘူးနော် မဟုတ်ဘူး"

ကျော်ကျော့်ပါးပေါ်သို့ မျက်ရည်ပေါက်တွေ လိမ့်ဆင်းလာပြန်၏။ ကျော်ကျော်၏ ညင်သာသော ရှိုက်သံသည် နားမခံသာဖွယ်ဖြစ်၏။

"သား သိပါရစေ မာမီရယ်"

"သားကို ဘယ်သူက ပြောလို့လဲကွယ်"

မခင်ရီက သားငယ်ကို ရင်တွင်ပွေ့လိုက်ကာ ခေါင်းကို ယုယ ပွတ်သပ်ရင်း ကြွေ့ရှောင်ကာ ပြန်မေးသည်။

"စတက်တို့ ဂျော့ဖိုးတို့ ဟင်နရီတို့၊ အို တစ်ကျောင်းလုံးက ပြောကြတယ် မာမီ။ ဒါပေမဲ့ သား မယုံဘူးမာမီ၊ သားရဲ့ဒယ်ဒီဟာ ဒီလိုလူမဟုတ်ဘူးလို့ ပြန်ပြောတာကို သူတို့က ဟုတ်တယ်ဆိုပြီး ဇွတ်ပြောတော့ သား ဆွဲထိုးလိုက်တယ်"

"အို သားရယ်၊ ဘာပြုလို့ ဒီလိုလုပ်ရတာလဲကွယ်၊ ဘယ်သူ ဘာပြောပြော မဟုတ်ရင် ပြီးတာပဲ မဟုတ်လားရှို့"

"သားက မဟုတ်ပါဘူး ပြောရဲ့သားနဲ့ သူတို့က ဟုတ်တယ် ဇွတ်တိုးပြောတာကိုး မာမီရဲ့"

"ဘယ်သူလဲ သားရယ်၊ တော်တော်များ နာသွားသလား"

mgyoe.com

mgyoe.com


ကျော်ကျော်သည် မိခင်အား မျက်ရည်ကြားမှ မော့ကြည့်နေ၏။

"မာသာကြီးက ဘာပြောလဲ"

မခင်ရီက စိုးရိမ်သံကလေး နှော၍ မေးပြန်သည်။

"ဟင်နရီပါ မာမီ၊ သူ သူ နှုတ်ခမ်းကွဲ ကွဲသွားတယ်၊ သူ သူ သွားတိုင်လို့ သား သား အရိုက်ခံ ခံ"

ကျော်ကျော်မှာ အမေ့ရင်ခွင်ကို မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုလေ၏။

မခင်ရီမှာ သားငယ်၏ ကျောကို ပွတ်ပေးလျက် ငေးမောနေမိသည်။ ဟိုဝေးသောနေရာသို့ထိအောင် ငေးမောနေ၏။

စိတ်အာရုံဝယ် အကြောင်းအရာတွေ၊ သတင်းပလင်းတွေ ရှုပ်ထွေးနေသည်။ ပွေလိန်နေသည်။ တစ်ခုနှင့်တစ်ခု ချိတ်တွဲ၏။ တစ်ခုက တစ်ခုကို ရှက်ရှယ်၏။ တစ်ခုတည်း သီးခြားလွင့်မျောနေ၏။ ဟိုဘက်အိမ်က ဝန်ထောက်ကတော်၏ ရယ်မောသံများ၊ ဟိုဘက်တိုက်က သူဌေးကတော်၏ တီးတိုးသံများ၊ တစ်ဖက်အိမ်မှ မဲ့ရွဲ့သော မျက်နှာများ၊ ဟိုမှသည်မှ နှာခေါင်းရှုံ့သံများ။

မခင်ရီသည် တစ်ခုစီ ဆွဲထုတ်သည်။ တစ်သန့်စီ ရှင်းပစ်သည်။ အဆုံးတော့ ခင်ပွန်းသည် ကိုသန်းနိုင် မိန်းမကိစ္စနှင့် မရှင်းမရှင်းဖြစ်သည်ဆိုတာ အဖြေထွက်၏။

သို့ကြောင့် သက်မချမိသည်။

ကျော်ကျော်သည် ဘယ်လောက်ကြာကြာများ မေးနေခဲ့သည်မသိ။ မခင်ရီ၏ နား၌ ကြားလာရသောအချိန်ဝယ် ကျော်ကျော်သည် မေမေ့ရင်ခွင်၌ မရှိတော့။

ကျော်ကျော်က မခင်ရီနှင့် မျက်နှာချင်းဆိုင်တွင် ရပ်နေ၏။ သူ့ပါးဝယ် မျက်ရည်အလျဉ်က မပြတ်သေး၊ ရှိုက်သေးဆဲ။

mgyoe.com

mgyoe.com


"ဟုတ်တယ်မဟုတ်လား မာမီ၊ ဟုတ်လို့သာ မာမီ မဖြေတာပေါ့"

မခင်ရီမှာ လှုပ်ရှားသွားသည်။

"အို အို၊ ဒီလိုမပြောနဲ့ သားရယ်"

"ပြောမယ် မာမီ ပြောမယ်၊ မာမီ့ပါးစပ်က ဟုတ်ပါတယ် ဝန်မခံပေမယ့် မာမီ့အမူအရာက ဟုတ်တယ်လို့ ဝန်ခံနေတာ သားသိပါတယ် မာမီရယ်"

"မဟုတ်ဘူး၊ မဟုတ်ဘူး"

ကျော်ကျော်၏ အရှိက်သည် တန့်သွားချေ၏။

ကျော်ကျော်သည် မခင်ရီအား ပြုံးကြည့်နေ၏။

"မဟုတ်ဘူး၊ သူတို့တစ်တွေဟာ သားကို မနာလိုလို့ ပြောကြတာ။ သားရဲ့ဒယ်ဒီဟာ လူကြီးလူကောင်းတစ်ယောက်ပါကွယ်၊ သူ့အလုပ် သူ့ဂုဏ်ကို ထိခိုက်စေမယ့် ဒါမျိုးကို ဘယ်တော့မှ မလုပ်ဘူး"

"တကယ်နော် မာမီ"

ညှိုးနေသော ကျော်ကျော့်မျက်နှာ လုံးလုံးကလေးမှာ ပြုံးရွှင်လာ၏။ မိခင်အားဖက်၍ နဖူးကို မွှေး၏။ ထပ်ခါထပ်ခါ မွှေး၏။ မခင်ရီမှာ သားကို အလိုက်သင့် ပြန်ဖက်ရင်း ပြုံးရွှင်လာသည်။

"မာမီ လိမ်တာ မဟုတ်ဘူးနော်"

"သားကို မာမီ ဘယ်တုန်းက လိမ်ခဲ့ဖူးလို့လဲကွယ်"

"ဒယ်ဒီဟာ သူတို့ပြောသလို မဟုတ်ဘူးနော်"

"မဟုတ်ပါဘူးကွယ်"

"ဒါဖြင့် ဟင်နရီကို ဆွဲထိုးတာ သား မှန်တယ်နော် မာမီ"

"ကဲ ကဲ အဝတ်လဲချေဦးလေ သား မမ ပြန်လာရင် ဆူနေဦးမယ်"

မခင်ရီသည် စကားလွှဲပြောလိုက်ကာ ထရပ်သည်။

"သား မုန့်စားချင်တယ် မာမီ၊ ထမင်းတော့ ဒယ်ဒီနဲ့မှ စားမယ်"

mgyoe.com

mgyoe.com


"မကြည်ညွန့်ကို မာမီ အပြင်ခိုင်းထားလိုက်မယ်လေ၊ သားအဝတ်လဲချေဦး ဟုတ်လား"

"ရက်စ် မာမီ၊ ရက်စ် ရက်စ်"

ကျော်ကျော်သည် ခုန်ပေါက်ပြေးထွက်သွား၏။

သူသည် အင်မတန် ဝမ်းသာသွားသည်။ ကျေနပ်သွား၏။ အခန်းထဲမှ သီချင်းသံသည်ပင် ချက်ချင်း လွင့်ပျံ့လာသည်။

မခင်ရီမှာမူ ပြုံးရမည်လား၊ မဲ့ရမည်လားမသိ။ ကျော်ကျော့်ကို လှမ်းကြည့်အပြီး သက်ပြင်းတစ်ချက် ခိုးရှိုက်၍ ထမင်းစားခန်းထဲသို့ ဝင်ခဲ့၏။

သည်လို ခိုး၍ခိုး၍ သက်ပြင်းရှိုက်ရသည်မှာ မခင်ရီအတွက် လုပ်ရိုးလုပ်စဉ် တာဝန်ဖြစ်နေခဲ့သည်မှာ ကြာပြီ။ ကိုသန်းနိုင်နှင့် လက်ထပ်ပြီး သုံးနှစ်အကြာမှ စတင်သည် ဆိုနိုင်၏။

ကိုသန်းနိုင်နှင့် မခင်ရီတို့သည် ငယ်ငယ်ရွယ်ရွယ်နှင့် လက်ထပ်ခဲ့ကြသည်။

မဂ်လာဒုံသူ မခင်ရီက စော်ဘွားကြီးကုန်းတွင် ခြံထွက်အသီးအရွက်များ ထွက်ရောင်းစဉ် လမ်းမှန်သမျှသို့ရောက်သော ကိုသန်းနိုင်နှင့် မေတ္တာလှယ်ကြသည်။ ခိုးပြေးတာတွေ၊ ရုံးတက်လက်မှတ်ထိုးတာတွေ ပေါ်ပင်မဖြစ်သေးသော ထိုခေတ်တွင် ကိုသန်းနိုင်နှင့် မခင်ရီတို့ ထွက်ပြေးကာ ရုံးတွင် လက်မှတ်ထိုးခဲ့ကြ၏။

ကိုသန်းနိုင်မှာ ထိုအချိန်က အရှေ့တိုင်းကော်မရှင် အေးဂျင့်၌ သာမန်စာရေးကလေးမျှသာ ဖြစ်သည်။

မခင်ရီ၏မိဘများသည် ကုန်သည်ပွဲစားထက် လခစားကို အထင်ကြီး၏။

ကုန်းဆောင်ခေတ်နောက်ပိုင်းမှ စတင်စွဲကပ်လာသော မင်းမှုထမ်း

mgyoe.com

mgyoe.com


ကိုမှ အထင်ကြီးစိတ်သည် ကျွန်ခေတ်၌ ထိပ်တက်နေခဲ့ရာ ကိုသန်းနိုင်အတွက် မခင်ရီ၏ မိဘနှင့် မသင့်မြတ်စရာ မရှိခဲ့ချေ။

မခင်ရီ၏မိဘအိမ်တွင် နေထိုင်ရသဖြင့် သည်အချိန်လောက် ပျော်စရာကောင်းသောအချိန် မခင်ရီအတွက် မရှိခဲ့ပေ။

စစ်ဖြစ်ခါနီးတွင် ကိုသန်းနိုင် ရာထူးတက်သည်။ ကော်မရှင်စားကိုယ်စားလှယ်ရာထူးသို့ ဖြစ်၏။

မခင်ရီသည် မရှေးမနှောင်းပင် ကျိုတ်၍ သက်ပြင်းရှိုက်တတ်သော ပညာကို ရလာသည်ဆိုက မမှား။

ကိုသန်းနိုင်သည် ကုမ္ပဏီတကာ၊ ရုံးတကာ၊ အလုပ်ဌာနတကာသို့ မော်တော်ဆိုင်ကယ်တစ်စီးဖြင့် လျှောက်သွားသည်။ ကိစ္စမှာ ရုံးတွင်း၌ ပြီးစီးခဲ့လျှင် အကြောင်းမဟုတ်၊ ကိုသန်းနိုင်မှာ သက်ဆိုင်ရာ အလုပ်ရှင်များ၊ မန်နေဂျာများ၏ အိမ်သို့ပါ မနက်မရှောင် ညမရှောင် ဝင်ထွက်ရပြန်ရာ မိန်းမများနှင့် ဆုံရသည်။

ဥရောပတိုက်သူတို့၏ ဖိုမဆက်ဆံရေးစည်းကမ်းက ခပ်လျော့လျော့။ ကိုသန်းနိုင်က ခပ်ချောချောနှင့် မခင်ရီ သက်ပြင်းရှိုက်ရလေ၏။

ဥရောပသူတို့၏ ယဉ်ကျေးမှုကို ကိုးကွယ်သော မြန်မာမတို့၏ ဖိုမဆက်ဆံရေးမှာကား ပို၍ လျော့ရဲပြန်ရာ မိန်းမကချုချင်စရာ ရုပ်ရှိသူကိုမှ လင်လုပ်မိသူ မခင်ရီ ရင်မောရသည်မှာ မဆန်း။

စစ်အတွင်း၌ သူတို့အားလုံး ဝါးခယ်မဘက်သို့ ပြေးဝင်ခိုလှုံကြသည်။

အစစအရာရာ ရှားပါး၏။ သို့သော် မခင်ရီ စိတ်ချမ်းသာ၏။ ရှားပါးကျပ်တည်းသော ခေတ်ထဲ၌ သားဦးကလေးကို မွေးဖွားရစေကာမူ မခင်ရီ သက်မ မချခဲ့ရပေ။

သားဦးကလေး ဆုံးပါးပြီးနောက်၊ ဂျပန်အပြေး၊ ကက်စဘီ

mgyoe.com

mgyoe.com


လက်ထက်တွင် သမီးကြီး 'ပန်း' ကို မွေးဖွားခဲ့ပြန်သည်။ ထို့နောက်တွင်ကား ခေတ်ပြန်ကောင်းလာကာ မခင်ရီလည်း သက်မချသောလုပ်ငန်းကို ပြန်လည်လုပ်ကိုင်ရပြန်လေတော့၏။

သက်ပြင်းရှိုက်မယ့်သာ ရှိုက်ရသည်။ ကိုသန်းနိုင်မှာ တစ်ကြိမ်မျှ လင့်ဝတ်လင့်တရား ယိုယွင်းသည် မရှိခဲ့။ အကြင်နာမှာ မလျော့ခဲ့။

သို့ဖြင့်လျှင် ကုက္ကိုင်းဘက်၌ မြေလေးတစ်ကွက် ဝယ်နိုင်ကာ တိုက်ကလေးတစ်လုံးဆောက်၍ မိဘများနှင့် အိမ်ခွဲခဲ့သည်။ ကျော်ကျော်ကို ပြည်တွင်းစစ်ကာလ ခဝဲခြံတိုက်ပွဲမှ အမြောက်သံကို နာခံ၍ မွေးစဉ်တွင် ကိုသန်းနိုင်၏ ယုယဂရုစိုက်ပုံမှာ သားဦးမွေးတုန်းကထက် မလျော့။

သို့သော် မခင်ရီမှာ ကျိတ်၍ သက်မချနေခဲ့ရ၏။ သမီးကြီး ပန်း အပျိုကြီးဖားဖား ဖြစ်ခဲ့ပြီ။ သားထွေး ကျော်ကျော် ခြောက်တန်းရောက်ပြီ။ ကိုသန်းနိုင် ၄၀ ကျော်၊ မခင်ရီ ၄၀ တွင်း။ သို့သော် မခင်ရီမှာ သက်မကားချနေရဆဲ။

ကိုသန်းနိုင်ဘက်မှ ကြည့်ပါမူ မခင်ရီ၏အဖြစ်သည် မကောင်း။ ကိုသန်းနိုင်၏ သစ္စာသမာဓိကို မလေးစားရာ ရောက်၏။

အချို့မိန်းမများသည် လင်ကို ချစ်ရန်ကလွဲ၍ တခြားဘာမျှ နားမလည်။ သူတို့ လူဖြစ်လာခြင်းကိုက လင်အား ချစ်ရန်လို ဖြစ်နေသည်။

ထိုမိန်းမစားထဲတွင် မခင်ရီပါဝင်၏။ မခင်ရီသည် ကိုသန်းနိုင်အား ချစ်၏။ မြတ်နိုးကြင်နာ၏။ မြတ်နိုးလျှင် အဖိုးတန်သည်။ အဖိုးတန်မှ စုံမက်တတ်ကြသည်ပဲ မဟုတ်လား။

ကိုသန်းနိုင်၏အနေအထားမှာ ဂုဏ်သရေရှိ မိန်းမများနှင့် ဆက်ဆံရ၏။ ထိုမိန်းမများမှာ မြန်မာမှု ဖောက်ပြန်နေသော မြန်မာမများ။ သည်အတွက် စိုးရိမ်ရာက ကြောင့်ကြရာက တွန့်တိုရသည်။

mgyoe.com

mgyoe.com


တွန့်တိုစိတ်ကို တကယ်တမ်း မခင်ရီ မထုတ်ဖော်ရဲ။ သည်တော့ သူ့အလုပ်က သက်ပြင်းရှိုက်ရန်သာ။ ကလေးတွေ ကြီးပြင်းသည်အထိ ကြောင့်ကြဆဲ သက်ပြင်းရှိုက်ရဆဲတွင် လောင်သောမီးကို ပွားစည်းစေသော ပတ်ဝန်းကျင်ကို ဖော်ပြရပေဦးမည်။

ကိုသန်းနိုင် မခင်ရီတို့၏အိမ်သည် ကုက္ကိုင်းလမ်းမကြီး (ယခု ကမ္ဘာအေးစေတီလမ်း) မှ အတွင်းသို့ဝင်ရသော မြေနီလမ်းကလေးတွင် တည်ရှိ၏။ လမ်းအမည်မှာ သဟာယမိတ္တလမ်း။

သဟာယမိတ္တလမ်းထဲတွင် ဝင်း ၁၅ ခုမျှ ရှိသည်။ လှပဆန်းကြယ်သော အိမ်များ၊ တိုက်များနှင့် ခမ်းနား၏။ အထက်တန်းစား သို့မဟုတ် အထက်တန်းဆန်သူများဖြစ်ကြ၍ အေးချမ်းတိတ်ဆိတ်သည်။

လမ်းကလေးသည် အရှေ့မှ အနောက်သို့ ဝင်လာကာ အဆုံးသတ်ခါနီးတွင် တောင်ဘက်သို့ ချိုးကွေ့သွားပြီး ဝန်ကြီးတစ်ပါး၏ အစ်ကို့အိမ်ကို ဦးတိုက် အဆုံးသတ်သွား၏။

ကိုသန်းနိုင် မခင်ရီတို့အိမ်သည် လမ်း၏ခရီးတစ်ဝက်တွင် ရှိသည်။ သူတို့အိမ်နှင့် မျက်နှာချင်းဆိုင်တွင် ငယ်သော်လည်း လှသော သစ်သားအိမ်ကလေးတစ်လုံး ရှိ၏။ အိမ်ကလေးသည် ရောင်စုံမြူးသော ပန်းပင်များကြား၌ နစ်မြုပ်နေလေ့ရှိသည်။ တစ်ခါတစ်ရံ အတွင်းဝန်တစ်ယောက် အဝင်အထွက် ရှိ၏။ အိမ်ရှင်မှာ နွဲ့နွဲ့စန်း ဟူ၏။ စကားပြောသံက သာယာသည်။ သူ့ကိုယ်သူ အတွင်းဝန်ကတော်ဟု ပြောပေမယ့် သူ့အိမ်ဘေးရှိ နှစ်ထပ်တိုက်ကြီးမှ ဝင်းဝင်းခိုင်ကုမ္ပဏီပိုင်ရှင် ဒေါ်ဝင်းဝင်းခိုင် အပြောအရဆိုပါက မယားငယ်သာ ဖြစ်၏။ မယားငယ်မှ စတုတ္ထမြောက် မယားငယ်။

နွဲ့နွဲ့စန်းအိမ်၏ အရှေ့ဘက်တွင် ငွေစာရင်းမင်းကြီးရုံးမှ အရာရှိကြီးတစ်ဦး နေ၏။ အရာရှိကတော်မှာ အသက်တော်တော် ငယ်သည်။

mgyoe.com

mgyoe.com


မခင်ရီထက်ပင် ငယ်ဦးမည်။ ကလေးငယ်ငယ်တွေလည်း ငါးယောက်တောင် ရှိ၏။ အရာရှိကား အသက် ၅၀ ခန့်ရှိမည် ထင်သည်။ သို့ပေမဲ့ မယားငယ်တွေထံချည်း သွားနေသဖြင့် တယ်ပြီး ရှင်ရှင်လန်းလန်း မရှိလှ။ သူ့အမည်မှာ မျိုးလှိုင်သွယ်ဖြစ်ကာ နွဲ့နွဲ့စန်းနှင့် ဖဲရိုက်ဖော်ပင်။ မျိုးလှိုင်သွယ်၏အကြောင်းကို မခင်ရီ သိပ်မသိ။ အတော်များများသိသူမှာ တစ်ခါတစ်ခါ သူတို့နှင့်ဝင်ပြီး ဖဲကစားတတ်သော ကြည်ကြည်ဦးကမှ စီကာစဉ်ကာ ဖွဲ့ကာနွဲ့ကာ ပြောတတ်သည်။

ကြည်ကြည်ဦးမှာ မခင်ရီတို့အိမ်နှင့် မျက်နှာချင်းဆိုင် တန်းတန်းရှိ တိုက်ပြားကလေးမှ ဖြစ်၏။ သူလည်း သည်လမ်းထဲတွင် နေထိုင်သူများထက် အောက်မကျလှပေ။ ကားနှင့်ဘာနှင့် အစေခံ တစ်လှေကြီးနှင့်။ သို့သော် သူ့ယောကျ်ားကို သိပ်မသိကြလှ။ ကြည်ကြည်ဦးကိုယ်တိုင်က ပြောတော့ အီးစီအေ စီမံကိန်းအရာရှိဟူ၍ ဖြစ်၏။ ဒေါ်ဝင်းဝင်းခိုင်နှင့် ဖြူဖြူကြိုင်သင်းတို့ကတော့ ကြည်ကြည်ဦးမှာ ကုလားသူဌေးတစ်ယောက်၏ အပျော်မယားဟု ဆိုကြ၏။ မျက်မြင်အားဖြင့် ဧည့်သည်အဝင်အထွက် ထူထပ်သည်။

ကြည်ကြည်၏ တိုက်ပြားကလေးနှင့် ကပ်လျက် အရှေ့ဘက် ခြံဝင်းမှာ လမ်းကျယ်ကြီးဘက် လှည့်နေ၏။ ဝင်းမှာ များစွာ ကျယ်ဝန်းသည်။ ခြေတံရှည်တိုက်ကြီးနှင့် အိမ်သူအိမ်သား နှစ်ဆယ်ခန့် ရှိ၏။ အိမ်ရှင်မှာ ပါတီမှ အရေးပါသော လူကြီးတစ်ယောက်ဖြစ်ကာ အိမ်ရှင်မမှာ အသားမည်းမည်း အပြောအဆို ခပ်ရိုင်းရိုင်းနှင့် တောသူဖြစ်ဟန်တူ၏။ ဒေါ်ဝင်းဝင်းခိုင်ကတော့ အင်္ဂသူကြီးသမီး မအူပင်နယ်ဘက်ကဟု ပြော၏။ သူ့အမည် ဒေါ်ဆွေမြိုင်လဲ့ဖြစ်ပေမယ့် မမဆွေမြိုင်လဲ့ဟု ရှေ့က မမ အပိုထည့်မှ နှစ်သက်ပြုံးကြည်သည်။

မခင်ရီတို့အတန်းတွင် မခင်ရီတို့အိမ်နှင့် ကပ်လျက် အနောက်

mgyoe.com

mgyoe.com


ဘက်တိုက်မှာ ခပ်ရိုးရိုး နှစ်ထပ်တိုက်ဖြစ်၏။ အိမ်ရှင်များမှာ အထည်စက်နှင့် စွပ်ကျယ်စက်များ၊ ဆန်စက်များ ပိုင်ဆိုင်သည်။ သားသမီးနှင့် မြေးရုံသင်းပင်းလည်း အတော်များပြား၏။ သူတို့နှင့်စာသော် မခင်ရီတို့ အိမ်မှာ လူမရှိသလိုပင်။ ထိုတိုက်ပိုင်ရှင်မှာ ဒေါ်ငွေဖြစ်၍ လင့်နောက် လိုက်လိုက်ချောင်းသော အလုပ်နှင့် သားသမီး တပည့်လက်သားများကို အယုတ္တ အနုတ္တ အော်ဆဲသောအလုပ်ကို လုပ်သည်။ သူသည် ဒေါ်ဝင်းဝင်းခိုင်၏ အတင်းပြောချင်လျှင် ခြံဝင်းထဲဆင်း လမ်းလျှောက်ကာ မခင်ရီကို လှမ်းလှမ်းကြည့်၏။

လက်ယာဘက်မှ တိုက်ကလေးမှာ ကာစတန်မှ အရာရှိလင်မယား နေထိုင်သည်။ အရာရှိဇနီး ဖြူဖြူကြိုင်သင်းမှာ ခေတ်ပညာတတ် မယ်ဘွဲ့ ရသည့်အပြင် ရုံးတစ်ရုံးမှ အရာရှိလည်း ဖြစ်၏။ သူတို့တွင် သားသမီး မရှိ။ ရုံးတက်ချိန် အိမ်ပြန်ချိန်ရယ်လို့ သိပ်ပြီး သတ်သတ်မှတ်မှတ် ရှိပုံ မရ။ လမ်းထဲတွင် အဆက်အဆံလည်း သိပ်မရှိလှ။ သို့သော် နွဲ့နွဲ့စန်း ကတော့ သူတို့အကြောင်း တော်တော်သိပုံရပေမယ့် မခင်ရီ အကုန်မမှတ် မိပေ။

ထိုလင်မယားအိမ်၏ လက်ယာဘက်တွင် ခပ်ရိုးရိုးတိုက်ကလေး တစ်လုံးရှိသည်။ အဘိုးကြီးတစ်ယောက် အဘွားကြီးတစ်ယောက်နှင့် အခိုင်းအစေ နှစ်ယောက်သာ နေထိုင်ကြ၏။ သူတို့တွင် ကားမရှိ။ စစ်ဗိုလ်ကြီးတစ်ယောက်၏ မိဘဖြစ်သည်။ အဘွားကြီး၏အမည်မှာ ဒေါ်မမဖြစ်၏။ ဒေါ်မမသည် ပုတီးလက်က မချ။ ရတနာသုံးပါး ကြည်ညိုလှသည်။ ဒေါ်ငွေ၊ ဒေါ်ဝင်းဝင်းခိုင်တို့နှင့် ရင်းနှီး၏။

မခင်ရီတို့အတန်းမှ အစွန်ဆုံးဖြစ်၍ လမ်းကျယ်ကြီးဘက်သို့ လှည့်နေသော တိုက်မှာ တရုတ်အမျိုးသားများ နေထိုင်ကြ၏။ သည်လမ်း ကလေးအထဲတွင် သူတို့တိုက်သည် အကြီးကျယ်ဆုံး အခမ်းနားဆုံး

mgyoe.com

mgyoe.com


အထည်ဝါဆုံး ဖြစ်သည်။ တရုတ်ဆိုပေမယ့် ယဉ်ကျေးပုံရ၏။ လမ်းထဲရှိ အိမ်များသို့ မကြာခဏ ဂျစ်ကားကလေးဖြင့် လက်ဆောင်ပို့လေ့ရှိသည့် အတွက် တရုတ်မကြီး၏အမည်ကို လမ်းထဲက သိကြ၏။ မရှုန်။ သူ့သား ဘိန်ဂျစ်။

ကိုသန်းနိုင် မခင်ရီတို့မှာ ဤလမ်းထဲတွင် အခြားသူများနှင့် နှိုင်းသော် သိမ်ငယ်၏။ သူဌေးကြီးမဟုတ်။ ပါတီလူကြီးမဟုတ်။ အရာရှိ မဟုတ်သည့်အတွက် ဖြစ်သည်။

ဆိုခဲ့သော ဂုဏ်ပုဒ်တွေ မရှိဘဲနှင့် အလယ်အလတ် ကားကလေး တစ်စင်း ဝယ်စီးနေနိုင်ခြင်းမှာ မမဆွေမြိုင်လှဲ့၊ ဒေါ်ဝင်းဝင်းခိုင်နှင့် နွဲ့နွဲ့စန်းတို့အတွက် ပြောစရာလို ဖြစ်နေသည်ဟု ဒေါ်ငွေထံမှ မခင်ရီ သိရ၏။

ပြောစရာ နောက်တစ်ခု ရှိသေးသည်။ တစ်လလောက် ကြာသွား ခဲ့ပြီ ထင်သည်။

ထိုနေ့က မမဆွေမြိုင်လှဲ့တို့တိုက်မှာ သံဃာတော်များကို ဆွမ်းကပ် ၏။ ပရိတ်ရွတ်၏။ အခြား လူကြီးလူကောင်းများနှင့် သည်လမ်းထဲက အိမ်တွေကို ဖိတ်ကြားသည်။ ပါတီလူကြီးအိမ်မို့ ကိုသန်းနိုင်က ကိစ္စ တစ်ခုကို ရှေ့ဆိုင်းပြီး ဆွမ်းကျွေးသို့ မခင်ရီနှင့် ကလေးတွေပါခေါ်၍ တက်သည်။

ကိုသန်းနိုင်က ယောကျ်ားဝိုင်းတွင် ဝင်ရောနေသဖြင့် ဘာတစ်ခုမျှ မသိ။

မခင်ရီက ကျော်ကျော်နှင့်အတူ မျက်နှာစိမ်း သားအမိသုံးယောက် နှင့် တစ်စားပွဲထိုင်နေစဉ် ပန်းက ပါတီလူကြီး၏ သမီးနှင့် အခန်းဝတွင် စကားကောင်းနေစဉ် လိုက်ကာခြားနေသော ဟိုဘက်မှ အသံတွေကို မခင်ရီ ကြားခဲ့ရသည်။

mgyoe.com

mgyoe.com


ဦးစွာ နွဲ့နွဲ့စန်းအသံကို ကြားရ၏။

"ကျွန်မတို့ အတွင်းဝန်တောင် မေဖလားဝါး ကားတစ်စင်းကို အင်စတောမင့်နဲ့ ဝယ်နေရတဲ့အချိန်မှာ သူတို့က ဖောက်ဆောစီးနိုင်တာ စန်းဖြင့် မစဉ်းစားတတ်ဘူး"

"လူက ချောတယ်နော၊ စန်း သတိထား။ အခုတောင် ကျနေပြီလား မသိဘူး"

"အို မမဝင်းကလည်း ကြမ်းကြား လေကြား ဝန်မင်းကြားသွားလို့ ခက်နေပါဦးမယ်။ ချောတယ်ဆိုတာ စန်း မငြင်းပါဘူး"

နွဲ့နွဲ့စန်းက ပြန်ဖြေအပြီး ဒေါ်ဝင်းဝင်းခိုင်၏အသံကိုပင် မခင်ရီ ကြားရပြန်၏။

"ဒီလိုနေနိုင်အောင် သူ့ကိုကျနေတဲ့ မိန်းမတွေက ထောက်ပံ့ထား သလားမှ မသိတာ"

"ဒါ ဖြစ်နိုင်တယ်"

မမျိုးလှိုင်သွယ်က ထောက်ခံ၍ ကြည်ကြည်ဦး အသံကလေး ကလည်း လွင့်ပျံလာ၏။

"ဟို ဝန်ကြီးမယားနဲ့ ကိုသန်းနိုင်နဲ့ ဘာလိုလိုကြားလို့ ဝန်ကြီး လင်မယား တစ်လလောက် ကွဲနေတယ်ဆိုတာ မမတို့ မကြားရသေးဘူး ထင်တယ် ဟင်း ဟင်း"

"ဒီလိုများတောင်မှကိုး"

ဒေါ်ငွေ၏အသံသြကြီးက မိုးလာ၏။

"ဒါ မဆန်းပါဘူးရှင်။ ကျွန်မတို့ ရုံးကိုတောင် သူ ရောက်လာသေး တာပဲ။ ဒီက ခပ်တင်းတင်း ဆက်ဆံလိုက်လို့"

အမျိုးသမီးအရာရှိ ဖြူဖြူကြိုင်သင်းက သတင်းပေးလိုက်ခြင်း ဖြစ်ရာ

mgyoe.com

mgyoe.com


"အလို တယ်ပြီး ကြောက်စရာကောင်းတဲ့ လူပါကလား။ သူ့မယားက ဘယ်ကတောသူလဲ၊ နာမည်ကလည်း ရိုးလိုက်တာ။ ဒါကို ချောင်ထိုးထားပြီး ထင်ရာလုပ်နေတော့တာပဲလား၊ ဟုတ်လား မဝင်းဝင်းခိုင်"

ပုတီးလက်က မချသော သက်ကြီးရွယ်အို ဒေါ်မမက ထိတ်လန့်ဟန် ရေရွတ်လျှင် ဒေါ်ဝင်းဝင်းခိုင်က ဖြေ၏။

"ဟုတ်တယ် မမ။ အခု ဒီအိမ်ကို လာတာတောင် ဆွေမြိုင်လဲ့ကို ကပ်ချင်လို့ လာတာများလား မသိဘူး။ အကြံက မသေးဘူး"

"ဒါကြောင့်လည်း ဒီလို နေနိုင်တာပဲ"

မခင်ရီ ဖိုးဖိုးဇတ်ဇတ် ထရပ်မိသည်။ လိုက်ကာကို ဆွဲဖွင့်တော့မည်ဟု လက်ကို မြှောက်မိ၏။ ကိုသန်းနိုင် ထလာကာ "သွားကြရအောင် အရီ" ဟု ပြောသဖြင့် အကြံပျက်သွားသည်။

သူ့ယောကျ်ားနှင့် ပတ်သက်၍ ကြားခဲ့ရသောအတင်းမှာ မခင်ရီအတွက် အစိမ်းသက်သက် မဟုတ်။ ဒါကြောင့် မျက်နှာမပျက်အောင် နေနိုင်ခဲ့သည်။ 'ဩော်... ဒါလောက်တောင် ထင်နေကြမှကိုး'ဟု သိခဲ့ရသည်က အမြတ်။

ပထမတော့ မခင်ရီမှာ မခံချင်စိတ်ဖြင့် ကြိုးစားရယ်မောပစ်မိသည်။ သို့သော် ကြိုးစားချက် လျော့သွားလျှင် အရင်းခံစိတ် ပေါ်လာရ၏။ 'သူ့ကို ပြောနေကြပြီ။ ပြောနေကြပြီ'

သည်နှယ် သူတစ်ပါးပြောစကားကြောင့် မခင်ရီ တုန်လှုပ်ရပေမယ့် ကိုသန်းနိုင်ဘက်က ဘာမျှ မချွတ်ယွင်း၊ အမူမပျက်၊ ကြင်နာသည်၊ ချစ်ခင်သည်။

သူ့ဘက်တွင် ချွတ်ယွင်းမှု အထောက်အထား မရှိပါဘဲနှင့် သတိပေးရမည့် မခင်ရီမှာ ဘာကိုဘယ်လို ဘယ်ပုံပြောရမည်ဟု အကြိမ်ကြိမ်

mgyoe.com

mgyoe.com


ကြံစည်ကြိုးစားခဲ့သော်လည်း နည်းလမ်း ရှာဖွေမရသလို ရသလိုနှင့် ဇွတ်တိုးပြောမည် အားခဲပြန်လျှင် ပြောမထွက်၊ မပြောရက်နှင့် သက်မကိုပဲ ချခဲ့ရလေ၏။

သည်အကြောင်းက ကိုယ့်မျက်လုံးကို လက်ဝါးဖုံး၍ သူတစ်ပါးမျက်လုံး၌ မစင်ကြယ်ခြင်းကိုသာ မြိန်ရေရှက်ရေ ဇွတ်တိုးပြောနေသူတို့ထံတွင် တန့်ရပ်မနေ၊ မအပ်မစပ် ကလေးတောထဲရောက်လာရုံမက ကိုယ့်အဖေကို စင်ကြယ်ခြင်းမှာ အထွေထွေ၌ တည်ရှိသူဟု ထာဝရမြင်နေသော ဖအေချစ်သည့် ကလေးထံသို့ပါ ရောက်လာရပြန်လေပြီ။

မခင်ရီ မောနေတော့၏။

ကုလားထိုင်တွင် ထိုင်ကာ အသက်ကို ဝအောင် ရှူနေရသေးသည်။ မကြည်ညွှန့်ကို လှမ်းမြင်နေလျက် မခေါ်နိုင်သေး။ လက်ယက်ဖြင့်ခေါ်ပြီး ငေးမောနေ၏။

"ဘာလုပ်ပေးရမလဲ မခင်ရီ"

မကြည်ညွှန့်မေးပြီး တစ်မိနစ်ခန့်ရပ်နေပြီးမှ "သားဖို့ တစ်ခုခု လုပ်ပေးလိုက်ပါရှင်" ဟု ပြောနိုင်ပေသည်။

မခင်ရီသည် ဒေါ်ဝင်းဝင်းခိုင်က တစ်မျိုး၊ နွဲ့နွဲ့စန်းက တစ်သွယ်၊ မျိုးလှိုင်သွယ်၊ ကြည်ကြည်ဦးက တစ်အင်၊ ဆွေမြိုင်လှဲ့၊ ဒေါ်ငွေနှင့် ဖြူဖြူကြိုင်သင်း တစ်လှည့်၊ ဒေါ်ငွေတစ်တုန့် မြိန်ရှက်စွာ အတင်းပြောနေပုံများကိုသာ မြင်ယောင်နေ၏။

"သူ့ကိုယ်သူ အတွင်းဝန်မယားလို့သာ ဆိုနေတာ၊ မိန်းကလေးက လုလည်းလုတော့ ငွေကို ရေလိုသုံးနိုင်တဲ့ သူဌေးတွေကိုလည်း မြူစားနေရတယ် ထင်ပါတယ်။ သူက နံပါတ်သုံး မယားငယ်ကိုး" ဟူသော နွဲ့နွဲ့စန်း အတင်းပြောသော ဒေါ်ငွေ၏စကား။

"မိန်းမက ငါလည်း အရာရှိပဲဆိုတဲ့ မာနကလေးရှိနေတော့ သူ့

mgyoe.com



ယောကျ်ား မယားငယ်ယူသလို သူလည်း ယောကျ်ားတွေ လျှောက်ယူနေတာ။ အမယ်လေး ပြောရတာတောင် ရှက်တယ်" ဒေါ်ဝင်းဝင်းခိုင်ပြောသော ဖြူဖြူကြိုင်သင်းအတင်း။

"အမယ်လေး ဒေါ်မမကိုမျှား မခင်ရီက ပုတီးစွပ်ထားတာမြင်လို့၊ အသက်ကြီးနေတာမြင်လို့ အရမ်းသွား မကြည်ညိုနဲ့၊ ခိုင်းတဲ့ကောင်လေးတွေနဲ့ ဘယ်နေရာမှာ ဘာလုပ်နေတယ်ဆိုတာ ဒီက ကြည်ကြည်ဦးကိုမျှား မေးစမ်းပါဦး" ဟူသော အတင်း။

ဒါတွေ ဒါတွေ ဒါတွေ။

ဒါတွေကို ကြားယောင်သည်။ မြင်ယောင်သည်။

ကိုသန်းနိုင်အကြောင်းကိုလည်း သူတို့ပဲ ပြောသည်ဖြစ်မည်။ သူတစ်ပါးအတင်းကို ပြောရမှ စားဝင်အိပ်ပျော်သောသူတို့။

မခင်ရီ၏စိတ် တွေဝေနေတော့သည်။ ဒေါသဖြစ်၏။ မခံချင်စိတ်လည်း ထကြွလာ၏။ ကိုသန်းနိုင်၏ သိက္ခာ ထိခိုက်သဖြင့် ဝမ်းနည်း၏။ ဘယ်ဟာသည် ပဓာနဟုမသိ။

ကျော်ကျော် ကစားရန် ထွက်သွားပြီ။ မခင်ရီမှာ ထိုင်နေဆဲရှိသေး၏။

တံခါးဝတွင် လူတစ်ယောက် လာရပ်သဖြင့် မခင်ရီ အတွေးစပြတ်သွားသည်။ လာရပ်သူမှာ သမီး ပန်း။

"သမီး အလုပ်က ပြန်လာပြီ"

သည်လို မခင်ရီ သိ၏။ သို့သော် နှုတ်မှ ရုတ်တရက် မပြွက်မိမဆိုမိ။

သို့ရာတွင် ပန်းက နှုတ်ဆက်ပေလိမ့်မည်။ 'မေမေ ဘာလုပ်နေလဲ၊ ကျော်ကျော် မလာသေးလို့ မျှော်နေတာလား၊ ဘာချက်လဲ' စသည်ဖြင့်။

ယခု ပန်းက နှုတ်မဆက်။

mgyoe.com

mgyoe.com


မိခင် မခင်ရီကိုပင် မမြင်လေဟန်။ ပြီးတော့ သူ့မျက်နှာမှာ တင်းမာနေ၏။ တစ်ဦးတစ်ယောက်နှင့် ခွန်းကြီးခွန်းငယ် ပြောခဲ့ရဟန်။

ထို့ပြင် ပန်း၏သနပ်ခါး သွေးတက်နေသော မျက်နှာကလေးမှာ နီနေသည်။ ဝမ်းနည်းပန်းနည်း ငိုကြွေးခဲ့လေယောင်။

"ဟင် သမီး"

မခင်ရီက သတိပြုမိသည်ဆိုလျှင် စိုးရိမ်သံဖြင့်ဆိုကာ ထရပ်ဆဲ၊ ပန်းက လှည့်သော်မျှ မကြည့်။ သူ့အခန်းထဲ ဝင်သွား၏။

မခင်ရီ၏ ဒေါသစိတ် ဝမ်းနည်းစိတ်တို့ ငုပ်သွားရသည်။ သူက သမီးနောက်သို့ သွက်သွက်လက်လက် လိုက်လာ၏။

အခန်းဝရောက်ချိန်နှင့် ခုတင်ပေါ် ပန်း ဆောင့်ထိုင်ချချိန်တို့ ပြိုင်တူဖြစ်သည်။ ပန်းက တိုလီမိုလီထည့်သော ပလတ်စတစ်ခြင်း ကလေးကို စားပွဲပေါ်ပစ်ချ၏။

ပန်းသည် သက်မတစ်ချက် ချလိုက်ကာ ခုတင်ပေါ်မှ ဆင်းသည်။ အဝတ်ဗီရိုဖွင့်၍ သေတ္တာကိုထုတ်သည်။ အဝတ်တွေကိုထည့်သည်။

မခင်ရီ မျက်လုံးပြူးသွား၏။

မျက်လုံးပြူးသွားသော မျက်တောင်တစ်ခတ် အချိန်အတွင်း မိန်းကလေးတစ်ယောက် အိမ်မှ ထွက်သွားရသည့် အကြောင်းရင်းဖြစ်ပေါင်း မြောက်မြားစွာသည် မခင်ရီ၏ နှလုံးသားကို ဝင်ဆောင့်ကြသည်။ မခင်ရီ ရင်တုန်ပန်းတုန် ဖြစ်လာ၏။

"သမီး သမီး"

ပန်းဘေးသို့ မခင်ရီ ဘယ်ပုံရောက်သွားသည် မသိ။

"သမီး ဘာလုပ်မလို့လဲ၊ ဘယ်သွားမလို့လဲ၊ ဘာဖြစ်လို့လဲ၊ အို မေမေ့ကို ပြောပါကွယ်"

ပန်းသည် မေမေ့ကို မော့ကြည့်သည်။

mgyoe.com

mgyoe.com


"သမီးရဲ့ အခက်အခဲကို မေမေ့မှမပြောရင် သမီး ဘယ်သူ့ကို ပြောမလဲ ဟင်၊ သမီးရဲ့ အယုံကြည်ရဆုံး မိတ်ဆွေဟာ မေမေပါကလား သမီးရယ်"

ငိုချင်ရက် လက်တို့သည်လို ပန်း၏မျက်ဝန်းမို့မို့ဝယ် မျက်ရည်တွေ စုအိုင်လာသည်။ ပေါက်ပေါက် ပေါက်ပေါက်နှင့် စီးလိမ့်လာသည်။

"သမီး သမီး"

"မေမေ"

ပန်း တောင့်မနေနိုင်။ မေမေ့ရင်ခွင်ထဲ ပစ်ဝင်လိုက်၏။ မခင်ရီက တအား ကျုံးဖက်ထားလိုက်သည်။

"မေမေ အသည်းထိတ်တယ် သမီး၊ မေမေ့သမီး ဘာဖြစ်လဲကွယ်၊ ပြောပြော၊ မေမေ့ကို ပြောစမ်း၊ မေမေ့ကို ရှက်နေဖို့ မလိုဘူး"

ပျို့ရွယ်သော၊ ငယ်နုသော၊ လှပသော၊ ပျိုမျစ်သော သည်အရွယ်တို့၏ မျက်ရည်သည် အသည်းမှ စတင်စီးတတ်၏။ သူတို့ကလေးတွေ၏ အသည်းသည် ကျွမ်းလွယ် အက်လွယ်၏။ အက်ခင်း ကျွမ်းခင်းကလည်း များပြား၏။

အသက် ဘယ်လိုရှူရမိသည်မသိ။ မခင်ရီ တစ်ခဏကလေး သေသွားသည် ထင်၏။ သို့သော် ချက်ချင်း သတိဝင်လာသည်။

မခင်ရီ၏ ရင်တွင်း မီးတောက်နေပါတော့သည်။ ဘယ်လိုအပူနှင့်မျှ မတူအောင် ပူ၏။ ဘုရားတသည်။ ရင်မသည်။

ပန်းသည် မခင်ရီ၏ ရင်မှ ခေါင်းမဖော်ဘဲ ရှိုက်နေ၏။

"ကဲ ကဲ ငိုနေလို့ မပြီးသေးဘူး သမီးရယ်၊ မေမေ့ကိုသာ ပြောပါတော့"

ပန်းသည် အဖြေတော့မပေး။ မျက်လုံးနီကြီးများဖြင့် မော့ကြည့်သည်။

mgyoe.com

mgyoe.com


မခင်ရီ အားတင်းလိုက်၏။ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ရင်ဆိုင်ရတော့မည်။

"ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ မေမေ့သမီးဟာ မေမေ့သမီးပါပဲကွယ်၊ ဖြစ်ပြီးသားကို မေမေ အပြစ်မပြောပါဘူး သမီးရယ်"

"မေမေ"

"သမီးလေး ပန်း"

"သမီး သမီး၊ ဒီအိမ်မှာ မနေချင်တော့ဘူး မေမေ"

"ဘာဖြစ်လို့လဲ သမီးရယ်"

"သမီး ရှက်တယ်"

မခင်ရီ ဆက်၍ မကြားချင်တော့ပါ။

သည်လိုဖြစ်လျှင် သည်စကားဆိုသည်။ အစီအစဉ်အတိုင်း ကြားရမည်ဆိုတာလည်း သိ၏။ ကြားရတော့လည်း ရင်ထဲမှာ စူးစူးနာ၏။

"ဒီအိမ်မှာ မနေတော့ကော ရှက်ရတာဟာ ရှက်ရတာပဲ မဟုတ်လား၊ ဘယ်သွားနေလို့မှ အရှက်ဟာ ပျောက်မသွားပါဘူးကွယ်"

"သန့်သန့်တို့အိမ်မှာဖြစ်ဖြစ်၊ ဝိုင်ဒဗလျူစီအေမှာပဲဖြစ်ဖြစ် သွားနေမယ် မေမေ။ ဒီမှာနေရင် ဒီအဖေနဲ့ ပတ်သက်နေဦးမှာ"

"ဘယ်လို ဘယ်လို၊ မေမေ နားထွေးသွားပြီ သမီးရယ်"

မခင်ရီသည် သမီး၏မျက်ရည်ကို သုတ်ပေးလျက် လက်တန့်သွားသည်။ အစီအစဉ်အတိုင်း လာရိုးလာစဉ် လာခဲ့သော အကြောင်းအရာထဲတွင် ဘာကြောင့် ဖအေက ပါလာရပါလိမ့်။

ပန်းက မျက်ရည်သုတ်သည်။ ခုတင်ပေါ်မှာ ထိုင်သည်။

"သူ သူ။ သမီးကိုပစ် ပစ်သွားပြီ"

"နောင်အေးလား"

mgyoe.com

mgyoe.com


"ဟုတ်၊ ဟုတ်တယ် မေမေရဲ့"

ပန်းမှာ ခုတင်တိုင်ကို ဖက်တွဲကာ ရှိုက်ကြီးတငင်ငင် ငိုကြွေးပြန်လေ၏။

"သူ ပစ်သွားတော့ ဘာဖြစ်လဲ သမီးရယ်။ မေမေ လိုက်မေးမယ်။ ဒါဟာ သမီးအိမ်က ထွက်သွားစရာလားကွယ်"

"မဟုတ်ဘူး မေမေ။ မဟုတ်ဘူး"

ပန်းက သွက်လက်စွာ ပြန်ပြောလိုက်ပြီး ရှင်းပြ၏။

"သူ့ကို အထင်မလွဲပါနဲ့ မေမေ။ သူဟာ သမီးကို သိပ်ချစ်ရှာပါတယ်။ ဒါကို သမီး အသိဆုံးပါ"

"ဒါဖြင့် ဘာဖြစ်လို့ ပစ်သွားရတာလဲလို့။ မေမေ မရှင်းဘူး သမီး"

"ကနေ့ သူ ရုံးကို ရောက်လာတယ်။ ရုံးဆင်းတော့ ရှာမီမှာ ကော်ဖီသောက်ရအောင် ခေါ်လို့ ရိုးရိုးပဲထင်ပြီး လိုက်သွားမိတယ် မေမေ"

မခင်ရီမှာ အသက်မှ ရှူမိ၏လော မသိ။

"သမီးက ဘာဖြစ်လို့ မျက်နှာမကောင်းတာလဲ မေးတော့၊ သမီးကို သူ သူ ချစ်ရက်နဲ့ မုန်းရတော့မယ်တဲ့ မေမေရဲ့"

"ဘာဖြစ်လို့တဲ့လဲ"

"သူ့အမေက သမီးနဲ့ သဘောမတူနိုင်ဘူးတဲ့။ သဘောမတူတဲ့ အကြောင်းကတော့ ဖေဖေဟာ မိန်းမတွေနဲ့ ပတ်သက်ပြီး သစ္စာမရှိဘူးလို့ နာမည်ပျက်နေတယ်တဲ့။ ဒီလို နာမည်ပျက်နေတဲ့ လူရဲ့သမီးနဲ့ သဘောမတူနိုင်ဘူးတဲ့"

မခင်ရီ သက်ပြင်းရှိုက်လိုက်လေ၏။ ကိုသန်းနိုင်၏သတင်းက မွှေးပျံ့လွှန်းနေပြီကော။

mgyoe.com

mgyoe.com



"သူဟာ သူ့အမေရဲ့စကားကိုလည်း မလွန်ဆန်ရဲဘူးတဲ့။ ပြီးတော့ အမေတစ်ခု သားတစ်ခုမို့ သူ့အမေ စိတ်ဆင်းရဲအောင် မလုပ်ရက်လို့ မုန်းရတော့မယ်တဲ့ မေမေ။ သမီး အသည်းနာတယ်။ ဖေဖေဟာ ကိုယ့် အသက်အရွယ်ကို ကိုယ် မထောက်ချင်ရင်ထား၊ ငါ့ကြောင့် ငါ့သား ငါ့သမီး မျက်နှာငယ်ရာလိမ့်မယ်၊ လူ့အောက်ကျလိမ့်မယ်ဆိုတဲ့ ကြင်နာ စိတ်နဲ့ ငဲ့ညှာသင့်တယ် မေမေ။ ဖေဖေဟာ သမီးတို့ကို စာနာစိတ်၊ ကြင်နာစိတ် လုံးဝမရှိလို့သာ သမီးချစ်တဲ့သူက မုန်းရတယ်။ သမီးကို ကျောခိုင်းရပေမယ့် ကို့ခမျာ အသည်းကွဲရှာရော့မယ်။ မေမေ သမီး ဒီအိမ်မှာ မနေပါရစေနဲ့။ မေမေတို့နဲ့ လွတ်ရာမှာ သီးခြားနေပါရစေတော့၊ သမီးကို ခွင့်ပြုပါတော့နော်"

"ဒါဟာ မဟုတ်ဘူး သမီး"

"ဘာကို မဟုတ်တာလဲ မေမေ"

"သမီးဖေဖေဟာ သမီးပြောသလို မဟုတ်ဘူးသမီး။ သူဟာ အခုထက် ပျိုရွယ်စဉ်ကတည်းက မျက်နှာပွင့်လန်းတယ်။ မေမေ့ထက် ပညာ ရုပ်ရည် ဥစ္စာသာတဲ့ မိန်းမတွေနဲ့ တွေ့တာတောင် မေမေ့ကို ပစ် မသွားဘဲ သစ္စာရှိခဲ့တယ် သမီးရယ်။ အခုဆို သားကလေး၊ သမီးကလေးရဲ့ နောင်ရေးဖူလုံအောင် အလုပ်ကို ကြိုးစားလုပ်နေတယ် သမီး။ နောင်အေး နဲ့ သမီးနဲ့ချစ်နေတာ သူသိတယ်။ နောင်အေးအမေက တို့ထက်ချမ်းသာ နေတော့ သမီးတို့လက်ထပ်ရင် ငါ့သမီးလေး မျက်နှာငယ်ရာမယ်ဆိုပြီး လက်ထပ်ချိန်မှာ စိန်တစ်ဆင်စာ လက်ဖွဲ့နိုင်အောင် သူ့ခမျာမှာ ကြိုးစား နေရရှာတာ သမီး သိသလား။ သမီး ကြားခဲ့ရသလို သူ့ခမျာမှာ ဖောက်ပြန် ချိန် မရရှာပါဘူး သမီးရယ်"

"စစ်မှန်တဲ့ မေတ္တာသာ အရင်းခံပါ မေမေ။ စစ်မှန်တဲ့မေတ္တာရှင် ကိုဟာ၊ သူဟာ သမီးတို့ထက် ပြည့်စုံတာကို မသိသလို သူ့ထက် သမီး

mgyoe.com

mgyoe.com


တို့က ဆင်းရဲတယ်ဆိုတာကိုလည်း ဂရုမစိုက်ပါဘူး။ ဖေဖေ့စိန်တစ်ဆင် စာဟာ တကယ်တော့ ဘယ်လိုမှ အရာမရောက်ပါဘူး။ ပြီးတော့ ဒီစိန် တစ်ဆင်စာရအောင် မိန်းမဘယ်လောက်ကို မြှုံကျ်ချ”

“အို ဟဲ့ သမီး”

မခင်ရီသည် သမီးမိုက်၏ပါးစပ်ကို ပိတ်လိုက်မိသည်။ သူ့ရင် တွင် စူးဝင်နာကျင်၏။ ခက်ထန်နေသော သမီး၏ မျက်နှာနှင့် မျက်ရည် အိုင်နေသော အမေ့မျက်နှာတို့ ဆိုင်တွေ့နေကြသည်။

အမေ့မျက်ရည်ပူသည် သမီးပါးပေါ်သို့ တစ်ပေါက်ချင်း ကျလာ ၏။ မခင်ရီသည် တစ်ချက်ရှိုက်လိုက်ပြီး “ရက်စက်လှချည်လား သမီး လေးရယ်” ဟု အသံတိမ်ဖြင့် ရေရွတ်ရှာသည်။

ပန်းမျက်နှာသည် ပျော့ညံ့လာ၏။ သို့ရာတွင် ချက်ချင်း တင်းမာ လာသည်။ လျှော့မပေးလိုသော တင်းမာခြင်းဖြစ်သည်။

“လောကကြီးဟာ ကျယ်ဝန်းတယ် သမီး။ ရုပ်ထွေးသလောက် မာယာများတယ်။ မာယာများသလောက် ကောက်ကွေ့လိမ်ပွေပါတယ် သမီးရယ်။ မိုးရေပေါက်ကို သမုဒ္ဒရာ မထင်လိုက်ပါနဲ့။ သမုဒ္ဒရာကိုလည်း မိုးရေပေါက်ကလေးလို့လည်း မထင်လိုက်ပါနဲ့ကွယ်။ သားသမီးဆိုတာဟာ မိဘရဲ့ ကောင်းမွေခံ ဆိုးမွေခံပါ။ ဒီမိဘရဲ့သားသမီးမှ လာဖြစ်ရလေခြင်း လို့ မကျေမနပ်ဖြစ်နေလို့လည်း အလကားပဲ။ ကိုသန်းနိုင်ရဲ့သမီးဟာ အမေရိကား ရောက်သွားလည်း ကိုသန်းနိုင်ရဲ့သမီးပဲ။ ကိုသန်းနိုင်ရဲ့ သမီးဟာ ဂျွန်ဆင်ရဲ့သမီး မဖြစ်နိုင်ဘူး။ မိဘကို သမီး အထင်မလွဲပါနဲ့။ မိဘကို သမီး မပြစ်မှားချင်နဲ့။ သမီးရဲ့ဖေဖေဟာ သမီးတို့ မျက်နှာငယ် အောင် ဘယ်နည်းနဲ့မှ မလုပ်ဘူး။ ဒါကိုတော့ သမီး နားလည်သင့်ပါတယ် ကွယ်”

“သမီး နားလည်ပါတယ် မေမေ။ ဒါပေမဲ့ ဖေဖေရဲ့စိတ်ကို မစိုးမိုး

mgyoe.com

mgyoe.com


နိုင်တဲ့ သမီးတို့က ဖေဖေလုပ်ချင်ရာ လုပ်ခဲ့တဲ့ ပြစ်ဒဏ်ကို အချောင်ဝင်ခံရတော့မလား မေမေ။ မေမေပဲ ကိုယ်ချင်းစာကြည့်စမ်းပါဦး။ ကဲ"

"သမီးဖေဖေရဲ့စိတ်ဓာတ်ကို စိုးမိုးနိုင်အောင် သမီးကြိုးစားကြည့်ရင် ရပါတယ် သမီးရယ်"

"အချိန်နှောင်းပြီ မေမေ။ သမီး အသက်အရွယ်ဟာ ကိုယ့်အားကိုယ်ကိုးနိုင်နေပြီ။ မေမေတို့နဲ့ အတူဆက်နေရင် ဖေဖေ့ဂယက်က သမီးကိုလာပြီး ရိုက်နေမှာပဲ။ တခြားစီ သီးခြားနေကြတော့ တော်ရုံဟာကို ရှောင်လို့ရတယ်"

"စဉ်းစားပါဦး သမီးရယ်"

"သမီး လမ်းတစ်လျှောက်လုံး စဉ်းစားခဲ့ပြီးပါပြီ မေမေ"

"မိန်းကလေးဆိုတာ အုပ်ထိန်းသူနဲ့ မကင်းကောင်းပါဘူးကွယ်။ ထပ်စဉ်းစားပါဦး"

"ဇက်ပလင်ခေတ်က စကားတွေကို ဂျက်လေယာဉ်ပျံခေတ်မှာ လာပြောမနေစမ်းပါနဲ့ မေမေရယ်။ ဝိုင်ဒဗလျူစီအေမှာ မိန်းကလေးတွေ ပြည့်လို့ပါ"

"ပြောမရရင်လည်း သမီးသဘောပဲ။ ဒါပေမဲ့ သမီးဖေဖေနဲ့ ဒီကိစ္စက ပြီးစီးမှာ။ မေမေ ခွင့်ပြုပေမယ့် သူ မကျေနပ်ရင် ခက်မယ်။ ဒီတော့ သူလာအောင် စောင့်ဦး။ အဲဒီအခါမှာ သမီးပြောချင်တာတွေ ပြော။ ဟုတ်လား"

ဖအေ့ဘက် လွှဲချလိုက်သည်တွင် ပန်း ငြိမ်သွား၏။ သို့ရာတွင် ခဏအကြာ၌ "အို ပြောမှာပဲ။ ခွင့်မပေးလည်း သွားမှာပဲ။ သမီးဘက်က တာဝန်ကုန်အောင်သာ ခွင့်တောင်းမှာ။ ခွင့်မပေးလည်း သမီး အသက်ပြည့်နေပြီ" ဟု ဆက်၍ဆိုသည်။

"ဒါလောက်လည်း မမာချင်ပါနဲ့ သမီးရယ်။ မိဘမေတ္တာ ဘယ်

mgyoe.com

mgyoe.com


လောက်ကြီးတယ်ဆိုတာ သမီးတစ်နေ့ သိလာမှ နောင်တရမယ်"

"မေတ္တာကြီးချင်လည်း ကြီးမှာပေါ့။ မငဲ့ကွက်တာက မငဲ့ကွက်တာပဲ"

"ဟုတ်ပါပြီ သမီးရယ်၊ ထားလိုက်ပါ။ သမီးဖေဖေလည်း ပြန်လာပါတော့မယ်။ သမီးလည်း ပြင်ဆင်ထားချင်ထား။ ရေမိုးလည်းချိုးဦးပေါ့။ မေမေလည်း စားဖို့သောက်ဖို့ စီမံရဦးမယ်။ မကြည်ညွှန့်နဲ့ မျက်နှာလွှဲရတာ မဟုတ်ဘူး။ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုးနဲ့"

ပန်းကမူ စူပွစူပွပြောရင်း ကျန်ခဲ့သည်။ မခင်ရီမှာ မကြာမီ ပြန် ရောက်လာမည့် ခင်ပွန်းသည်နှင့် ကစားရာမှ ပြန်ရောက်လာတော့မည့် သားတို့အတွက် အသင့်ဖြစ်နေစေရန် မီးဖိုထဲသို့ ဝင်ခဲ့ရ၏။ မကြည်ညွှန့်အား ခိုင်းတန်တာခိုင်း၊ ကိုယ်တိုင်လုပ်သင့်တာ လုပ်ဖြင့် အချိန်ကုန်မှန်းမသိ ကုန်သွား၏။

ငါးနာရီထိုးလျှင် ကျော်ကျော် ကစားရာမှ ပြန်ရောက်လာသည်။ "ဒယ်ဒီ မရောက်သေးဘူးလား" ဟုမေးကာ ရေချိုး၏။ ရေချိုးပြီးသော် လည်း ကိုသန်းနိုင် မရောက်သေး။

ထုံးစံအတိုင်းဆိုက ငါးနာရီနှင့် ငါးနာရီခွဲတွင် ကိုသန်းနိုင် ပြန်ရောက်နေကျ။ သားအဖ ပျော်ရွှင်စွာ အတူထမင်းစားနေကျ ဖြစ်၏။ ကျော်ကျော် မစောင့်နိုင်တော့ပေ။ ငါးနာရီခွဲတွင် ပန်းကိုခေါ်ပြီး ထမင်း စားကြတော့သည်။

ပန်းကတော့ ထမင်းပွဲတွင်လည်း မျက်နှာထား တင်းမြဲတင်းထား၏။ သူ့မျက်နှာ မာနေသဖြင့် ကျော်ကျော်မှာ ကုပ်ကုပ်ကလေး စားရသည်။ ထမင်းစားပြီးအချိန်ထိ ကိုသန်းနိုင်ထံမှ ဖုန်းမလာ။ လူမရောက်။

ပန်းသည် အခန်းထဲ ပြန်ဝင်သွား၏။ ကျော်ကျော်က စာကြည့် စားပွဲတွင် ထိုင်သည်။ မခင်ရီမှာ သိမ်းဆည်းဆေးကြောရင်း ရင်မောနေ

mgyoe.com

mgyoe.com


၏။ မိုက်ကန်းကြွပ်ဆတ်သော သမီးနှင့် ဖခင်တို့အကြားတွင် ဘယ်လို ဝင်ရပါမည်နည်း စဉ်းစားနေသည်။

ရေမိုးချိုး၏။ မခင်ရီမှာ လန်းမလာပေ။ စိတ်မော လူမောနှင့် အခန်းထဲ ဝင်လှဲရာ မေ့ခနဲ ပျော်သွား၏။ လန့်နိုးချိန်တွင် ကိုးနာရီ။ ကိုသန်းနိုင်ကား မရောက်လာသေး။

အပြင်သို့ ထွက်လာသည်။ မကြည်ညွန့်မှာ ဧည့်ခန်းတွင် ထိုင် ငိုက်နေသဖြင့် နှိုးပြီး အိပ်ခိုင်းလိုက်ရသည်။

မကြာမီ ကိုသန်းနိုင်၏ ကားကလေးသည် ခြံဝ၌ ခေါင်းစိုက်လာ သဖြင့် တံခါးပြေးဖွင့်ပေးရ၏။

"နေ နေ အရီ ကို ပိတ်မယ်"

ကားဝင်ပြီးနောက် ကိုသန်းနိုင်က မခင်ရီကို ခြံတံခါး ကူပိတ်ပေး သည်။ မခင်ရီကို ကားပေါ်ဆွဲတင်ကာ ကားဘီးဖြည်းဖြည်း လိမ့်လာရင်း "ကလေးတွေ အိပ်ကုန်ပြီလား အရီ။ ကို ဖုန်းဆက်မလို့။ တော်တော်ကြာ ပြန်ရတော့မှာ ပြန်ရတော့မှာနဲ့ ကိုးနာရီကျော်သွားတာ ဆောရီးကွာ။ သားသားကတော့ မနက်ကျရင် ပွက်တော့မှာပဲ။ ဘာနဲ့များချော့ရပါ့။ အာ ဟုတ်ပြီ။ ကိုယ့်ဖို့ဝယ်လာတဲ့ ပတ်ကား စစ်စ်တီဝမ်း ပေးလိုက်ရတော့ မှာပဲ။ အေးလေ ဘယ်တတ်နိုင်မလဲ။ ကဲ ဆင်း" ဟု ကားမရပ်မချင်း ပြောလာ၏။

မခင်ရီက တစ်လုံးမှ ဝင်မပြော။ ခေါင်းသော့မှု မညိတ်။ တိတ် ဆိတ်စွာ လိုက်လာပြီး တံခါးပိတ်၏။

"ထမင်းမစားတော့ဘူးနော်"

"မစားတော့ပါဘူးကွာ။ ရေချိုးလိုက်ဦးမယ်။ နို့တော့ သောက်ဦးမှ"

မခင်ရီက တိတ်ဆိတ်စွာပင် အဝတ်ကူချွတ်ပေး၏။ ရေချိုးပြီး နောက် ဝတ်ရန် အသင့်ပြင်ထား၏။ နောက် ဧည့်ခန်းသို့ ထွက်လာကာ

mgyoe.com

mgyoe.com


နို့အိုးနှင့် စောင့်ဆိုင်းနေသည်။

"မစ္စတာ ပိန်ကျင်းတို့ ကုမ္ပဏီအတွက် စာကူးစက်တွေ သွားစပ်တာ"

ကိုသန်းနိုင်က ရေချိုး အဝတ်လဲပြီးလျှင် စကားတပြောပြောနှင့် ထွက်လာ၏။

သူဌေးက သဘောအကျသားကွ။ မန်နေဂျာကောင် ဗော်ထစ်နေတာနဲ့ ကိစ္စမပြတ်ခဲ့ဘူး။ နို့မို့ရင် ကနေ့ ကို့အတွက် ငါးရာသေချာနေပြီ"

ကိုသန်းနိုင်က မခင်ရီ၏ဘေးတွင် ဝင်ထိုင်ပြီး နို့သောက်သည်။

"အင်း လိမ္မာတဲ့ဇနီး ကိုယ်တိုင်စီမံထားတဲ့ နို့ကို သောက်လိုက်ရတာ အမောကို ပြေသွားတာပဲကွာ။ မေတ္တာစေတနာ အပြည့်အဝနဲ့"

လက်တစ်ဖက်က မခင်ရီ၏ပခုံးကို ဖက်ညှစ်လိုက်သည်တွင် မခင်ရီက ဆို၏။

"သူငယ်ပြန်မနေစမ်းပါနဲ့ ကိုသန်းရယ်"

"သူငယ်ပြန်တာ မဟုတ်ဘူးဗျ၊ လူကြီးပြန်တာ သိလား"

"သူငယ်ပြန်တာက သူငယ်မို့ ပြန်တာပဲဆိုပြီး ခွင့်လွှတ်တယ် ကိုသန်း။ လူကြီးပြန်တာကျတော့ ခွင့်မလွှတ်ကြဘူး"

"အိုး ဟိုး၊ အဲဒါ ဘာဆိုင်လဲ အရီရဲ့"

ကိုသန်းနိုင်က မခင်ရီ၏မေးကို ဆွဲလှည့်သည်။

"ကနေ့ သားတို့ကျောင်းမှာ သားနဲ့ ကလေးတချို့ ရန်ဖြစ်ကြတယ်။ သားက ဟင်နရီကို ထိုးသတဲ့။ ဘာဖြစ်လို့ ထိုးသလဲဆိုတော့ သူ့ကို"

"အင်း ပြောလေ"

"သူ့ကို ကြာကူလီကြီးသားဆိုလို့ ထိုးသတဲ့"

"ဟင်"

mgyoe.com

mgyoe.com


ကိုသန်းနိုင် နို့ခွက်ကို ဆောင့်ချ၏။ တက်ခေါက်၏။

ချစ်လင်မျက်နှာ ညိုဒြိုသွားရသည့်အတွက် စိတ်မကောင်းသော်လည်း စိတ်မကောင်းစွာဖြင့်ပင် မခင်ရီ ဆက်ပြောရသည်။

"သားကိုထိုးလို့ အရိုက်ခံရတာကို မနာဘူး။ ဒီလို အဆိုခံရတာကို နာတယ် ကိုသန်း။ အိမ်ရောက်ရောက်ချင်း ငိုပြီးမေးတာ၊ ဒယ်ဒီဟာ ကြာကူလီကြီးဆိုတာ ဟုတ်သလားတဲ့။ အရီက မဟုတ်ပါဘူး သက်သက်စကြ ပြောင်ကြတာပါ ဆိုတာတောင် မရဘူး။ မလိမ်ပါနဲ့တဲ့၊ အရီ မနည်းပြောမှ ကျေနပ်သွားတယ်"

"လူတွေဟာ တယ်ခက်ပါကလားကွာ"

ကိုသန်းနိုင်က နာကြည်းသံဖြင့် မြည်တမ်းသည်။

"လူတွေ ခက်တာမဟုတ်ဘူး ကိုသန်း။ တကယ် ခက်နေတာက ကိုသန်း"

"ဟင်"

မြားဦးသည် အဝေး၌မရှိ၊ အနီးတွင် ကပ်နေသည်ကိုသိသော် ကိုသန်းနိုင် လန့်သွား၏။

"ကိုသန်း ဘာများခက်သလဲ အရီရယ်"

"ပြောလက်စနဲ့ ပြောရဦးမယ် ကိုသန်း။ အရီ ဒါတွေမပြောချင်ဘူး၊ ပြောလည်း မပြောရက်ဘူး။ မျိုထားလို့ ရတုန်းကတော့ အနှစ် ၂၀ လုံး မျိုထားခဲ့တာပဲ။ အခုတော့ မျိုထားလို့ မရတော့ဘူးလေ"

"နေပါဦး အရီရဲ့။ ကိုသန်း ဘာလုပ်နေလို့လဲ။ ဒါကို ပထမပြောစမ်းပါ"

"ကိုသန်း ဘာလုပ်ရမလဲ။ မိန်းမတကာနဲ့ လျှောက်ပြီး လူအထင်အမြင်လွဲအောင် လုပ်နေတာပဲမဟုတ်လား။ အရီ ဘာမှမပြောခဲ့ဘူး။ ကိုသန်းဘာသာကိုသန်း တစ်ကြိမ် ထုတ်ညည်းခဲ့တယ်။ မိန်းမတွေဟာ

mgyoe.com

mgyoe.com



ခက်တယ်တဲ့၊ ငါကလည်း သူတို့ ကျပါစေတော့ဆိုပြီး ဘာမှမလုပ်ဘဲနဲ့ သာယာချင်နေကြတယ်တဲ့"

"ဟုတ်ပါတယ်၊ ဒါဟာ ရိုးရိုးသားသား ထုတ်ဖော်ဝန်ခံထားတာပဲ။ အရီ စိတ်ထွေးစရာဖြစ်ကာမှပြောရင် တစ်မျိုးထင်ခံရမှာစိုးလို့"

"ကိုသန်းက ဘာမှမလုပ်ဘဲနဲ့ သူတို့ကလိုက်လိုက်၊ ကိုသန်းလုပ်လို့ပဲလိုက်လိုက် ကိုသန်း ဘယ်လောက်နာမည်ကြီးနေသလဲဆိုရင် နောင်အေးရဲ့အမေတောင်သိတယ် ကိုသန်း။ ဒီလိုနာမည်ပျက်နေတဲ့ လူ့သမီးနဲ့ သဘောမတူနိုင်ဘူးဆိုလို့ ကလေးချင်းပါ ခွာသွားကြပြီ"

"ကိုယ့်ကို မတော်မတရား ပြောမယ့်သာ ပြောနေတာ။ အဲဒီလို ပြောတဲ့ မိန်းမကြီးကိုယ်တိုင်ကိုက သားအရွယ် မြေးအရွယ်တွေကို အရက်တိုက်ပြီး တယ်လေ ငါမပြောတော့ပါဘူး။ ကဲ ပြော အရီ၊ ကလေးချင်း ကွဲသွားကြတော့ အရီ ဘာလုပ်ချင်လဲ"

ကိုသန်းနိုင်မှာ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ အထပ်ထပ် ပွတ်သပ်နေသည်။ သူ စိတ်ဆင်းရဲတာကို မခင်ရီ မသိစေချင်။ ရင်တွင်းက ဒေါသလည်း ပြေလျှင်ပြေ၊ သို့မဟုတ် သက်သာစေရန် လုပ်ဟန်တူပါ၏။

"အရီ ဘာမှမလုပ်ချင်ပါဘူး။ ကိုသန်း သိအောင် ပြောတာပါ။ သမီးတို့ကိစ္စက ဒါနဲ့တင် မပြီးသေးဘူး ကိုသန်းရဲ့"

"ဘယ်လို ဘယ်လို"

"သမီးက သူတို့ချင်းကွဲရတဲ့ကိစ္စရဲ့ အရင်းခံဟာ ကိုသန်းပဲလို့ အပြစ်ဖို့နေပြီ"

"ဪ... သမီးကတောင် ဒီလိုဖြစ်နေမှကိုး"

ကိုသန်းနိုင်က နာကြည်းစွာ ရေရွတ်လိုက်မိတော့သည်။ သူတစ်ပါး၏ အတင်းအဖျင်းကြားတွင် သမီး နစ်မြုပ်ပါရပါပြီကော။ ကိုသန်းနိုင်

mgyoe.com

mgyoe.com


၏ ရင်မှာ နာကျင်ရ၏။

“ကိုသန်းသာ သားသမီးမျက်နှာထောက်ထားပြီး အနေအထိုင် ဆင်ခြင်ခဲ့ရင် ဒီလိုအပြောခံရမှာ မဟုတ်ဘူး။ နောင်အေးနဲ့လည်း ကွဲရမှာ မဟုတ်ဘူးတဲ့။ ဒါကြောင့် ဒီအိမ်မှာ မနေမှ ဒီအိမ်နဲ့ဆိုင်တဲ့ အဖျားအနားခတ်တာတွေက လွတ်မှဆိုပြီး မိန်းကလေးရိပ်သာဖြစ်ဖြစ်၊ သူငယ်ချင်းအိမ်ဖြစ်ဖြစ် သွားနေမယ် လုပ်နေတယ်”

“သမီးနဲ့ အမေပဲ အရီရယ်။ ဒါလောက်တော့ ပြောနိုင်ဖို့ ကောင်းပါတယ်ကွာ”

“အရီ ပြောတယ်။ မဟုတ်ဘူး။ သမီးရဲ့ဖေဖေဟာ အလုပ်ကလွဲရင် ဘာမှ သိပ်စိတ်ဝင်စားတာ မဟုတ်ဘူးလို့ ပြောပါတယ်။ ပြောပေမယ့် မရဘူး။ အထပ်ထပ် အဖန်ဖန် ပြောလို့မရတဲ့အဆုံးကျတော့လည်း သမီးဖေဖေလာအောင်စောင့်၊ သူ့ဆီက ခွင့်ပြုချက်ကို တောင်းလို့ ပြောထားရတယ်”

“သမီးက ဘာပြောလဲ”

“သူ့ဝတ္တရားအတိုင်း သူ ခွင့်တောင်းမယ်တဲ့။ ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ သူကတော့ သွားမှာပဲတဲ့”

“အင်း”

အင်းရှည်ကြီးမြည်ကာ ကိုသန်းနိုင်က ဆိုဖာတွင် ကျောမှီချလိုက်သည်။ သူသည် စိတ်မချမ်းသာစွာ ငေးမောနေ၏။

“လူတွေက တယ်ခက်တာပဲကိုး။ ကိုယ့်စီးပွား ကိုယ့်အကျိုးကိုလည်း မထိခိုက်ဘဲနဲ့ လူတစ်ယောက်ရဲ့အတင်းကို ဘာဖြစ်လို့များ ပြောချင်ရပါလိမ့်။ ဒါကို အလုပ်တစ်ခုလို လုပ်နေရမှ နေထိုင်ကောင်းကြရောသလား။ ခက်တယ်ကွာ ခက်တယ်”

“ကိုသန်းကကော အပြောအဆိုလွတ်အောင် ဆင်ခြင်လို့လား”

mgyoe.com

mgyoe.com


"ဆင်ခြင်ရမယ် မဟုတ်လား။ ကိုသန်း ဘယ်လောက်အထိ ဆင်ခြင်ရမှာလဲ။ သံဃာလို မျက်လွှာအမြဲချနေရမှာလား။ အိမ်ထဲမှာ အောင်းနေရမှာလား။ ပြောတဲ့လူကကော ဘယ်လိုနေမှ အပြောရပ်မှာတဲ့လဲ ဟင်။ ဒီမယ် အရီ၊ လူဟာ ဘယ်လိုပဲနေနေ ပြောချင်ရင် ပြောရမှာပဲ။ ကြံဖန်ပြီးတော့ ပြောမှာပဲ။ သူတို့ မပြောချင်တော့လည်း ဘာကြီးလုပ်နေနေ မပြောဘူး၊ မမြင်ဘူး။ ထူးဆန်းစွာ အနေကန်းနေကြတော့တာပဲ။ နားလည်လား ဟင်"

"သူများကို အပြစ်တင်မယ့်အစား ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး အပြစ်တင်ဖို့ ကြိုးစားဦး ကိုသန်း။ ဒီလမ်းထဲမှာဆိုရင် ကိုသန်းအကြောင်း အကောင်းပြောတဲ့လူဆိုလို့ မရှိသလောက်ဖြစ်နေပါပြီ။ မနေချင်တဲ့ သမီးကလေးကိုချည်း မိုက်တယ် မပြောနဲ့။ လူကြီးဖြစ်တဲ့ အရီတောင် မနေချင်တော့ဘူး၊ ရှက်လာပြီ"

"ဘာ ဘာ"

ကိုသန်းနိုင် မျက်လုံးပြူးလေ၏။ ဆန့်ဆန့်ကြီး ထိုင်မိသည်။ မခင်ရီအား ထူးဆန်းစွာ ကြည့်၏။

မခင်ရီက ဝမ်းနည်းစွာ ပြန်ကြည့်ရင်း ညည်း၏။

"အရီ ရှက်တယ် ကိုသန်း အရီရှက်တယ် သိလား။ ဒီတိုက်နဲ့ ကားနဲ့ နေနိုင်တာတောင် ပစ္စည်းရှိတဲ့ မိန်းမတွေရဲ့ ထောက်ပံ့ကြေးနဲ့တဲ့။ အရီလည်း သွားပါရစေတော့ ကိုသန်းရယ်"

ကိုသန်းနိုင်၏ တောင့်၍ ဆန့်၍နေသော ကိုယ်သည် ခွေပျော့သွားကာ ကိုသန်းနိုင်မှာ ဟင်းခနဲ သက်မချလိုက်ရင်း ခေါင်းကို တွင်တွင်ယမ်းမိလေတော့၏။

"ကိုယ့်အစွမ်းအစ ကိုယ့်ကြိုးစားမှုကြောင့် နေရတာကို အရီယုံရဲ့လား"

mgyoe.com

mgyoe.com


"အရီ ယုံဖို့ခက်တယ် ကိုသန်း။ မယုံရင် ဘာအကြောင်းလဲ၊ ကိုသန်းရဲ့ ကြိုးစားမှုနဲ့ ကိုသန်းရဲ့ အစွမ်းအစကြောင့် အခုလိုနေရတာကို ဒီလို အပြောခံရတာဟာ ကိုသန်း အနေအထိုင် မဆင်ခြင်လို့ ဖြစ်ရတာ။ အို အရီတော့ ကိုသန်းကိုတောင် မယုံရဲတော့ဘူး။ အမေတို့ဆီပဲ ပြန်ပါရစေတော့"

"ကိုယ် ဝမ်းနည်းတယ် အရီ။ အနှစ် ၂၀ ပေါင်းသင်းလာတဲ့ မယားက မယုံတာကို ဝမ်းနည်းတယ်။ အနှစ် ၂၀ လုံး သစ္စာရှိခဲ့ပါလျက်နဲ့ မယုံတာကို သာပြီး ဝမ်းနည်းတယ်ကွာ"

ကိုသန်းနိုင်သည် မခင်ရီ၏အပါးမှ ထလာခဲ့တော့သည်။

အရီ့ပါးစပ်မှ မယုံစကား ထွက်လာတာလောက် ဝမ်းနည်းတာ မရှိ။ သူ့တစ်ကိုယ်လုံး လေပေါက်မရှိသောနေရာတွင် ချုပ်နှောင်ခံရသလို အခံရ ခက်လွန်းသည်။ အခန်းထဲဝင် ပစ်လှဲလိုက်သည်။

အိပ်ခန်းထဲတွင် ပစ်လှဲလိုက်စဉ် မခင်ရီသည် တံခါးများကို စစ်ဆေးကာ သားနှင့်သမီးအခန်းကို ဝင်ကြည့်သည်။ ကျော်ကျော်သည် ကောင်းမွန်စွာ အိပ်စက်နေပြီ။ ပန်းမူ အထုပ်အပိုးများအေးတွင် ခေါင်းတင် အိပ်ပျော်နေသဖြင့် ခြင်ထောင်ချပေးခဲ့ရသည်။

အခြားဝေယျာဝစ္စများ လုပ်ဆောင်ပြီး၍ အိပ်ခန်းထဲသို့ မခင်ရီ ဝင်လာချိန်တွင် ကိုသန်းနိုင်သည် စီးကရက်တစ်လိပ် ဖွာရှိုက်လျက် ငေးကြောင်နေ၏။

မခင်ရီက တိတ်ဆိတ်စွာ အဝတ်လဲသည်။ ကိုသန်းနိုင်အေးတွင် ညင်သာစွာ ဝင်ထိုင်၏။ ပြီး ငေးစိုက်ကြည့်နေသည်။

"ဦးလေးတို့ဆီကို တကယ်ပြန်တော့မှာလား အရီ"

ကိုသန်းနိုင်က လှမ်းမကြည့်ဘဲ ခြောက်ကပ်စွာ မေး၏။

"ပြန်တာ မဟုတ်ပါဘူး ကိုသန်း။ ခဏသွားနေမှာပါ"

mgyoe.com

mgyoe.com


"ဘယ်လောက်ကြာမှာလဲ"

"အရီ မပိုင်းဖြတ်ရသေးပါဘူး ကိုသန်းရယ်။ ပျော်သလောက်နေဖြစ်မယ် ထင်တာပဲ"

ကိုသန်းနိုင်သည် သက်ပြင်းရှိုက်လိုက်မိပြန်၏။

"ကိုသန်း ဘယ်လိုလုပ်ပြီး နေရမလဲကွာ"

သူက စီးကရက်ကို ထိုးချေပြီး နဖူးပေါ်လက်တင်ထားသည်။

"ဝယ်စားချင်လည်း စား။ အဲလေ အဲဒါပဲ ကောင်းပါတယ်"

"ဒါလောက်တောင် ဖြစ်နေပြီလား အရီရယ်။ ကိုသန်းအပေါ်မှာ အရီ့အနေနဲ့ လက်ဆုပ်လက်ကိုင် ဘာတစ်ခုမှ ပြစရာမရှိဘဲနဲ့ သူများပြောတာ မှုတည်ပြီး ကိုသန်းကို တစ်ယောက်တည်း ထားပစ်ခဲ့တာ ရက်စက်လွန်းပါတယ်ကွာ"

"မပုပ်ဘဲနဲ့ မပေါ်ပါဘူး"

"ဒီမယ် အရီ" ကိုသန်းနိုင်၏အသံက မာလာသည်။ မျက်နှာထားခက်ထန်လာ၏။ ကြမ်းတမ်းစွာ ထထိုင်သည်။

"မြည်းတစ်ကောင်နဲ့ သားအဖရဲ့ ပုံဝတ္ထုကို အရီကြားဖူးပါတယ်။ မြည်းကို သားအဖနှစ်ယောက် ဆွဲသွားပြန်တော့ စီးမသွားဘူး ဆွဲသွားရသလား။ သားက တက်စီးပြန်တော့ ဖအေက အောက်က ဒင်းကတော့ အခန့်သားစီးလို့နဲ့။ ဖအေစီးပြန်တော့ အမယ်လေး ရက်စက်လိုက်တာ၊ သားကလေးက အောက်က လျှောက်ရရှာတယ်။ ဟာ ရှုပ်လှတယ်ကွာ ဆိုပြီး နှစ်ယောက်တက်စီးတော့။ ဟင် ဟယ် မြည်းကလေးတော့ သေပါပြီ၊ နှစ်ယောက်တောင် စီးရသလား။ ဒါလောက် ရှိတာ ထမ်းပိုးလျှိုပြီး ထမ်းသွားပါတော့လား၊ ရွဲ့ပြောတာကို အဟုတ်မှတ်ပြီး ခြေလက်တွေတုပ်၊ ထမ်းပိုးနဲ့လျှိုထမ်းတော့ ဘာဖြစ်သလဲ ကဲ။ ရယ်စရာလုပ်ပြီး ဝိုင်းသောကြတာနဲ့ ပိုက်ဆံလိုလို့ ရောင်းမယ့်

mgyoe.com

mgyoe.com


မြည်းကလေး သေပါရော့လား ဟင်။ ဒီမယ် အရီပြောတဲ့လူဟာ သူ ပြောချင်ရာ ပြောမှာပဲ။ သူ့ပါးစပ်ကို သူပိုင်တာကိုးကွ။ တစ်ခါ အဲဒီလူဟာ လူ့ယဉ်ကျေးမှုကို နားမလည်ဘူးဆိုရင် သူတစ်ပါးကို ထိခိုက်သလား၊ မထိခိုက်သလား မဆင်ခြင်တော့ဘူး။ လွတ်လပ်စွာ ထင်ရာပြောတော့မှာပဲ။ ကောင်းပြီ၊ ထင်ရာပြောသမျှကို အဟုတ်ကြီး အမှန်ကြီးထင်ပြီး လိုက်ပြီး ယုံကြည်နေမလား။ စိတ်မနှံ့တဲ့ လူတွေကို အရူးလို့ ပြောကြတယ်။ အရူးဟာ ပေါက်တတ်ကရတွေ လျှောက်ပြောနေတာပဲ။ အေး လူကောင်းတွေကကော အရူးနဲ့ ဘာများခြားနားလို့လဲ။ ထင်ရာပြောနေကြတာပဲ မဟုတ်လား။ ပေါက်ကရလေးဆယ် ပြောနေကြတာပဲ မဟုတ်လား။ အဲဒီလို အရူးပြောတာ အရူးနဲ့ ဘာမှမခြားနားတဲ့ လူတွေပြောတာကို မင်း ဟုတ်လိမ့်နိုးနိုးထင်ပြီး လျှောက်လုပ်မလို့လား။ မင်း လျှောက်လုပ်လို့ မင်းအကျိုးပျက်စီးတဲ့အခါ ထိခိုက်နစ်နာတဲ့အခါမှာ ဘယ်အရူးက တာဝန်ယူမှာတဲ့လဲ ဟင်။ မင်း စဉ်းစားပါ။ မင်းနဲ့ အနှစ် ၂၀ လုံးလုံး ဘဝခရီးမှာ ကောင်းတူဆိုးတူ လျှောက်လာတဲ့ လင့်စကားကို တန်ဖိုးထားမလား။ သို့မဟုတ် ဘယ်က မှန်းမသိ၊ ဘယ်လိုမှန်း တကယ်မသိတဲ့ အရူးတွေ ဟိုထောင့်ကတစ်မျိုး၊ ဒီထောင့်ကတစ်ဖုံ တာဝန်မဲ့ ထပြောတာကို တန်ဖိုးထားပြီး သက်တမ်းရှည်ခဲ့ပြီးသား အိမ်ထောင်ကို ဖြိုဖျက်တော့မလား။ စဉ်းစားစမ်းပါကွာ"

မခင်ရီမှာ ကိုသန်းနိုင်အား တွေကြည့်နေမိသည်။ ကိုသန်းနိုင်က ဆေးလိပ်ထပ်ညှိကာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

ခဏအကြာ

"အရီ့ကို ပုံမချချင်ပါနဲ့ ကိုသန်း။ အမေတို့ဆီ ခဏသွားနေဦးမယ်ဆိုတာဟာ အိမ်ထောင်ကို ဖျက်တာလား။ ကိုယ်လိုရာကိုယ် ဆွဲမတွေးစမ်းပါနဲ့"

mgyoe.com

mgyoe.com


"ဒါ ဟုတ်တယ်"

ကိုသန်းနိုင်က မခင်ရီရှေ့တွင် ရပ်၏။

"လူဟာ များသောအားဖြင့် ကိုယ်လိုသလို ဆွဲတွေးတတ်ကြတယ်။ မင်းဟာ ငါ့ကို မလိုလားတဲ့ သဘောအခံကလေးရှိလာပြီဆိုရင် ငါ့အပေါ်မှာ မြင်တာ ထင်တာ သုံးသပ်တာနဲ့ ငါပြောတဲ့စကားအဓိပ္ပာယ်ကို ကောက်ယူတာကအစ မလိုလားတဲ့ဘက်၊ မနှစ်သက်တဲ့ဘက်၊ အပြစ်ရှာတဲ့ဘက်၊ ခွင့်မလွှတ်တဲ့ဘက်ကို ဆွဲပြီး နှယ်ပြီး ထင်မြင်သုံးသပ်လာတယ်။ နားလည်လာတယ်။ ဒီလူကိုပဲ မင်းဟာ နှစ်သက်တဲ့သဘောကြည်ဖြူတဲ့စိတ်ထား လိုလားတဲ့အမြင် ရှိနေပြန်ရင်လည်း ဘာပဲလုပ်လုပ်ဘာပဲပြောပြော အကောင်းချည်းလို့ နားလည်တယ်။ အမှန်တွေပဲလို့ ထင်တယ် မြင်တယ်။ ခွင့်လွှတ်စိတ်ကလေးနဲ့လည်း သုံးသပ်လာတယ်။ ဒါဟာ လူ့သဘော၊ အဲဒီလို မမှန်ကန်ဆုံး အဖောက်ပြန်ဆုံး အဘိဓမ္မာအခြေခံတဲ့လူဟာ မလိုတစ်မျိုး လိုတစ်မျိုး ပြောမှာပဲ။ လိုတုန်းမို့ သမ္မတဝန်ကြီးချုပ်တမျှ မြှောက်ပင့်တော့ မင်းဘဝင်မြင့်မလား။ မြင့်ရင် မင်းအရှုံးပဲ။ မလိုလို့ ဖာသည်နီးနီး မဲ့ရွဲ့ပုတ်ခတ်ပြောတော့ မင်း မြေကြီးထဲဝင်သွားတော့မလား။ ဝင်သွားရင် မင်းသေမှာပဲ။ ဒီတော့ ဝန်ကြီးချုပ်ပြောတဲ့ ခွေးတွေ ဘယ်လောက်ပဲ ဟောင်ဟောင်၊ နွားတွေ ဘယ်လောက်ပဲတွန်တွန် လှည်းကြီးကတော့ ဘီးလိမ့်မပျက် မောင်းနေမှာပဲဆိုတာလိုဘယ်သူတွေ ဘာပြောပြော ဖင်ခုထိုင်လိုက်ပြီး မင်းလုပ်စရာရှိတာကိုသာလုပ်စမ်းပါ အရီရာ။ နော် ဟုတ်လား"

မခင်ရီက အေးဆေးငြိမ်သက်စွာ ပြော၏။

"အရီ့စိတ်ထဲမှာ မရှင်းလို့ပါ ကိုသန်းရယ်။ ကောင်းကောင်းနေပါလျက်နဲ့ အပြောအဆိုခံရတယ်ပဲ ထားဦး။ အရီ မခံနိုင်လို့ပါ"

mgyoe.com

mgyoe.com


"ကိုယ်ကောင်းရင် ခေါင်း ဘယ်မှ မရွှေ့ဘူးဆိုတာ ရှိပါတယ် အရီရယ်။ ကိုယ်က ကောင်းပါလျက်နဲ့ သူတစ်ပါး မကောင်းတာနဲ့ ကိုယ့်ခေါင်းရွှေ့ရရင် ညံ့ရာကျပါတယ်ကွယ်"

"တကယ်တော့ ကိုယ်က ကောင်းလို့လား"

"ကိုသန်း ဘုရားမှာ သစ္စာဆိုရဲပါတယ် အရီရယ်"

ကိုသန်းမှာ အတက်အကျရှိ၏။ အော်ကြီးဟစ်ကျယ် မဟုတ်ပေမယ့် ဒေါနှင့်မောနှင့် ပြောခဲ့ရာက ယခု သိမ်မွေ့အေးဆေးစွာ မခင်ရီ၏ ဘေးတွင် ဝင်ထိုင်လေ၏။

"ကိုသန်း ဘယ်တုန်းကမှ နောက်တစ်ယောက် အပိုထားလိုက်ရ ကောင်းမှာပဲဆိုတဲ့စိတ် မပေါ်ခဲ့ပါဘူးကွာ။ ကိုသန်းစိတ်ထဲမှာ ငါ့မယား စိတ်ချမ်းသာဖို့၊ ငါ့သားနဲ့ သမီး မျက်နှာမငယ်ဖို့ ဆိုတာကလွဲရင် ဘာမှ မရှိပါဘူး အရီရယ်။ အရီ"

မခင်ရီ၏ ကိုယ်လုံးကလေးကို သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။

"ကိုသန်းဘက်ကနေပြီး ကိုယ်ချင်းစာပါဦး အရီရယ်။ စာနာပါဦး၊ ထောက်ထားပါဦးကွယ်။ ငါ့မယားနဲ့ ငါ့သားဆိုတာကလွဲလို့ တခြား ဘာမှ စိတ်ထဲ မလွှင့်တဲ့လူကိုမှ ဒီလိုထားသွားမယ်ဆိုရင် ကိုသန်းစိတ်ထဲ ဘယ်လိုနေမလဲ။ ကိုသန်း ဘယ်လောက် ဝမ်းနည်းမလဲဆိုတာ စဉ်းစား ကြည့်စမ်းပါ အချစ်ရယ်"

မခင်ရီသည် ချစ်လင်အား ဝမ်းနည်းစွာ မော့ကြည့်သည်။

"အရီ စိတ်မကောင်းပါဘူး ကိုသန်းရယ်"

"မသွားလို့ မဖြစ်တော့ဘူးလားကွယ်။ ဘယ်သူ ဘာပြောပြော အရေးမစိုက်ဘူးဆိုတဲ့ သတ္တိ မမွေးရဲဘူးလားကွာ"

မခင်ရီမှာ ကိုသန်းနိုင်၏ ရင်ခွင်တွင် မှေးနေမိသည်။

"အရီ"

mgyoe.com

mgyoe.com


"ကိုသန်း"

"မသွားပါနဲ့ အရီရယ်။ သူများ ပြောစရာဆိုစရာ မဖြစ်အောင် အခုထက် ပိုပြီး ကိုသန်း အနေအထိုင် ဆင်ခြင်ပါ့မယ်ကွာ။ ဒီလိုဆိုရင် အရီရော သမီးလေးပါ ကျေနပ်သင့်ပြီ ထင်တယ်"

ကိုသန်းနိုင်က လျှော့ပေးလိုက်ရခြင်း ဖြစ်သည်။ အရေးစိုက်စရာ မဟုတ်ဟု သူမြင်သော ပတ်ဝန်းကျင်အား အရေးထားပါမည် ကတိပေးလိုက်ရခြင်းသည် သူ့အတွက် ရှုံးခြင်းဖြစ်၏။

သူက သက်မတစ်ချက် မှုတ်ထုတ်လိုက်ကာ "ကိုသန်း အတတ်နိုင်ဆုံး လိုက်လျောသလို အရီ့ဘက်ကလည်း လျှော့ပေးရင်တော့ ကောင်းမှာပဲလေ" ဟု ညည်းတွားကာ တစ်ဖက်ဘေးသို့ ပစ်လှဲကာ တစ်ဖက်သို့ စောင်းလှည့် ငေးငိုင်နေသည်။

မခင်ရီသည် ကိုသန်းနိုင်၏ ကျောပြင်ကြီးကို ကြည့်နေမိ၏။

တိတ်ဆိတ်နေသည်။

ကိုသန်းနိုင် ငြိမ်နေသလို မခင်ရီလည်း ငြိမ်နေ၏။

မခင်ရီ၏စိတ်သည် ဝေနေသည်။ နောက် တဖြည်းဖြည်းလျှော့ကျလာကာ ကိုသန်းနိုင်အနားသို့ တိုးကပ်ပြီး တိုးတိုးကလေး ပြောသည်။

"ကိုသန်း။ အရီ မသွားတော့ပါဘူး ကိုသန်းရယ်"

ကိုသန်းနိုင်က ပက်လက်လှန်ကာ ကြည့်လိုက်၏။

"ကျေးဇူးတင်ပါတယ် အချစ်ရယ်။ ကိုသန်း မိန်းမတွေကို အစွမ်းကုန် ရှောင်ပါ့မယ်ကွယ်"

"ဝမ်းသာပါတယ် ကိုသန်းရယ်"

ကျောင်းဆင်းချိန်မှစ၍ ငြိမ်းချမ်းရေး ပျက်ပြယ်ခဲ့သော နောက်ဆုံးတွင် အေးချမ်းသာယာမှု လုံးဝပျက်သုဉ်းတော့မည်။ သို့ဖြစ်ခဲ့သော

mgyoe.com

mgyoe.com



အိမ်ကလေးအတွင်း၌ ငြိမ်းချမ်းမှုသည် ပြန်လည်ပေါက်ဖွားလာ၏။ သာယာအေးချမ်းမှုသည် စတင်လာပြန်သည်။

မနက်ဖြန်ဆိုလျှင် ပန်းများသည် နေ့သစ် ထွန်းပွင့်သည်ကို ကြိုဆိုရင်း လောကအား နှုတ်ဆက်ကြပေလိမ့်မည်။ ကိုသန်းနိုင်သည်လည်း ဆိုထားသော ကတိကို ရင်ဝယ်ပိုက်၍ နေ့သစ်ကို ပုံတစ်မျိုးဖြင့် ရင်ဆိုင်ရပေတော့မည်။

ပူရာမှ အေးခဲသောအခန်းကလေးသည် တိတ်ဆိတ်နေလေ၏။

✦

mgyoe.com

mgyoe.com

## ၂

ပန်းသည် ဖခင်အား မကျေနပ်သောအကြည့်ဖြင့် တစ်ချက်လှမ်းကြည့်သည်။ နောက် မျက်လွှာချလိုက်ကာ မုန့်ကို အခဲမကျေ ဖိဝါး၏။

ကျော်ကျော်ကတော့ ပျော်နေသည်။ ကိုသန်းနိုင် ထည့်ပေးသော မုန့်ကို စား၏။ ကိုသန်းနိုင် ငှဲ့ပေးသော ကော်ဖီကို သောက်၏။ သူ့ဒယ်ဒီနှင့်အတူ စားရလျှင်၊ အတူသွားရလျှင် သူ ပျော်ရွှင်မြဲတည်း။

ယခု

သူမေ့သွားပြီဖြစ်သော ကိစ္စအတွက် ဖခင်က စိုးရိမ်လွန်ကာ လက်ဆောင်ပေး၍ ချော့သော ဖောင်တိန်ကို ခဏခဏ ထုတ်ကြည့်ရင်း ကျေနပ်လွန်း၏။ ပျော်ရွှင်လွန်း၏။ တီတီတာတာပြော၏။ ကျောင်းက သတင်းတွေကို ဖောက်သည်ချ၏။ ရုပ်ရှင်သတင်းကိုလည်း ပြောသည်။

မခင်ရီသည် ပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်ကြဟု လွှတ်ထားကာ သားသမီးနှင့် ခင်ပွန်းကို ငြိမ်သက်စွာ ကြည့်နေ၏။ သူက ငြိမ်သက်အေးချမ်းသည်။ အေးချမ်းခြင်းမှာ သူ့သဘာဝ။

ကိုသန်းနိုင်ကတော့ ကျော်ကျော်နှင့် အလိုက်အထိုက် ပြောသည်။ မခင်ရီကို ကြည့်သည်။ ပန်းကို အကဲခတ်သည်။ သို့သော် တည်ကြည်စွာ ပြုံးထား၏။

mgyoe.com

mgyoe.com


လက်ဖက်ရည်ဝိုင်းမှ ဦးစွာ ထသူမှာ ကိုသန်းနိုင်။

"သမီးရေ၊ ဖေဖေ့ဆီ ခဏလာပါဦးကွယ်"

ကိုသန်းနိုင်က ကျော်ကျော့်အား ချော့မော့ထားခဲ့ကာ အခန်းထဲမှ ထွက်သွား၏။

သမီးနှင့် အရီသည် တစ်ယောက်နှင့်တစ်ယောက် ပြိုင်တူကြည့်မိကြသည်။

"သမီးရဲ့မျက်နှာကို တင်းမထားပါနဲ့လား သမီးရယ်"

"အို တင်းထားရမှာပဲ မေမေ"

ကျော်ကျော်က လက်သုတ်ပဝါကို နေရာတကျ ခေါက်ထားရင်း ရယ်လိုက်ရာ

"ကျော်ကျော် ဘာရယ်တာလဲ"

ပန်းက မျက်နှာထားဖြင့် မေးသည်။

"မမမျက်နှာက တစ်ကမ္ဘာလုံးကို အိမ်ပေါ်တင်ကျွေးထားရတဲ့ မျက်နှာမျိုး၊ ဟိ ဟိ"

ပြောပြီးလျှင် ပြေးထွက်သွားသည့်အတွက် ပန်းမှာ ကျော်ကျော့်ကို မမိလိုက်ပေ။

မခင်ရီက ညှင်းညှံ့ ညင်သာစွာ ပြော၏။

"အခြေအနေကလည်း အတော် ပြောင်းလဲနေပါတယ် သမီး။ သမီး ဖေဖေကို ငါးတကာရဲ့ အညစ်အကြေး ပုစွန်ဆိတ်ခေါင်းမှာ စုတာမျိုးလည်း မလုပ်စေချင်ဘူး သမီး"

"မေမေ မသိပါဘူး"

မခင်ရီ မျက်နှာပျက်သွားသည်။ သမီးစကားက ခက်ထန်သည်။ မောက်မာသည်။

"မဟုတ်သေးဘူး သမီး။ လူဟာ နားနှစ်ပေါက်ရှိသလို နားနှစ်ဖက်

mgyoe.com

mgyoe.com


နဲ့ နားထောင်ရမယ်ကွယ်။ မျက်စိနှစ်လုံးရှိတဲ့အတွက် ဘက်နှစ်ဘက်က နေပြီး ကြည့်ပါ။ ဟုတ်လား”

ပန်းက အင်တင်တင် လုပ်နေ၏။ ဒါမဆန်း။

သူတို့ကလေးတွေသည် လူ့လောက၌ မပြည့်အိုးတွေ ဖြစ်၏။ မပြည့်အိုးပီပီ လှုပ်ရှား၏။ ဘောင်ဘက်မြည်ကြွေး၏။ စင်စေ၏။ ထိစေ၏။ ပုတ်ခတ်၏။ မေမေ မသိပါဘူး ဆိုလိုက်ရမှာ သည်သဘော ဖြစ်၏။

မပြည့်အိုးမည်သည် ပြည့်ချင်ယောင် အင်မတန် ဆောင်တတ်၏။ သူကလေးသည် ဘဝ၏ မပြည့်အိုးပဲ မဟုတ်လား။ ကျိုးကြောင်းစုံလင် မိဘက တင်ပြလာသည်ကို အင်တင်တင် ဖယ်တယ်တယ်ဟန် ဖမ်းနေပုံက မပြည့်အိုးမှန်း ထင်ရှား၏။

စာနာရမည်၊ မျှမျှတတ ကြည့်မြင်တတ်ရမည်ဆိုသည်ကို ပန်း နားမလည်သေး။ နားလည်ရကောင်း၊ လက်ခံရကောင်း၊ ကျင့်သုံးရကောင်းမှန်း မသိသေး။ သို့ကြောင့် ကိုယ့်အချစ်ရေး အဆင်မပြေသည်ကို ဖအေတစ်ဦးတည်းပေါ်သို့ ပုံချ၏။

“သမီးဖေဖေ စောင့်နေရော့မယ်။ သွားချေပါ။ ယဉ်ယဉ်ကျေးကျေး လည်းပြောနော်။ ဖေဖေဟာ သမီးတို့ကို အင်မတန် ချစ်ရှာပါတယ်ကွယ်။ မရိုင်းစိုင်းအောင် သတိထား၊ ကဲ သွားသွား”

ပန်းသည် ခေါင်းငုံ့၍ မိခင်ကိုကြည့်ရင်း ကိုယ်ကိုသိမ်းကာ ထ၏။ ပမာမခန့်မျက်နှာကို မော့၍ ထွက်လာသည်။

စာကြည့်ခန်းထဲ၌ ကိုသန်းနိုင်က စောင့်နေ၏။ ခြေသံကြားလျှင် လှည့်ကြည့်ကာ “သမီး ထိုင်” ဟု ကြိုဆိုသည်။

ပန်းက မျက်စောင်းထိုးလိုက်ပြီး မျက်နှာလွှဲကာ ထိုင်၏။

“ဖေဖေ့ကြောင့် သမီးမှာ စိတ်ဝေဒနာရတယ်ဆိုရင် ဖေဖေ

mgyoe.com

mgyoe.com


တောင်းပန်ပါတယ် သမီးရယ်။ သမီးရဲ့ ကိုယ်ရေးကိုယ်တာကိုပါ ထိခိုက်ပြန်တဲ့အတွက် ဖေဖေ ဝမ်းနည်းလို့ မဆုံးပါဘူး"

ပန်းက မဆိုပေ။ မကြားသလိုလို ကြားသလိုလို၊ လူထင်သလိုလို မထင်သလိုလို ခြေချိတ်လျက် စောင့်ကြည့်နေသည်။

"နောင်အေးရဲ့ အမေ ဒေါ်လှမြတ်မင်းကို ဖေဖေ ပုဂ္ဂိုလ်စွဲ မပြောလိုပါဘူး။ သို့ပေမယ့် လူဆိုတာ ခိုးတတ်မှ ယိုးစွပ်တတ်တဲ့ သဘောရှိတယ် သမီး။ ဒါကို ဦးစွာပထမ သမီး နားလည်ထားသင့်တယ်။ ဒါကြောင့် သူတစ်ပါးရဲ့အပြစ်ကို ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အတင်းဖိပြောကြတယ်။ ဒါမှသာ ကိုယ့်မကောင်းမှုဟာ သာမညဖြစ်သွားမယ်။ သို့မဟုတ် ပျောက်ကွယ်သွားတယ် ထင်ကြတယ်။ ဒီသဘောနဲ့ စိတ်ဖြေရာရှာပြီး ပြောတတ်ကြရာမှာ ဒီလမ်းထဲမှာ အိမ်တစ်အိမ်ကို သမီးသွားကြည့်ပါ။ တခြားအိမ်ရဲ့အတင်းကို ပြောတာ သမီး ကြားရမယ်။ တခြားအိမ်ကို သွားရင်လည်း နောက်တစ်အိမ်ရဲ့ မကောင်းကျိုးပြစ်တွေကို ဆီးပြောကြလိမ့်မယ်။ ဒီလိုပြောလိုက်ရတဲ့အတွက် ကြားနာရတဲ့လူက သူတို့ကို လူကောင်းသူကောင်းတွေလို့ အထင်ခံရရင် သူတို့ သိပ်ကျေနပ်တယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ လူကောင်းသူကောင်းဖြစ်လာအောင် မကြိုးစားကြ မကျင့်ကြံကြဘဲ အတင်းပြောတာမှာ လမ်းဆုံးနေကြတယ်။ ဖေဖေပြောတာကို သမီး နားလည်ပါတယ်နော်"

"နားလည်ပါတယ်"

ကြည့်လေ။ ဖအေက ပျော့ပျောင်း သိမ်မွေ့သလောက် သူကတော့ မာဆတ်ဆတ်။

"ဖေဖေဟာ အဲဒီလို အတင်းပြောနဲ့ မွေ့လျော်တဲ့လောကမှာ ကျင်လည်နေရပါတယ် သမီးရယ်။ သူတို့ကို ကျေနပ်တာ၊ မကျေနပ်တာထက် အလုပ်ဝတ္တရားအရ ဆက်ဆံရပါတယ်။ မာနကြီးတဲ့လူကို ကြီးတဲ့

mgyoe.com

.mgyoe.com


အလျောက်၊ ဖော်ရွေတဲ့လူကို ဖော်ရွေတဲ့အလျောက် အလုပ်အောင်မြင်ရေး အတွက် ဆက်ဆံရတယ် သမီး။ ဖေဖေဟာ ယောကျ်ားတွေနဲ့ ဆက်ဆံရသလို၊ မိန်းမတွေနဲ့လည်း ဆက်ဆံရတယ်။ တကယ်လို့ ဖေဖေဟာ ယောကျ်ားတွေနဲ့ မဆက်ဆံဘူး၊ မိန်းမတွေနဲ့ချည်း ဆက်ဆံတယ်ဆိုရင်တော့ ပြောပါ။ အခုတော့ ဖေဖေ့နေ့စဉ်မှတ်တမ်းကို သမီးကြည့်ချင်ရင် ကြည့်ဦး။ ဖေဖေဆက်ဆံရတဲ့ လူတစ်ရာမှာ ၇၉ ယောက်ဟာ ယောကျ်ားတွေ ဖြစ်ပါလျက်နဲ့ မိန်းမတွေနဲ့ ရောလွန်းတယ်လို့ ပြောတာဟာ တရားပါ့မလား သမီးရယ်။ နောက်ပြီး ဆရာဝန်။ ဆရာဝန်ဟာ ယောကျ်ားလူနာရော မိန်းမလူနာကိုပါ လက်ကိုင်ပါလျက်နဲ့ ဒီဆရာဝန်ဟာ မိန်းမတွေရဲ့လက်ကို ကိုင်တယ်လို့ ပြောလို့ဖြစ်မလား။ ဒါကြောင့် ဖေဖေ့ကို ဒေါ်လှမြတ်မင်း စွပ်စွဲတာဟာ သဘာဝကျ၊ မကျ သမီးစဉ်းစား"

ပန်းသည် ဖခင်အား စူးစူးစိုက်စိုက် ကြည့်နေ၏။ ပြောစကားကို ဂရုတစိုက်လည်း နားထောင်နေ၏။ သူကမူ တစ်လုံးမျှ မဟသေး။

"နောက်ပြီးတော့ သမီး ဒီမှာမနေချင်ဘူး။ တစ်နေရာရာမှာ လွတ်လွတ်ကင်းကင်း သွားနေမယ်လို့ ပြောတယ်။ ဒီတော့ သမီးစဉ်းစားဖို့က မြန်မာဟာ မြန်မာပဲ။ မြန်မာစင်စစ်ကနေပြီး မြန်မာအယူ၊ မြန်မာအလေ့နဲ့ မြန်မာ့ယဉ်ကျေးမှုကို စွန့်ပြီး ဘယ်လောက်ပဲနေနေ၊ မြန်မာကြားက မထွက်နိုင်သေးရင်တော့ တစ်နေ့နေ့မှာ မြန်မာအမြင်က ခေါင်းပြူလာတတ်တယ် သမီး။ ဗိုလ်ဆန်ရင်လည်း လုံးဝဆန်ပစ်လိုက်။ မြန်မာဆိုရင်လည်း လုံးဝ မြန်မာဖြစ်ပစ်လိုက် ကိစ္စမရှိဘူး။ တောင်တစ်ခြမ်း၊ မြောက်တစ်ခြမ်းဆိုရင်တော့ ခက်တယ်။ ဒုက္ခများတယ်။ နောင်အေးပဲဖြစ်စေ၊ နောင်အေးရဲ့အမေပဲဖြစ်စေ၊ အခြားတစ်ယောက်ပဲဖြစ်စေ ခေတ်မီတယ်ဆိုပါတော့။ သမီးကလည်း အိမ်ထောင်မရှိဘဲ အုပ်ထိန်းမှုလွတ်ရာမှာ နေတယ်ဆိုပါတော့။ သူတို့ လိုလားနေတုန်းမှာတော့

mgyoe.com

mgyoe.com


ကောင်းတယ်ပြောမှာပဲ။ မလိုလားဘူးဆိုရင် အုပ်ထိန်းမှုမရှိ ဘာညာ စသဖြင့် ပြောလာကြတော့မယ်။ သမီး ရင်ဆိုင်ရဲသလား၊ မြန်မာမိန်းကလေးတစ်ယောက်ဟာ အုပ်ထိန်းမှုမရှိဘူး အဆိုခံရတာဟာ ပေါက်လွှတ်ပဲစား ပရမ်းပတာလို့ အဆိုခံရတာနဲ့ အတူတူပဲ။ ရှည်ရှည်တွေးလေ ကျယ်ဝန်းလေပဲ။ ဒါကိုလည်း စဉ်းစား၊ ဟုတ်လား သမီး"

"သမီး စဉ်းစားနေပါတယ် ဖေဖေ"

"ထားတော့၊ ဖေဖေ့ကို သူတစ်ပါးက သွားပုပ်လေလွင့် ပြောတာတွေ မှန်တယ်ပဲဖြစ်ဖြစ်၊ မှားတယ်ပဲဖြစ်ဖြစ် ဖေဖေ ဘာမှမပြောချင်ဘူး။ ဖေဖေ ကတိတစ်ခုပေးမယ်။ ဒါက ဘာလဲဆိုရင် ကနေ့ကစပြီး သမီးနဲ့ သမီးမေမေကို အနှောင့်အယှက်မဖြစ်အောင် ကြိုးစားမယ်။ မိန်းမတွေနဲ့ အစွမ်းကုန်ရှောင်မယ်။ ဟုတ်ပြီလား"

ပန်းက ခေါင်းညိတ်ပြသည်။

"ကဲ သမီးကိုယ်ပိုင်ဦးနှောက်နဲ့ သမီးကြိုက်သလို ဆုံးဖြတ်ပေတော့။ ဖေဖေ အလုပ်သွားချိန် နီးနေပြီ"

ကိုသန်းနိုင်က အခန်းထဲမှ ညင်သာစွာ ထွက်ခွာသွား၏။

ပန်းသည် ဖခင် ဖွင့်ထွက်သွားသော တံခါးကို စိုက်ကြည့်လျက် ကျန်ခဲ့၏။

✦

mgyoe.com

mgyoe.com

# ၃

ပန်းတစ်ယောက်တည်း စာကြည့်ခန်းထဲမှာ ငြိမ်သက်နေသည်။

ပန်း စဉ်းစားနေခြင်း ဖြစ်သည်။

ဖခင်ပြောသွားသော အကြောင်းအရာများ အချက်အလက်များကို ဉာဏ်မီသမျှ သုံးသပ်ဝေဖန်ကြည့်၏။

ဖခင်သည် ပန်းကိုလည်းကောင်း၊ မေမေ့ကိုလည်းကောင်း မှန်သည် မှားသည် ဆိုမသွား။ ပန်းကိုလည်း မသွားရဟု တစ်ခွန်းမျှ မပြောပေ။

သို့သော် ပန်း နားလည်ပါသည်။

ဖခင်သည် အနာတက်နေသူကို တိုက်ရိုက် ဆေးကျွေးမသွားခဲ့။ အငွေ့အသက်မျှသာ ပေးသွားသည်။ အငွေ့သည် အာနိသင်ရှိပါသည်။

ကိုသန်းနိုင် ညွှန်ပြသွားသော အချက်များကို ပန်း လက်ခံရမလို ဖြစ်နေ၏။ အကြောင်းအရာများကို ပန်း ဖယ်ရှားရန် ခက်နေပြန်သည်။ နောက်ဆုံးပေးသွားသော ကတိကိုကား လေးစားသလို ပန်း တန်ဖိုးထား ရပေတော့မည်။

ပန်း၏စိတ်သည် နူးညံ့လာလေ၏။

အကျဉ်းလှောင်ခံနေရရာက လွတ်လပ်လာသူလို ရင်တစ်ခုလုံး ပေါ့ပါးသွားသည်။

mgyoe.com

mgyoe.com


သည်အခါ နောင်အေးကို လွမ်းဆွတ်ပူဆွေးချင်လာ၏။

နောင်အေးအကြောင်းကိုသိလျှင် ပန်းအပေါ်၌ စွဲလမ်းချစ်ခင်နေသည်ကို အံ့ဩရမည်လား မသိပေ။

ပန်းက ဆယ်တန်းအောင်သည်ဆိုရုံနှင့် ဘယ်လိုမှ တားဆီးမရဘဲ ကျောင်းထွက်ကာ ကိုယ့်ဝမ်းကိုယ် ထိန်းကျောင်းမည်ဆိုပြီး လက်နှိပ်စက်လက်ရေးတိုသင်၍ ကောက်ပဲသီးနှံရောင်းဝယ်ရေးရုံးတွင် ဝင်ရောက်အလုပ်လုပ်သည်။ လက်နှိပ်စက်စာရေးမကလေးတစ်ယောက်သာဖြစ်၏။

နောင်အေးမှာ ပန်းနှင့် တစ်နှစ်တည်း ဆယ်တန်းအောင်ခဲ့၏။ တက္ကသိုလ်သို့ ဆက်နေ၏။ ဥပစာ က တန်းမှ မတက်ပေ။

လိုင်စင်ရောင်းစားကာမျှဖြင့် နေ့ချင်းညချင်း ဘဏ်ငွေစာရင်း၌ ငွေတိုးနေသော ဒေါ်လှမြတ်မင်းသည် တစ်ယောက်တည်းသော သားအား အမွှန်းတင်ထားသည်။ ကားအသစ်ရောက်လာတိုင်း လဲပေးနေ၏။

သားကလည်း အိမ်မှာမနေ။ ကျောင်းကအဆောင်မှာ နေသလိုလို လုပ်ထား၏။ စင်စစ်တော့ ကားတစ်စင်းနှင့် လျှောက်မွှေနေခြင်းသာ ဖြစ်သည်။

ငွေရှိနေသဖြင့် နောင်အေးအတွက် စာမေးပွဲ ကျသည်ကိုပင် အောင်အောင်လုပ်၍ ရ၏။ တပည့်တပန်း အပေါင်းအသင်းကလည်း ပေါ၏။ ညအချိန်မတော် လူစုလူဝေးနှင့် ဆူပူသံကြား၍ ကျောင်းသားရေးရာမှူးဖြစ်စေ၊ အဆောင်မှူးပဲဖြစ်စေ ထွက်လာပြီး နောင်အေးဆိုက ပြန်ဝင်သွားရသည်။

ထိုအချိန်က ထကြွလှုပ်ရှားလာသော ဒီအက်စ်အို လက်ယာကျောင်းသားဂိုဏ်းတွင် နောင်အေးက ဩဇာရှိသည်။ ငွေလိုသလား၊ ကားဘယ်နှစီးလိုသလဲ၊ လူမိုက်လိုချင်သေးလား နောင်အေး ဖန်တီးပေး၏။

mgyoe.com

mgyoe.com


လက်ယာဂိုဏ်း၏ ကျောင်းသားရေးရာတွင် တက်ကြွသော နောင်အေးသည် မိန်းမရေးရာတွင်လည်း တက်ကြွ၏။ အင်လျား၏ ဘယ်နေရာပဲဖြစ်ဖြစ် နောင်အေး မွှေ့လျော်ဖူးသည်။ သည်နေရာ၌ ပန်းကြွေ မြေခချင်လည်း ခမည်။ စမ်းမျက်ရည် စိမ့်ချင်လည်း စိမ့်မည်။

ကိစ္စမရှိ။ နောင်အေးမှာ ကျောင်းသားအမည်ခံပြီး ဒါပဲလုပ်သည်။

နေ့တစ်နေ့တွင်

ပန်းက ဆူးလေဘုရားလမ်းသို့ ခြေကျင်လျှောက်လာ၏။ ဆင် တံဆိပ် ဘတ်စ်ကားကို စီးရန်ဖြစ်၏။ အခန့်သင့်ပင် ဖေဖေ့ကားနှင့် တွေ့သဖြင့် လိုက်လာခဲ့ရာ ယောက်လမ်းထိပ်တွင် ကိုယ်ပိုင်ကားတစ်စီး နှင့် တိုက်မိသည်။

ကိုသန်းနိုင်မှာ ကားကိုကြည့်ကာ ဝန်ကြီးကားလောဟု ထိတ်လန့်သွား၏။ လမ်းမှားကာ ဝင်တိုက်သောကားမှာ ဝန်ကြီးတွေသာ စီးသေးသော စတူဒီဘေကာ ကားကြီးဖြစ်သည်။ ထိုကားက ကိုသန်းနိုင်၏ ကားနောက်ပိုင်းကို ဝင်တိုက်မိခြင်း ဖြစ်၏။

ထိုကားမှာ နောင်အေး၏ ကားဖြစ်သည်။ နောင်အေးကိုယ်တိုင် မောင်းလာပြီး နောင်အေးမှာ အရက်မူးနေသည်။

ထိုကားတိုက်မှု၌ ကိုသန်းနိုင်မှာ ကားအသစ်တစ်စီး အမြတ်ရသွား၏။ ပန်းမှာမူ နောင်အေးနှင့် ချစ်သောအမြတ်ကို ရရှိပေသည်။

ပန်းသည် နောင်အေးအား မစူးမစမ်း ချစ်လိုက်ခြင်းပဲ ဖြစ်၏။ နောင်အေး ဘာကောင်၊ ဘယ်လိုလူစား၊ ဘယ်သူ့သားဟု မသိ။ ချစ်စိတ်ပေါ်လာသဖြင့် ချစ်လိုက်ခြင်းပဲ ဖြစ်သည်။

နောင်အေးသည် ပန်းအား တစ်ကြိမ်နှစ်ကြိမ် ဟိုဟိုသည်သည် ခေါ်ကြည့်၏။ ပန်းက မလိုက်။ နောက်တော့ နောင်အေး မခေါ်တော့ပေ။

ရုံးချိန်တွင် လာတွေ့၏။ အိမ်တွင်လာတွေ့၏။ ပန်း အလိုက်

mgyoe.com

mgyoe.com


လျော့ဆုံးကား လမ်းကြုံရာ ရှာမီ၊ အိုရီရင့်နှင့် ကွန်တီနင်တယ်တွင် တစ်ခုခု လိုက်စားတာပဲဖြစ်၏။

နောင်အေးမှာ ပန်းကိုမူ လေးလေးစားစား ချစ်ပုံရသည်။ ခက်သောမိန်းကလေးမို့ တန်ဖိုးထားတာ ဖြစ်ချင်ဖြစ်မည်။

မနေ့ကတော့ ရုံးဆင်းခါနီးတွင် နောင်အေး ရောက်လာ၏။ သူ့မျက်နှာ မရွှင်လန်း။

အလုပ်လုပ်ဖော် မိန်းကလေးများ ပန်းကို မနာလိုဖြစ်ရသော နောင်အေးသည် မိန်းကလေးတွေကို မကြည့်ဘဲ ပန်းရှေ့မှာထိုင်ကာ ပန်းကို ငေးကြည့်နေ၏။

"အကြောင်းထူးရှိလို့လား ကို"

ပန်းက သည်လိုပဲ မေးတတ်သည်။

"ပြောစရာစကား အထူးရှိလို့"

နောင်အေး၏ ပြောစရာအထူးမှာ များသောအားဖြင့် နောင်အေး ခရီးသွားစရာကိစ္စများသာ ဖြစ်တတ်သည်။ သို့ကြောင့် ပန်းက သူ ဂျပန်ကိုသွားမလို့လား၊ ဟောင်ကောင်ကိုလား၊ စင်ကာပူတွင်လည်း၊ ဘန်ကောက်တွင်ပဲလား၊ အမေရိကားတောင် ရောက်မှာလားဟု တွေးကာ ဘာမှာလိုက်ရပါ့မလဲ စဉ်းစားနေ၏။ တခြားဟာကို မတွေး။

ရုံးဆင်းလျှင် သူတို့နှစ်ယောက် ဘေးချင်းယှဉ်၍ ဆင်းလာကြသည်။

နောင်အေး၏ကားမှာ သော့တန်းလန်းနှင့် စက်နှိုးထားလျက်ကြီး ရှိနေ၏။

နောင်အေးက ရှေ့တံခါး၊ နောက်တံခါး ပန်းကြိုက်ရာနေရာတွင် ထိုင်နိုင်ရန် ဖွင့်ပေးသည်။ ပန်းက အနောက်တွင် ထိုင်သည်။ နောင်အေးက တစ်ခွန်းမျှမပြောဘဲ ကားမောင်းထွက်လာ၏။

mgyoe.com

mgyoe.com


လမ်းတွင် ပန်းက မေး၏။

"ဘာဖြစ်လို့ မျက်နှာမကောင်းတာလဲ။ နေထိုင်မကောင်းရင် ဘာဖြစ်လို့လာရသလဲ"

"ကောင်းပါတယ်။ စိတ်မကောင်းလို့ပါ"

လိပ်ကျောကြောင်ကော်ပြောင်ချော်ချော်နှင့် သည်လိုမျက်နှာမျိုး ညှိုးငယ်တာပန်း သည်တစ်ခါပဲ မြင်ဖူး၏။ သည်လူစားမျိုး စိတ်မကောင်းဘူးဆိုတာက ဆန်းသလိုလိုပင်။

ရှာမိတွင် လူရှုပ်နေ၏။ သူတို့ အိုရီရင့်သို့ လှည့်လာကြ၏။

သည်နေရာတွင်တော့ မြင်ကွင်းရှုပ်ပွေ၊ ရောင်မျိုးစုံတာကလွဲ၍ ရှင်းလင်းအေးငြိမ်သည်။

သူတို့သည် ချောင်ကျသော စားပွဲတွင် ထိုင်ကြ၏။ ထိုင်မိလျှင် အကြောင်းကိစ္စကို နောင်အေးက စတင်မဆိုပေ။ ပန်းကို ငိုင်ကြည့်နေသည်။ ပန်းကတော့ သတိမထားမိဟန်ဖြင့် ယာဉ်များ လူများ ထွေးယှက်လှုပ်ရှားသော လမ်းကို ကြည့်နေ၏။

မှာထားသော စားစရာများ ရောက်လာသဖြင့် ပန်းက စတင်စားသော်လည်း နောင်အေးက လမ်းကို ကြည့်သလိုလို၊ ပန်းကို ကြည့်သလိုလို၊ ဘာမှန်းမသိသော အကြည့်ဖြင့် ငိုင်တွေနေ၏။ သူ သက်ပြင်းတစ်ချက် ရှိုက်လိုက်လျှင် ပန်းက

"ဘယ်လိုလဲ ဘာမှမစားဘူးလား"

နောင်အေးက ထိတ်လန့်စွာ လှည့်ကြည့်သည်။ အားယူ၍ပြုံး၏။ မသက်မသာ လျော့ရဲရဲ ပြုံးခြင်းဖြစ်၏။

"ကို ဘာဖြစ်နေတာလဲ၊ ပြောစရာရှိတယ်ဆိုတာ ပြောလေ"

ပန်းက ထပ်ဆင့်ပြောမှ၊ နောင်အေးက စတော်ဘယ်ရီသီးတစ်လုံးကို ကောက်စားသည်။ နောက် ငေးနေပြန်၏။

mgyoe.com

mgyoe.com


ပန်းက မမေးတော့ပေ။ ပြောလည်း မပြောတော့။ သူ့ပြောစရာကို သူ မပြောလျှင်၊ စားသောက်ပြီးစီးလျှင် ပန်းက အိမ်ပြန်ရုံသာ ရှိသည်။

နောင်အေးက သက်မထပ်ချလိုက်ပြီး "ပြောရမှာ စိတ်မကောင်းလွန်းလို့ပါ ပန်းရယ်" ဟု စတင်ညည်း၏။

ပန်းက မျက်ခွံပင့်၍ ကြည့်သည်။

ထူးဆန်းသလိုထင်တာက မြဲ့ထားသဖြင့် ရုတ်ခြည်းအမိပ္ပာယ်မပေါ်ပေမယ့် စင်စစ်တော့ နောင်အေးမှာ ဝမ်းနည်း ညှိုးငယ်နေခြင်းဖြစ်သည်။

"ဒီစကားကို ပြောရမှာ အားလည်းနာတယ်၊ ဝမ်းလည်းနည်းတယ် ပန်းရယ်။ တကယ်လို့သာ ကိုဟာ ဗာစီတီကို ရောက်ကတည်းက ပညာကြိုးစားခဲ့ရင် အခုလို ရင်ကွဲရမှာ မဟုတ်ဘူး။ အခုတော့ နှောင်းခဲ့ပြီလေ။ နှောင်းမှ နောင်တရလို့ ဘာလုပ်ဦးမလဲ"

ပန်း ဘာမျှနားမလည်။ သူပြောချင်ရာကို သူ့ဘာသာသူ စွတ်ပြောနေတာကို သည်လိုပဲ လွှတ်ထားလိုက်သည်။

"ကိုဟာ ပန်းကို စတွေ့ချိန်မှာပဲ ငါ ဒီလိုနေလို့မဖြစ်ဘူး၊ စာကြိုးစားမှပဲဆိုတဲ့အတွေး တစ်ကြိမ်တော့ ပေါ်ဖူးတယ်။ နောက်တော့လည်း ပန်းတို့ရဲ့ အခြေအနေလည်း သိပ်မဆိုးလှပါဘူးလေဆိုပြီး ကိုယ့်ဘာသာကိုယ်ဖြေပြီး ကိုယ့်ဆင်ခြေနဲ့ကိုယ် ဆက်ပွေနေခဲ့မိတာ အခုမှ မှားမှန်းသိတယ်"

အိပ်မက်ထဲတွင် ယောင်ယမ်းပြောသူလို ပြောနေရာက ပန်းကို လှည့်ကြည့်ပြီး ရှက်ပြုံးပုံးကာ နောင်အေးက တောင်းပန်၏။

"အို ဆောရီး ပန်း။ ကိုယ်ပြောချင်ရာတွေ ကိုယ်တစ်ယောက်တည်း နားလည်တာတွေကို လျှောက်ပြောနေလို့ ပန်း ဘယ်မှာနားလည်ပါ့မလဲ။ အင်း၊ အဟဲ၊ ဒီလိုပန်းရေ့ ဒီလို"

mgyoe.com

mgyoe.com


ပန်းက ပြုံးပြလိုက်ပြီး "အခု ပြောတော့မလို့လား" ဟု နောက်၏။

နောင်အေးက မရယ်ချင်ဘဲ ဟန်လုပ် ရယ်မောလိုက်ရင်း

"ကိုယ့်အကြောင်းကို ပန်း သိသလား၊ မသိဘူးလားဆိုတာ ကိုယ်မသိဘူး ပန်း။ ကိုယ်ကတော့ တစ်ခါမျှ မပြောမိတာ အမှန်ပဲ"

"ပန်းတို့အကြောင်းကို ဖေဖေ သိနေပြီလေ။ ဒီတော့ ကို့အကြောင်းကို ဖေဖေ သိသားပဲ။ ပန်းသိဖို့ လိုသေးလား"

"ဟုတ်ပါပြီ။ ကိုဟာ မိန်းကလေးတွေကို အပျော်သဘော ဆက်ဆံခဲ့တယ်။ ပန်းကိုတော့ ဘာဖြစ်လို့ရယ် မသိဘူး။ လေးလေးစားစား နှစ်နှစ်ကာကာချစ်တယ်။ တကယ်ပဲ၊ တစ်ခါတစ်ခါ ငါ ဒီမိန်းကလေးကို ဘာကြောင့် ဒါလောက်ချစ်ရပါလိမ့် စဉ်းစားပြီး အံ့သြရတယ်။ ပန်းရဲ့ကံပဲ ဆိုပါတော့လေ။ အင်း ဒီလိုလည်း မဟုတ်သေးဘူး ထင်တယ်"

"ထားပါလေ ဘာပဲဖြစ်ဖြစ်"

"ဟုတ်ပါလိမ့်မယ်။ ပန်းရဲ့ကံပဲ ထင်ပါတယ်၊ ကိုဟာ ပန်းကိုမှ တကယ်မြတ်နိုးချစ်ခင်ပြီး လက်ဖျားနဲ့တောင် မထိရက် မတို့ရက် ထားခဲ့တယ်။ ဒီလို မြတ်နိုးချစ်ခင်လို့ လက်ထပ်ရေးအထိပါ ထည့်တွက်တဲ့အခါ မေမေမှ သဘောတူပါ့မလားဆိုပြီး စိုးရိမ်မိတယ်။ အဲဒါကြောင့် ခုနပြောတဲ့အထဲမှာ ပန်းနဲ့တွေ့စက စာကြိုးစားမှဖြစ်မယ်ဆိုတဲ့အသိ ပေါ်ခဲ့ဖူးတယ် ပြောတာပေါ့။ နောက်တော့လည်း ပန်းတို့ရဲ့အဆင့်အတန်းကို ကိုယ်သိတော့ သဘောမတူစရာ မရှိပါဘူးဆိုပြီး အေးနေခဲ့မိတာ"

"အခု ပန်းတို့က ကိုတို့လောက် ပစ္စည်းမရှိလို့ သဘောမတူဘူး ပြောနေသလား ကို။ ကို့မေမေ သဘောမတူတော့ကော ဘာဖြစ်သေးလဲ။ ပန်းဟာ မကြာခင် လက်ရေးတိုစာရေး ဖြစ်တော့မှာပဲ။ ကိုဘာမှ အလုပ်မလုပ်ဘဲနေဦး စားလို့ နေလို့ရပါတယ်"

"နားထောင်ပါဦး ပန်းရယ်"

mgyoe.com

mgyoe.com


ပန်းအသံက မာ၏။ သို့သော် နောင်အေးက ပျော့ချည် အေးချည် သည်။

"ကို တွက်ခဲ့တာဟာ ပစ္စည်းသမားဟာ ပစ္စည်းစကားပဲ ပြောတတ်တယ်လို့ ထင်ခဲ့တာကိုး။ မေမေဟာ ပန်းတို့ကို ကြည့်ရင် ငွေမျက်စိနဲ့ပဲ ကြည့်မယ် ထင်ခဲ့တယ်။ ဒီတော့လည်း မပူဘဲ အေးခဲ့တာ၊ အခု မထင်တဲ့ အကွက်က ဝင်တိုက်တယ် ပန်းရယ်"

ပန်း စိတ်ဝင်စားရသည်။ နောင်အေး၏စကားအဆက်ကို မျက်တောင်မခတ်ဘဲ စောင့်၏။

"မနက်ကပဲ သား အိမ်ထောင်ပြုချင်လား၊ မေမေ စီမံပါရစေ ပြောလာတာနဲ့ အကွက်ဝင်တာပဲဆိုပြီး ချစ်သူရှိနေပြီ။ ရုပ်ရည် ပစ္စည်း မဆိုးပါဘူး။ ဘာညာနဲ့ ပြောလိုက်တော့ ဘယ်သူ့သမီးလဲတဲ့။ ကိုယ့်ကလည်း ပန်းဖေဖေရဲ့နာမည်ကို ပြောလိုက်တယ်။ တစ်ခါတည်း ဟာ မဖြစ်ဘူးတဲ့"

"ဘာကြောင့်ဆိုတာ မပြောဘူးလား"

"မပြောဘူး"

"ဒါကို လာပြောတာပေါ့လေ"

"မဟုတ်ဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲဆိုတာကော ကိုက မမေးဘူးလား"

"မေးတယ်"

"ဘာပြောလဲ"

"ပြောပါ့မယ်လေ"

နောင်အေးက ရေခွက်ကို ကောက်မော့လိုက်ကာ

"ဒါကိုပြောရမှာ အားနာတယ် ပန်း။ ဝမ်းလည်းနည်းတယ်။ စိတ်လည်းမကောင်းဘူး။ ကို အခုပြောမှာက မပြောမဖြစ်လို့ ပြန်ပြော

mgyoe.com

mgyoe.com


ပြရတာဖြစ်တဲ့အတွက် ကို့ကို ခွင့်လွှတ်ပါနော်"

နောင်အေးမှာ ဝမ်းနည်းညှိုးငယ်နေသည်။ ပန်းကို ဝမ်းနည်းစွာ မော့ကြည့်ပြီး ဆက်ပြော၏။

"ပန်းရဲ့ဖေဖေဟာတဲ့ မိန်းမနဲ့ပတ်သက်တဲ့ ကိစ္စတွေမှာ သိပ်ရှုပ်တယ်တဲ့။ ကိုတို့လောကမှာ ပန်းဖေဖေဟာ နာမည်ပျက်နေပြီတဲ့။ ဒါကြောင့် ဒီလို အကျင့်ပျက်တဲ့လူရဲ့သမီး၊ နာမည်ပျက်တဲ့လူရဲ့သမီးနဲ့ သဘောမတူနိုင်ဘူးတဲ့"

နောင်အေးသည် ပန်းကို စိမ်းစိမ်းကြည့်ကာ စကားရပ်၏။

ပန်းသည် နောင်အေးအား မလှုပ်မယှက် စိုက်ကြည့်နေသည်။

"ပန်း စိတ်ထိခိုက်သွားပြီလား အသက်ရယ်။ ကို တောင်းပန်ပါတယ် ပန်း"

ပန်း မျက်တောင်ခတ်လိုက်သည်နှင့် ပုလဲလုံးလို မျက်ရည်ပေါက်ကြီးများ လျှောဆင်းလာ၏။

"ပန်းရယ်၊ ပန်းရယ် ကိုယ် ဘယ်လိုတောင်းပန်ရပါ့မလဲကွယ်"

နောင်အေးမှာ ခြေမကိုင်မိ ဖြစ်သွား၏။ လက်ကိုင်ပဝါဆွဲထုတ်ပြီး ပန်းမျက်ရည်ကို တို့ပေးသည်။

"မေမေ ဘယ်လိုပြောပေမယ့် ကိုယ် အချစ်မပြယ်ပါဘူး ပန်းရယ်။ ဒီလိုအပြောခံရလို့ ပန်းနဲ့ထပ်တူထပ်မျှ ကို့အသည်းလည်း နာရပါတယ် ပန်းရယ်"

နောင်အေးက ပန်းအားနာလာအောင် တောင်းပန်၏။ ရှင်းပြ၏။ ဝေမျှခံစားရလေဟန် ထုတ်ဖော်၏။

ပန်းသည် ကြိုးစား၍ မျက်ရည်ထိန်းသည်။ မျက်နှာကို တင်းပစ်ကာ

"ပန်း ငိုတာမဟုတ်ဘူး ကို။ ဝမ်းနည်းလို့ မျက်ရည်ကျတာ"

mgyoe.com

mgyoe.com



"ကိုယ် တောင်းပန်ပါတယ် ပန်းရယ်"

"မတောင်းပန်ပါနဲ့ ကို။ အဖြစ်အပျက်ကို ပြောပြတဲ့ဟာပဲ။ ကဲ ကို့စကားဆုံးပြီလားလို့။ ပန်းတော့ ကို့မေမေ သဘောမတူလည်း မပူဘူး။ နှစ်ယောက်သဘောတူ လက်ထပ်ပြီး လောကကြီးကို ရင်ဆိုင်မယ်"

"ပန်းက တယ်ပြီး စိတ်မြန်တာပဲကွယ်"

နောင်အေးက ဖျောင်းဖျသံဖြင့် ညည်း၏။ ပန်းက တက်ကြွလာသည်။ ရဲရင့်လာသည်။

"ဒါ ပန်းရဲ့သဘောကို ပြောတာ ကို။ ကို့မေမေ သဘောမတူလို့ အမွေဖြတ်ပစ်မှာ စိုးသလား ဟင်။ အမွေနဲ့ကားစီး၊ အမွေနဲ့တိုက်ဆောက်တာဟာ တကယ်တော့ ရှက်စရာအလုပ်ပါ ကိုရယ်။ ကိုယ့်အစွမ်းလည်း မပါ။ ကိုယ့်ကြိုးစားမှုလည်း မပါဘဲနဲ့ သူတောင်းစားပါ ကိုရယ်"

"အို ဒီလိုမဟုတ်သေးဘူး ပန်း။ ဒီလို မဟုတ်သေးဘူး"

"ကို ဘာပြောချင်တာလဲ ဟင်"

"ကိုတို့မှာ အမေတစ်ခု သားတစ်ခု ရှိတာပါ ပန်းရယ်။ သူ့စကားကို လွန်ဆန်သွားရင် အမွေဖြတ်တာ၊ မဖြတ်တာအထိ ရောက်မလာတော့ဘဲ သေသွားမှာ"

"ဒါကြောင့် ပန်းကို ဖြတ်ချင်တာလား ကို၊ ဟင်"

"ဒီစကားကို ကို မကြားပါရစေနဲ့ ပန်းရယ်။ ကို သေရပါလိမ့်မယ်။ ဒါရဲ့အဖြေကိုလည်း ကို့တစ်သက် မပြောပါရစေနဲ့ ရူးလိမ့်မယ်"

"ပြတ်ပြတ်ပြောစမ်း ကို"

ပန်း၏အမူအရာမှာ နောင်အေးအား စိုးမိုးသလိုရှိသည်။ထန်သည်ထက် ထန်လာ၏။

"ပြီးတော့ ပန်းကို တင့်တင့်တယ်တယ် ထားနိုင်အောင် ကို စာကြိုးစားသင်ချင်တယ် ပန်း"

mgyoe.com

mgyoe.com


"စာသင်တာ ကျောင်းသားအလုပ်မဟုတ်လား ကို။ စာဆက်သင်ချင်တာနဲ့ ပန်းကို ဒီစကားပြောတာနဲ့ ဘာဆိုင်လဲ။ ကို ယောကျ်ားမဟုတ်လား။ ပြောစရာရှိတာကို သတ္တိရှိရှိပြောစမ်းပါ"

နောင်အေး ဝေခွဲမရ။ ပြောချင်တာနှင့် ပြောတာ တခြားစီဖြစ်နေသည်။

ပန်းက အမိန့်ပေးသလို ပြောတော့ သူ့မှာ အစာနင်သလို ဖြစ်နေ၏။

"ဟုတ်တယ် ပန်း။ ကိုပြောတာဟာ လိုရင်းကို မရောက်ဘူး။ မေမေသဘောမတူတာကို ကို စွတ်မတိုးရဲဘူး။ မေမေ သေသွားလိမ့်မယ်။ ဒါကြောင့် ကိုတို့မမုန်းဘဲ အနေအေးကြဖို့"

"တော်ပြီ။ ပန်း နားလည်ပြီ"

ပန်းအသံသည် အတန်ငယ် ကျယ်လောင်သွား၏။

"ကိုဟာ ယောကျ်ားမပီသတဲ့ သူတောင်းစားပဲ"

"ဘယ်လိုပြောလိုက်တာလဲ ပန်းရယ်"

"ကိုဟာ ကို့မေမေရဲ့ အရိပ်ကို မစွန့်လွှတ်ရဲဘူး။ ကိုယ့်အားကိုယ့်မာန်နဲ့ ဘဝကို ရင်မဆိုင်ရဲဘူး။ သူရဲဘောကြောင်တယ်။ အမွေဆိုတဲ့ သူတစ်ပါးနှာခေါင်းနဲ့ အသက်ရှူချင်တဲ့ သူတောင်းစား"

"ကို့အချစ်ဟာ မပြယ်ပါဘူးကွယ်"

သို့သော် ဒါကို ပန်းမကြားလေ။

"ဟင်း၊ ကျောင်းမှာတော့ ချပါတော့လား၊ သတ်ပါတော့လား၊ အုပ်ပါတော့လားနဲ့။ ငှားလာတဲ့ လူမိုက်တွေကို မြှောက်ပေးရဲခဲ့တဲ့ ကိုဟာ လူငှားလို့မရတော့တဲ့ လောကတိုက်ပွဲကျတော့ သတ္တိမထွက်တော့ဘူး မဟုတ်လား"

"ပန်းကို ကို ချစ်လျက်ပဲ၊ နောင်လည်းချစ်မှာပဲ။ မယုံရင် ရင်ကို ခွဲပြရဲတယ်"

mgyoe.com

mgyoe.com



"ဒီစကားလုံးတွေနဲ့ ဖြီးလို့အပိုပဲ ကိုရေ။ ရင်ခွဲရတာက ပန်းပါ။ အသည်းကွဲရတာက ပန်းပါ၊ ပန်း သိလား။ အို ကို နှိပ်စက်တဲ့ဒဏ်နဲ့ သေပါစေတော့လေ။ ကို မလိုက်ခဲ့နဲ့၊ ပန်းမှာ ခြေထောက်ပါတယ်"

ပန်းသည် နောင်အေး ထိုင်ရာမှမထနိုင်မီ ဟိုတယ်အပြင်သို့ အရောက် ပြေးထွက်ခဲ့သည်။ ချက်ချင်း လမ်းကို ဖြတ်ကူး၏။ ရှုပ်ထွေး စည်ကားသော လူအုပ်ကို တိုးဝှေ့၍ ဆင်တံဆိပ် ဘတ်စ်ကားတစ်စီးပေါ် သို့ ပြေးတက်ခဲ့သည်။

ကားဖြတ်အသွားတွင် ပန်းလှမ်းကြည့်ရာ နောင်အေးသည် ဟိုတယ်ဝတွင် ဟိုပြေးရမလို၊ သည်ပြေးရမလို ဖြစ်နေ၏။

နာနာရှိသည်နှင့် ပန်းပြောခဲ့သောစကားများမှာ မှန်သည်။

နောင်အေးမှာပန်းကိုချစ်သည် မှန်ပေမယ့် တပ်မက်ဖွယ်ကောင်း၍ နှစ်လိုဖွယ်အပြည့်ရှိသော ထိပ်ဆုံးလွှာကို မစွန့်လွှတ်ရဲသောစိတ်က လွှမ်းမိုးနေ၏။ သို့ကြောင့် ပန်းဝင်ငွေနှင့် စားဝတ်နေရေး ဖူလုံသည် ပန်းပြောပါလျက် သူ စိတ်မဝင်စားခြင်း ဖြစ်၏။

ပန်းသည် မရှက်ပါ။ ဘတ်စ်ကားပေါ်တွင် ငို၏။ ဘတ်စ်ကား စပယ်ယာသည် ငိုနေသော မိန်းကလေးကို ကားခအတင်း လာတောင်း သည်။ ပန်းက မုန်းမုန်းနှင့် ရာတန်ကြီး ထုတ်ပေးလိုက်သည်။

စပယ်ယာ ငွေတစ်ရာဖိုးရအောင် ရှာဖွေမပြီးမီ ပန်းက ဝအောင်ငို သည်။ အနုတ်တွေပါလျက်နှင့် မပေးဘဲ မှတ်တိုင်မဟုတ်သော အိမ်ရှေ့၌ အရပ်ခိုင်းကာ ဆင်းလာ၏။

အိမ်သို့လျှောက်သော လမ်းကလေး၏ ခရီးတွင် ပန်းသည် နောင်အေး အား မုန်းစိတ်မွေး၍ မရ။ သည်လိုဖြစ်ရခြင်းမှာ ဖေဖေ့ကြောင့် ဟု တရားခံရှာ၏။ သည်မှာ မနေဟုလည်း ပိုင်းဖြတ်လာသည်။ သည်လို ဖြင့် ဆောင့်ဆောင့်အောင့်အောင့်ကြီး မေမေရှေ့သို့ရောက်ခဲ့၊ ဖြစ်ပျက်ခဲ့၊

mgyoe.com

mgyoe.com


ပြဿနာတက်ခဲ့သည် မဟုတ်လား။

ပန်းသည် နောင်အေးကို လွှမ်းဆွတ်၏။

ဖေဖေ့ကိုလည်း ဖေဖေ့ ကတိအားကိုးဖြင့် ခွင့်လွှတ်ရပြန်သည်။

စာကြည့်ခန်းတံခါး ပွင့်လာ၏။ မေမေ မခင်ရီ၏ ငြိမ်အေးသော မျက်နှာပေါ်လာသည်။

"သားအဖတစ်တွေ အဆင်ပြေကြတယ် မဟုတ်လား သမီး"

"ပြေပါတယ် မေမေ"

"ဝမ်းသာလိုက်တာ သမီးရယ်။ ကဲ ကဲ ရုံးချိန်နီးနေပြီ"

ပန်းသည် သွက်လက်စွာထ၍ အခန်းပြင်သို့ ပြေးထွက်သွားလေ၏။

မခင်ရီသည် ချမ်းမြေ့ကြည်နူးခြင်းကို ရင်မှာ သိမ်းပိုက်မိချေသည်။

✦

mgyoe.com

mgyoe.com

၄

သမီးနှင့်ဇနီးတို့ စိတ်ညစ်ညူးစေသော မိန်းမတွေနှင့် မဆက်ဆံမိအောင် အစွမ်းကုန်ကြိုးစားပါမည်ဟု ကတိပေးခဲ့ပြီး တစ်နာရီအကြာတွင်–

မန်နေဂျာနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်မိသည်နှင့် တစ်ပြိုင်နက်–

"ဟောဒီမှာ လက်နှိပ်စက်ကျောင်းထောင်ချင်တဲ့ အမျိုးသမီးတစ်ဦးဆီက စာဗျို့။ ဦးသန်းနိုင် သွားတွေ့လိုက်ပါ"

မန်နေဂျာက စာတစ်စောင် ထုတ်ပေး၏။

"ကျွန်တော်မသွားရင် မဖြစ်ဘူးလား" ဟု ကိုသန်းနိုင် မေးစရာမလို။ မန်နေဂျာသည် ကိုသန်းနိုင်သွားမှ ပြေပြစ်မည်ယူဆသဖြင့် ကိုသန်းနိုင်အား စေလွှတ်ခြင်းဖြစ်၏။ တာဝန်ပေးခြင်းဖြစ်၏။

အခြားကိုယ်စားလှယ်ကလေးတွေ၊ ကိုယ်စားလှယ်ကြီးတွေ ဤကုမ္ပဏီတွင် ရှိပါသည်။ ရှိသော်ငြား နေရာတိုင်း၌ ဝင်ဆံ့ကြသည် မဟုတ်။ ဆင်ယင်ဝတ်စားမှု သပ်ရပ်ကြော့မော့သည် ထား၊ ဆက်ဆံတတ်ဖို့လို၏။ ဆက်ဆံတတ်သည်ဆိုဦးတော့ လူတန်းစားစရိုက်ကို နားလည်ရန် လိုပြန်သေးသည်။

ကိုသန်းနိုင်ကား မြင်သူနှစ်သက်ဖွယ်ကောင်း၏။ ဝတ်စား

mgyoe.com

mgyoe.com


ဆင်ယင်မှု အထက်တန်းကျသည်။ စိတ်ရှည်စွာ ဆက်ဆံတတ်၏။ သက်ရောက်ရာ လူတန်းစား၊ များသောအားဖြင့် အထက်တန်းလွှာတို့၏ စိတ်နေသဘောထားနှင့် အကျင့်စရိုက်ကို တတ်ပွန်၏။

သူ သွားရောက်တွေ့ဆုံရမည့် မိမိကြီးအမည်ရှိ အမျိုးသမီးမှာ အထက်တန်းကျဟန်ရှိသည်။ အထက်တန်းကဆိုလျှင် ကိုသန်းနိုင် ပို၍ ကြောက်သည်။

"သူက လက်နှိပ်စက် ၁၀၀ လောက် လိုချင်တယ်ဆိုတယ်။ ပြီးတော့ အလုံး ၅၀ အတွက် လက်ငင်းပေးမယ်ဆိုတော့ ကုမ္ပဏီအတွက် ရော ဦးသန်းနိုင်အတွက်ပါ အကျိုးခံစားခွင့် အတော်များများ လမ်းပွင့်နေတာပဲ"

ကိုသန်းနိုင်က ခေါင်းမညိတ်မိ။ ငြင်းလိုက်ရကောင်းမည်လား၊ ငြင်းလိုက်ပြန်လျှင် လက်လွတ်သွားမည့် ကော်မရှင်မှာ မနည်းလှပေ။ လက်ခံလိုက်လျှင်–

"လက်ခံတော့ကော ဘာဖြစ်မှာလဲ။ သူ့ရုံးခန်းကို သွားတယ်၊ သူနဲ့ စကားပြောမယ်။ လက်နှိပ်စက်ကျောင်းထောင်လို့ ကြီးပွားသွားတဲ့ လူတွေအကြောင်း ပြောပြမယ်။ သူဝယ်ချင်ရင်ဝယ် မဝယ်ချင်လည်း ပြန်ခဲ့ရုံပဲ"

သမီးထံတွင် ထားသောကတိ၊ ဇနီးထံတွင် ထားသောကတိသည် ကျိုးပျက်စရာမရှိ။

"ကောင်းပါပြီ ကျွန်တော် သွားတွေ့ပါ့မယ်"

ကိုသန်းနိုင်က စာရွက်ကိုင်၍ ထရပ်လိုက်ရာ

"သူ့လိပ်စာနဲ့ သူ့ရုံးချိန်လည်း အဲဒီစာထဲမှာ ပါတယ်"

မန်နေဂျာက ဖြည့်စွက်စကားပြောစဉ်၊ ကိုသန်းနိုင်က အပြင်သို့ ရောက်လာ၏။ ဒေါ်မိမိကြီး၏ တယ်လီဖုန်းနံပါတ်သို့ ဆက်သွယ်ကြည့်သည်။

mgyoe.com

mgyoe.com



"မိအင်ကိုးကပါလား ခင်ဗျာ။ ဒေါ်မိမိကြီးနဲ့ စကားပြောခွင့် ပြုစေလိုပါတယ် ခင်ဗျာ။ အရှေ့တိုင်း ကော်မရှင်အေးဂျင့်က ကိုသန်းနိုင်ပါခင်ဗျာ"

တစ်ဖက်မှ သာယာသောအသံဖြင့် တုံ့ပြန်၏။ ကိုသန်းနိုင် မျက်နှာပျက်သွားသည်။ သို့သော် အကြောင်းပြန်ကြားချက်ကို အလျင်အမြန်သိလိုသဖြင့် အမြန်လာခဲ့ရန်၊ စောင့်နေမည် စသည်တို့ ဆက်လက်ပြော၏။ ဒေါ်မိမိကြီးဘက်မှ ဖုန်းချလိုက်လျှင် ကိုသန်းနိုင် ဟင်းချ၍ မိမိရုံးခန်းထဲသို့ ပြန်လာသည်။

သူ့ခြေတွေ လေးလံနေ၏။ သူ့မျက်နှာတွင် စိတ်အားထက်သန်မှုမရှိ။ လေးလံနေသည်။ တွေဝေ၍လည်း နေ၏။

"အသက်ငယ်ငယ်များ ဖြစ်နေရင်တော့။ ဟာ အသံသေးတိုင်း အသက်ငယ်ရမလား။ အသက်ငယ်တော့ကော ရုံးထဲမှာ စကားပြောတာပဲ"

တစ်မိနစ်အတွင်းတွင် ကိုသန်းနိုင်က သူ့ကားကလေးကို ကိုယ်တိုင်မောင်း၍ မိအင်ကိုးသို့ လာခဲ့သည်။

မိအင်ကိုးသည် တိုက်သစ်တစ်လုံး၏ ဒုတိယထပ်တွင် တည်ရှိ၏။

ညှိခန်းသည် ခမ်းနား၍ ပရိဘောဂအားလုံး အသစ်ချည်းဖြစ်ကာ နောက်ဆုံးပေါ် ပုံစံများချည်း ဖြစ်သည်။ ဆယ်ပေပတ်လည်ခန့် ကျယ်ဝန်း၍ သီးခြား ခုံတစ်လုံးတွင် မင်းစေဟုထင်ရသော မိန်းကလေးတစ်ယောက် ထိုင်နေ၏။

ညှိခန်း၏ လက်ယာဘက်တွင် ပိုးခန်းဆီးတစ်ခု ကာရံထားသည်။ လက်ဝဲတွင် လမ်းရှိ၏။ ညှိခန်း၏တစ်ဖက်တွင် မှန်ချပ်ကြီးများ ကာဖွဲ့ထားသော ရုံးခန်းရှိပေသည်။

မိန်းကလေးသည် ကိုသန်းနိုင်၏ရှေ့တွင် ရှိသေစွာ လာရပ်၏။

mgyoe.com

mgyoe.com


ကိုသန်းနိုင်က အမည်ပြ ကတ်ပြားကလေး ထုတ်ပေးသည်။ မိန်းကလေးသည် ပိုးခန်းဆီးကို မ၍ ဝင်သွား၏။ ရုံးခန်းထဲတွင် ဒေါ်မိမိကြီး မရှိ။

မိန်းကလေး ချက်ချင်းပြန်ထွက်လာ၏။

"ရုံးခန်းထဲကို ကြွပါရှင့်။ မမ အခု ကြွလာပါလိမ့်မယ် ရှင့်"

မိန်းကလေးက မှန်များကာထားသော အခန်းတံခါးကို ဖွင့်ပေးသည်။

"အတော်ဂရင်းကျတာပဲ" ကိုသန်းနိုင်ပါးစပ်မှ လွတ်ခနဲထွက်သွား၏။

ရုံးခန်းအတွင်း၌ ခင်းကျင်းပြင်ဆင်ထားသော ပစ္စည်းများမှာ လေအေးစက်မပါဘဲ တစ်သောင်းထက်မနည်း တန်မည်ဟု ကိုသန်းနိုင်က ကော်မရှင်စားပီပီ ခန့်မှန်းမိသည်။

ငါးမိနစ်ခန့်အကြာတွင် ရုံးခန်းထဲ မိမိကြီး ဝင်လာ၏။

ကိုသန်းနိုင် ထ၍ နှုတ်ဆက်သည်။

"ကျွန်တော် ဦးသန်းနိုင်ပါ"

"ကျွန်မ မိမိကြီးပါရှင်။ ကြွပါ စားပွဲကို ကြွပါရှင်"

မိမိကြီးက အလုပ်စားပွဲသို့ ကိုသန်းနိုင်ကို ဖိတ်ခေါ်သည်။

မိမိကြီးမှာ အသက်သုံးဆယ်ဝန်းကျင်ရှိ အလုပိုင်ရှင်တစ်ဦး ဖြစ်၏။ ဖြူဝင်းသော အသားနှင့် တောက်ပသောမျက်လုံး ဖော်ရွေသော အပြုံးများမှာ တပ်မက်ဖွယ်ကောင်းသည်။ အပြုံးမှာ လျှို့ဝှက်၏။ အကြည့်မှာ နက်နဲ၏။ ဥပဓိကောင်းသော၊ ခန့်၍ ချောသော၊ လှ၍ ကျက်သရေရှိသော မိမိကြီး။

ကိုသန်းနိုင်က မိမိကြီး၏ရုပ်သွင်ကို တစ်ခဏချင်းပင် ဖမ်းယူနိုင်သည်။

သူ့နည်းတူပင် မိမိကြီး၏ ခံစားချက်တွင် အသားမဖြူမညို၊

mgyoe.com

mgyoe.com


ဆံပင်နက်နက်၊ မျက်လုံးနက်နက်နှင့် ပါးလျသောနှုတ်ခမ်း၊ ချွန်သော နှုတ်ခမ်းနှင့် ထက်မြက်ပုံရသော အရပ်အမောင်း တောင့်တင်းကာ ယောကျ်ားပီသသောလူဟု မှတ်သားလိုက်၏။

မိမိကြီးသည် ဆုံလည်ကုလားထိုင်တွင် မှီကာ ကိုသန်းနိုင်အား မျက်လုံးမှေးယှက်ကြည့်လျက် မျက်စိအရသာကို တစ်ခဏ ခံစားသည်။ ရင်ထဲတွင် နွေးထွေးသွား၏။ အသည်းတွင် စိမ့်သွား၏။

"တော်တော် ချစ်စရာကောင်းတဲ့လူပဲ"

သူ့အသိတရားက မှတ်ချက်ချသည်။

သည်လို နှစ်သက်စွဲမက်ဖွယ်ကောင်းသော လူတစ်ယောက်ကို အခု စကားပြော၊ အခု အလုပ်ဖြစ်ပြီး ခွဲခွာသွားရန် မိမိကြီး မလိုလား။ တစိမ့်စိမ့်နှင့် ကျက်သရေရှိသော သူ့ကို ကြည့်နေချင်သည်။ သာယာ ချေင်သော သူ့အသံကိုလည်း ကြားနေချင်၏။

"ကိုသန်းနိုင် နည်းနည်းကြာဦးမယ်ထင်လို့ ရေဝင်ချိုးနေမိတာ ခွင့်လွှတ်ပါနော်"

"ကိစ္စမရှိပါဘူး ခင်ဗျာ။ ကြာလည်း မကြာပါဘူး။ ပြီးတော့ ကျွန်တော်လည်း အမောဖြေချိန်ရတဲ့အတွက် ဒေါ်မိမိကြီးကိုတောင် ကျေးဇူးတင်ရပါတယ်"

"မိမိကြီးပါ။ အသက်ငယ်ငယ်ကလေးနဲ့ ဒေါ်တပ်ခေါ်တာ စိတ်ဆိုးတယ် သိလား"

ကိုသန်းနိုင်က ပြုံး၍တောင်းပန်ပြီး

"ဘယ်လိုခေါ်စေချင်ပါသလဲ ခင်ဗျာ"

"မိမိ။ ဒါမှမဟုတ် မိပေါ့။ ဪ... ဘာသောက်မလဲ၊ ကော်ဖီ သောက်နော်"

မိမိကြီးက လက်နှိပ်လျှပ်စစ်ခေါင်းလောင်းကို နှိပ်လိုက်သည်။

mgyoe.com

mgyoe.com


လူမှု ဝင်မလာပေ။

"မိက တစ်ကိုယ်တည်း အပျိုကြီးပါ ဦးသန်းနိုင်။ ဦးတပ်ခေါ်တာ စိတ်မရှိနဲ့နော်။ ဦးထည့်မခေါ်စေချင်ရင်လည်း ပြော"

"ခေါ်ပါခင်ဗျာ ခေါ်ပါ။ အသက် ၄၀ ကျော်ပြီပဲ။ ခေါ်သင့်ပါပြီ"

"တကယ် အသက် ၄၀"

"ဟုတ်ပါတယ်၊ မိက ဘယ်လောက်ထင်လို့လဲ။ ၆၀ များလား ဟဲ ဟဲ"

"မိနဲ့ ရွယ်တူလောက်ပဲ ထင်နေတာ၊ ဒီလိုဆို သိပ်ပြီး အရွယ်တင် တာပဲ။ အေး ချထားခဲ့"

တံခါးကိုကြည့်ကာ တစ်ဆက်တည်းလှမ်းပြောပြီး မိမိကြီးက ကော်ဖီတစ်ခွက် ထယူသည်။ ကိုသန်းနိုင်လက်ထဲသို့ ထည့်၏။ သူ့ကိုယ် နံ့သည် ကိုသန်းနိုင်၏ ရင်ထဲသို့ ဝင်၏။

"ကော်ဖီသောက်နော်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ကိုသန်းနိုင် ကော်ဖီပန်းကန်ကို ချထား၏။

"ဆေးပြင်းလိပ်သောက်မလား၊ စီးကရက်သောက်မလား"

မိမိကြီးသည် ကိုယ့်ကုလားထိုင် ကိုယ်မပြန်သေးဘဲ ကိုသန်းနိုင် ဘေးမှာ ရပ်နေသည်။

"ရပါတယ်။ နှစ်မျိုးစလုံးရပါတယ်။ ကျွန်တော့်မှာလည်း စီးကရက် ပါပါတယ်"

"အို ဆေးပြင်းလိပ်သောက်ပါ"

ကိုသန်းနိုင်၏ ဘေးမှပွတ်၍ ဆေးလိပ်သေတ္တာကို လှမ်းဖွင့်ပြီး

"ဆေးပြင်းလိပ်သောက်တော့ ခန့်လည်းခန့်တယ်။ ကျက်သရေ လည်း ရှိတယ်။ ညော့်ကောင်းမိတ်ကောင်းတွေကို တည်ဖို့ အင်္ဂလန်က

mgyoe.com

mgyoe.com



မှာယူရတာ၊ တစ်လိပ်တစ်ကျပ်တောင် ကျတယ်”

ကိုသန်းနိုင်က ဆေးပြင်းလိပ်ကို ညှိသောက်သည်။

“တော်တော်ကောင်းတာပဲ။ တစ်ကျပ် တန်ပါပေတယ်ဗျာ။ ဒီဆေးလိပ်သောက်ရအောင် နေ့တိုင်းလာဦးမှပဲ”

မိမိကြီး မူလနေရာတွင် ပြန်ထိုင်၏။ ကျေနပ်သော အပြုံးဖြင့် ကြည့်ကာ

“တကယ်လား။ ဦးသန်းနိုင် လာမယ်သာဆိုရင် ဦးသန်းနိုင်အတွက် အချိန်တစ်ချိန် ရီဇာ့ဗ်လုပ်ထားမယ်”

ကိုသန်းနိုင် ပြုံးလိုက်ရ၏။ မိမိစကား လွန်သွားပြီလား စစ်ဆေးရ၏။

“အဟဲ ဒီဆေးလိပ်သာသောက်ရရင် ကျွန်တော်ကတော့ လာပါတယ်။ မိမှာသာ အလုပ်ထိခိုက်မှာ စိုးရလို့”

“မိကတော့ ကြိုဆိုပါ၏ ထဲကပဲရှင်။ လာရတဲ့လူကတော့ မြင့်တယ်ဆိုမှာ စိုးရတာ”

“ဟဲ ဟဲ”

“ကဲ ကော်ဖီသုံးဆောင်ဦး။ မိကို ခဏလေးခွင့်ပြုပါ”

မိမိကြီးက အပြင်သို့ ထွက်သွား၏။

ကော်ဖီသောက်ပြီးလျှင် မိမိကြီး ပြန်ဝင်လာ၏။ အင်္ကျီလဲလာခြင်း ဖြစ်သည်။

“ဦးသန်းနိုင် နေတော့ကော”

“ကုက္ကိုင်းမှာပါ၊ ကလေးနှစ်ယောက် ရှိပါတယ်။ တစ်ယောက်က အလုပ်လုပ်နေပါပြီ။ အငယ်ကလေးကတော့ ကျောင်းသားပါ။ ၆ တန်းမှာ”

“သြော်... တော်တော်ကြီးနေကြပြီပဲ”

mgyoe.com

mgyoe.com


မိမိကြီးက ပြုံး၍ဆိုသည်။

"ဟုတ်ကဲ့။ ဇနီးကတော့ အိမ်ရှင်မပါပဲ ခင်ဗျာ"

"မိနဲ့ ဘယ်သူကြီးလဲ"

"ရွှယ်တူပဲထင်တယ်"

"ဘယ်သူပိုလှလဲ"

"အဲ အဟဲ အဲဒါ"

ကိုသန်းနိုင်မှာ ပြုံးရယ်နေသည်။ မိမိကြီးက ခပ်ထေ့ထေ့ပြုံး၏။

"ဇနီးက ပိုလှတယ် ဆိုပါတော့"

"ဟဲ ဟဲ စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူးရှင်။ ဒါပြောတာများ"

"မိက ပိုလှတယ် ခင်ဗျာ့"

"အို တကယ်လား"

မိမိကြီး ဝမ်းသာသွားသည်။

"အာလာပသလ္လာပ ပြောနေတာနဲ့ပဲ မိရဲ့အလုပ်ကိုများ ထိခိုက်သွားပြီလား။ ကျွန်တော်တို့ အလုပ်ကိစ္စ ပြောကြစို့လား"

"ဟင်း ဟင်း ဟုတ်ပါရဲ့။ ဒါက ဒီလိုပါလေ"

မိမိကြီးသည် နှာခေါင်းသံကလေးဖြင့် ရယ်လိုက်ပြီးနောက် ကုလားထိုင်ကို နဲ့ယမ်းလှည့်ပတ်ကာ မျက်လွှာချထား၏။

"ဒါက ဒီလိုပါ ဦးသန်းနိုင်။ စပတ်လမ်းက တိုက်တစ်လုံးကို စကားပြောထားတာ ရှိပါတယ်။ ဒါသေချာမှ ကျောင်းထောင်ဖို့ သေချာပါတယ်။ ပွဲစားက ၁၁ နာရီကို အကြောင်းပြန်မယ်ဆိုတော့ အခု ၁၂ နာရီနီးပြီ။ ဘာမှ သတင်းမရသေးဘူး"

"ဟုတ်ကဲ့ ခင်ဗျာ"

"မိလိုချင်တဲ့ တိုက်ပ်ကတော့ အများသုံးနေတဲ့ အိုလံပီယာပါပဲ။

mgyoe.com

mgyoe.com


အကြမ်းဖျင်းလုံးရေ ၁၀၀ မှန်းထားတာပဲ၊ သို့ပေမယ့် အခန်းသေချာမှ အသေးစိတ် ဆွေးနွေးကြရင် မကောင်းဘူးလား"

"ကောင်းပါတယ်"

"ကနေ့ နေ့ဝက်နဲ့ နက်ဖြန် မနက်ပိုင်းအတွင်း အဖြေကို သိရမှာပါပဲ။ ညနေ သုံးနာရီလောက်ကို ကြွခဲ့ရင် အဆင်ပြေလိမ့်မယ် ထင်ပါတယ်"

"ကောင်းပါပြီ ခင်ဗျား။ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အို ပြန်တော့မယ်။ ကိုယ့်ကိစ္စမဖြစ်ရင် ဒီလိုပဲ ချက်ချင်း ထပြန်စတမ်းလား"

"ကိစ္စတွေလည်း ရှိသေးလို့ပါ ခင်ဗျာ ဟဲ ဟဲ။ မနက်ဖြန်လည်း လာရဦးမှာ မဟုတ်လား။ ပြီးတော့ ကျွန်တော်လာတာလည်း ကြာသွားလို့ပါ"

"ကောင်းပြီ။ သုံးနာရီနော်"

ရုံးခန်းတံခါး ပြန်ပိတ်သွားကာ ပြင်ပအပူဓာတ်နှင့် တွေ့လေမှ ကိုသန်းနိုင် သက်မချနိုင်၏။

"တော်ပါသေးရဲ့"

✦

mgyoe.com

mgyoe.com

# ၅

မိမိကြီးသည် ကျေနပ်စွာဖြင့် ကျန်ခဲ့၏။ မျက်နှာကြက်ကို မော့ကြည့်ကာ ပြုံးနေသည်။

ဤမျှခန့်ခံ့၍ တပ်မက်ဖွယ်ကောင်းသော လူတစ်ယောက်နှင့် သိကျွမ်းရခြင်းအတွက် ကျေနပ်နေ၏။ ကိုယ့်ဆက်ဆံမှုတို့ စိတ်စောမှုများ ပါသလားဟု စစ်ဆေးသည်။

တယ်လီဖုန်းမြည်လာသဖြင့် စိတ်ကူးအရသာ ပျက်သွား၏။

မိမိကြီး၏ မိအင်ကိုး ရောင်းဝယ်ရေး အဖွဲ့အစည်းမှာ ဘာကုန်ကိုမျှ နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်း မရှိ။ ရောင်းချရန်လည်း မကြိုးစားခဲ့ပေ။ နိုင်ငံက လိုနေသော ကုန်ပစ္စည်းများကိုလည်း တစ်ကြိမ်မျှ ဝယ်သွင်းမလာခဲ့ပေ။ ဧည့်ခန်းထဲတွင် ခင်းကျင်းပြသထားသော ပစ္စည်းများမှာ ဝယ်ယူတင်သွင်းလာသည်များ မဟုတ်။ နမူနာအဖြစ် ရရှိသော ပစ္စည်းများသာ ဖြစ်သည်။

မိအင်ကိုးသည် လိုင်စင်ရောင်းစားပြီး ကြီးပွားလာသော ကုမ္ပဏီတစ်ခုဖြစ်၏။ လိုင်စင်တစ်စောင် ကျလာကာမျှဖြင့် တစ်သောင်းမှ ငါးသိန်းအထိ မြတ်သောအချိန်တွင် အပင်ပန်းခံ၍ ကိုယ်တိုင် သွင်းမယူပေ။ ကုလားသူဌေးကြီး၊ တရုတ်သူဌေးကြီးများသို့ လိုင်စင်ရောင်းလိုက်ရုံဖြင့် ပြီးစီး၏။

mgyoe.com

mgyoe.com


ဤသို့ဖြင့် လွယ်လွယ်ကလေး ကြီးပွားလာသော မိမိကြီးသည် ခေတ်ပညာတတ်သည်။ အထက်တန်း မျိုးကြီးရိုးကြီးမှ ဆင်းသက်သည်။ ထို့ပြင် လှလည်းလှ၊ ခန့်လည်းခန့်၊ ချောလည်းချောပြန်သေးသည်။ လိုအပ်သော အရည်အချင်းမှာ ဒါပဲဖြစ်၍ ဒါအားလုံး ပြည့်စုံသည်။

မိမိကြီးမှာ လိုင်စင်တွေရရန်အတွက် သိပ်ပြီး မကြိုးစားလိုက်ရ။ သူ့တွင် နောက်ခံတောင့်သည်။ ဝန်ကြီးတစ်ဦး၏ အပါးတော်မြဲ ဗိုလ်သာဂေါင်မှာ မိမိကြီး၏ ကျောထောက်နောက်ခံ ဖြစ်၏။

အပါးတော်မြဲက သူ့ဝန်ကြီးကို ပူဆာ၍ သူ့ဝန်ကြီးက သက်ဆိုင်ရာဝန်ကြီးကို ပြောလိုက်ကာမျှဖြင့် ကိစ္စပြီးစီးသည်။ မိမိကြီး ဘာမျှ လုပ်စရာမလို။

မိမိကြီးသည် ဗိုလ်သာဂေါင်အား အကောင်းဆုံး ဧည့်ခံ၏။ ဗိုလ်သာဂေါင်၏တစ်အိမ်လုံး လိုအပ်သောပစ္စည်းတွေ မကြာခဏ ပေးပို့၏။ ဝန်ကြီးတွေနှင့် မျက်မှန်းတန်းမိအောင် လုပ်ရသည်။ ပါတီနှင့် သက်ဆိုင်သော ကိစ္စရပ်တိုင်း၌ ငွေကြေးရက်ရောသည်။ ရှေ့တန်းမှ မျက်နှာပြ၏။ ဒါပဲ။

ယခု ဗိုလ်သာဂေါင်အားကိုးနှင့် လုပ်ပြန်လေပြီ။

လက်နှိပ်စက်သင်ကျောင်း ဖွင့်မည်။

မိမိကြီး တည်ထောင်ဖွင့်လှစ်သောကျောင်းမှ ဆင်းသွားသူသည် မုချ အလုပ်ရရမည်။ အလုပ်လက်မဲ့ ပေါသောကာလတွင် သင်တန်း တစ်ပတ်ပြီးသည်အထိသာ မိမိကြီးခံရမည်။ သည့်နောက်တွင်ကား ကျောင်းအဆောက်အအုံကို အဘယ်မျှ ချဲ့ရမည်။ သင်တန်းချိန် ဘယ်နှချိန် ထားရမည်။ ဆရာ ဘယ်လောက် ခန့်ရမည်ဆိုသည်ထက်ကို မိမိကြီး မမှန်းဆတတ်ပြီ။

ကိုသန်းနိုင်တို့ ကုမ္ပဏီနှင့် သည်ရည်ရွယ်ချက်ဖြင့် ဆက်သွယ်ခဲ့

mgyoe.com

mgyoe.com


သည်။ လျှာထား၏။ ကိုသန်းနိုင်ကိုမြင်ရ၍ ကိစ္စကိုမေ့သည်။ ကိုသန်းနိုင်ကို ထပ်ခါ ထပ်ခါ တွေ့ချင်သည်။ သည်အတွက် မဆီမဆိုင် စပတ်လမ်းက တိုက်နှင့် ဘယ်သူဘယ်ဝါ ရယ် အမည်မရှိသောပွဲစားတို့ ပေါ်လာရ၏။ သည်လိုနှင့် နောက်တစ်နေ့ ညနေသုံးနာရီတွင် ကိုသန်းနိုင် လာရပေဦးမည်။

ချိန်းဆိုထားသည့် သုံးနာရီ။

ကိုသန်းနိုင်က မင်းစေအမျိုးသမီးကလေး၏ ခွင့်ပြုချက်ဖြင့် မိမိကြီးရှေ့သို့ ရောက်လာ၏။ မိမိကြီးက စီးကရက်တစ်လိပ်ကို ဆင်စွယ်ရိုးတွင်တပ်၍ လှပစွာသောက်နေသည်။ ကိုသန်းနိုင်ကိုမြင်လျှင် အံ့သြသွားပေ၏။

"မိက ကိုသန်းနိုင် ရယ်စရာပြောသွားတယ် ထင်ခဲ့တာ။ အခုတော့ တကယ်ပဲ ဆေးလိပ်သောက်ဖို့ တက်လာပြီကိုး။ ကဲ ကြွပါရှင် ကြွပါ"

"ဟဲ ဟဲ"

ကိုသန်းနိုင်က အခိပ္ပာယ်ပါပါ ရယ်ပြီး မိမိကြီးနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်၏။

"ဆေးလိပ်သောက်ပါရှင်"

"ဟဲ ဟဲ ကျေးဇူးတင်ပါတယ် မိ။ ကျွန်တော်လာတဲ့ကိစ္စက မနေ့တုန်းက ကနေ့ညနေ သုံးနာရီလာခဲ့ပါဆိုလို့ လက်နှိပ်စက် အရောင်းအဝယ်ကိစ္စအတွက် လာခဲ့တာပါ"

ကိုသန်းနိုင်က မီးခိုးများမှုတ်ထုတ်ရင်း ပြောလိုက်ရာက

"ထားပါလေ။ ဒါကို မိ စိတ်မဝင်စားဘူးဆိုရင်လည်း အလည်အပတ်လာတယ်လို့ပဲ မှတ်ယူနိုင်ပါလေ"

ပါးနပ်ကျင်လည်စွာ ဆက်ပြော၏။

"ဆေးလိပ်သောက်ချင်လို့ ဟုတ်လား"

mgyoe.com

mgyoe.com



"မှန်ပါသတဲ့ခင်ဗျာ။ မှန်ပါသတဲ့"

သူတို့နှစ်ယောက်သည် အပေးအယူ ညီမျှသွား၏။ ပြိုင်တူရယ်မော ကြ၏။

"မိ စိတ်ဝင်စားပါတယ် ဦးသန်းနိုင်။ သို့ပေမယ့် စိတ်များနေလို့ မေ့သွားတာ စိတ်မရှိပါနဲ့နော်။ ဟုတ်လား"

"ကိစ္စမရှိပါဘူး ခင်ဗျာ"

"တကယ်လို့ ဦးသန်းနိုင်လည်း အချိန်ရမယ်၊ မိနဲ့လည်း တစ်နေ ရာကို လိုက်ပြီး တစ်ခုခု စားကြသောက်ကြရင်း၊ စကားစမြည်ပြောရင်း အပန်းဖြေနိုင်မယ်ဆိုရင်တော့ အလုပ်ဖြစ်ချင် ဖြစ်ပါလိမ့်မယ်"

"မိက လိုက်စေချင်တယ်ဆိုရင်တော့ အားပါတယ် ခင်ဗျာ"

"ဒါဖြင့် ခဏနော်။ ဟိုဘက်ခန်းထဲကစောင့် ဟုတ်လား၊ မိ ရေချိုးပါရစေ"

"ကောင်းပါပြီ ခင်ဗျား"

မိနှင့် ကိုသန်းနိုင်တို့သည် ရုံးခန်းထဲမှ အတူထွက်လာ၍ မိက အထဲဝင်သွားသည်။ ကိုသန်းနိုင်က ဧည့်ခန်းတွင် ထိုင်သည်။

ကိုသန်းနိုင်သည် ဒီညနေမှာတော့ သေချာပြီ တွက်ခဲ့၏။ မိမိကြိုး က ဆီးကြောင်သဖြင့် မှန်းချက်လွဲသွားသည်။ စိတ်မရှည်သူ၊ စိတ်ပျက် တတ်သူဖြစ်က ဆင်းသွားရုံပဲရှိ၏။ သို့သော် ကိုသန်းနိုင်သည် ဖဲသမား ဖဲမဲသလို မဲလိုက်သည့် ခဏ။

အလုပ်၌ မဆုတ်မနစ် စိတ်ဝင်စားသည်ခဏဝယ် သမီးနှင့်ဇနီးအား ပေးထားမိသော ကတိကို မေ့လျော့လေ၏။

လေးနာရီခန့်တွင် မိမိကြိုး ကိစ္စပြီးစီး၍ ထွက်လာသည်။

"ဦးသန်းနိုင် ဘာနဲ့လာလဲ"

"ကျွန်တော့်ကားပါတယ်၊ ဒါပေမဲ့ ကိစ္စမရှိဘူးလေ။ ကျွန်တော့်

mgyoe.com

mgyoe.com


ကားကို ဒီမှာပဲ ထားခဲ့မယ်။ အပြန်မှ ဝင်ယူတာပေါ့”

မိမိကြီး ကျေနပ်သွား၏။

သူက ရှေ့က ကိုသန်းနိုင်က နောက်က ဆင်းလာကြသည်။

ကိုသန်းနိုင်က ကိုယ့်ကားကို ပိတ်ဆို့သော့ခတ် လုပ်နေစဉ် မိမိကြီးက သူ့ဘေးတွင် ရပ်နေ၏။

ကိစ္စပြီးစီးမှ ကိုသန်းနိုင်က မိမိကြီး၏ ကားကို တံခါးဖွင့်ပေးသည်။ မိမိကြီး၏ တံခါးကို ပိတ်ပေးပြီးလျှင် ဒရိုင်ဘာခန်းတွင် ဝင်ထိုင်သည်။ ကားသည် ‘နတ်ရေကန်နှင့် ဥယျာဉ်’ ပန်းဖြေပျော်ပွဲစားရုံသို့ ဦးတည်မောင်းနှင်သွားသည်။

ကိုသန်းနိုင်နှင့် မိမိကြီးတို့ တိုက်ပေါ်မှ ဆင်းလာပြီး ကားပေါ်တက်ကာ မောင်းထွက်သွားသည်အထိ ကြာသောအချိန်မှာ ဆယ်မိနစ်ထက်မပိုပေ။

ရုံးဆင်းသူများသည် ဘတ်စ်ကားမှတ်တိုင် လူမပြည့်မီ ရောက်ရန် သုတ်ခြေတင်ကြ၏။ ဝယ်ကြ ခြမ်းကြသူများသည် ဆိုင်တွေမပိတ်မီ အပြေးအလွှား ဝယ်ခြမ်းကြသည်။ ပလက်ဖောင်းဈေးသည်များသည် အလုအယက် အော်ဟစ်ရောင်းချနေကြသည်။

မည်သူမျှ ကိုသန်းနိုင်နှင့် မိမိကြီးကို ဂရုစိုက်မနေအား၊ ကြည့်မနေအားကြ။ ကိုယ့်အလုပ်နှင့်ကိုယ် ဖြစ်သည်။

သို့သော်

ကိုသန်းနိုင်နှင့် မသက်ဆိုင်သူများအဖို့ တန်ကြေးမရှိသော ကိုသန်းနိုင်နှင့် မိမိကြီးသည် ပန်းအား လှုပ်ရှားစေသည်။

ပန်းသည် ရုံးအဆင်း၌ ပစ္စည်းတစ်ခု ပြေးဝယ်၏။ ပစ္စည်းမှာ ဖခင် ကိုသန်းနိုင်အတွက် ဖြစ်သည်။

ပန်းသည် ပစ္စည်းထုပ်ကို ကိုင်၍ စူးစူးစိုက်စိုက် ကြည့်နေ၏။

mgyoe.com

mgyoe.com


ကိုသန်းနိုင်နှင့် မိမိကြီးတို့က တစ်စုံတစ်ရာ ပြောကြသည်။ ပန်းက နှုတ်ခမ်းကိုက်ထားမိ၏။ ကိုသန်းနိုင်က မိမိကြီးအား ကားတံခါးဖွင့်ပေး၏။ ပန်းမှာ မျက်လုံးများ စူးဝင်းလာအောင် ဒေါသဖြစ်ရသည်။

ကိုသန်းနိုင်နှင့် မိမိကြီးတို့၏ကား ထွက်ခွာသွားပြီ။

ပန်းသည် ပစ္စည်းထုပ်ကို ပလက်ဖောင်းပေါ် လွှင့်ပစ်လိုက်၏။ ပစ္စည်းထုပ်သည် ပေါက်ပြဲ လွင့်စဉ်သွားသည်။ ပန်းက ခြေကိုဆောင့်လျက် လူတွေကို ကိုယ်လုံးချင်း ဝင်တိုက်ကာ လူအုပ်ထဲသို့ ဝင်ရောက်သွား၏။

ငယ်ရွယ်သော ပန်း။ နုနယ်သော ပန်း။

သူသည် မရင့်ကျက်။ မစာနာတတ်။ မထောက်ထားတတ်။

ဖခင်ဘက်မှ တစ်ချက်မျှ ဝင်ရောက် စာနာနိုင်ခြင်းမရှိဘဲ စိတ်ဆိုးသွား၏။ လိမ်သည် လိမ်သည် ဖေဖေ ငါ့ကိုလိမ်သည်ဟူသော စွပ်စွဲချက်က ပန်းကို လွှမ်းမိုးသွား၏။ မထောက်ထားနိုင်အောင်၊ မညှာတာနိုင်အောင် စိတ်ဆိုးသည်။

ပန်းကြောင့် မိုးမီးလောင်တော့မည်။

နောင်အေးနှင့် ဆားမျက်ခဲ့ရာတွင်၊ ကိုသန်းနိုင် မိန်းမရေး မရှင်းမရှင်းဖြစ်ခြင်းကို ဧရာမပြစ်မှုကြီးအဖြစ် စွဲချက်တင်ခဲ့၏။ ခေတ်သည်လည်းကောင်း၊ စနစ်သည်လည်းကောင်း၊ အခြေအနေသည်လည်းကောင်း မည်သို့ရှိသည်ဟု သူ ထည့်မတွက်။ သူ ထင်ချင်သလို ထင်သည်။ သူ မြင်ချင်သလို မြင်သည်။

ယခု ဒေါသူပုန်ထသွားပြီ။

ဖခင် ကိုသန်းနိုင်ခမျာ ကြီးကျယ်သော တရားခံဖြစ်ရပေဦးမည်။

ပန်းသည် နှုတ်ခမ်းကို သူစူ၍ရသလောက်၊ ဘယ်သူက ဘာနှင့် တူသည် ပြောပြော၊ တူချင်တာနှင့် တူပေစေ၊ စူချင်တာ စူရလျှင် ပြီးရော ဟု အစွမ်းကုန် စူထားသည်။

mgyoe.com

mgyoe.com


ဘတ်စ်ကား၌ သူထိုင်သော ထိုင်ခုံမှာ နှစ်ယောက်တန်းဖြစ်ရာ ပြတင်းပေါက်ဘက်တွင် တစ်နေရာစာရှိပါလျက် သူက ပြတင်းပေါက်ဘက် တိုးမပေးသဖြင့် ဝင်ထိုင်ချင်သော ယောကျ်ားတစ်ယောက်မှာ နှုတ်သီးဖြင့်အထိုးခံရမည်စိုးပြီး တိုးပါမပြောရဲ၊ ဒူးတိမ်းပေးပါ တောင်းပန်ကာ ဝင်မထိုင်ရဲသဖြင့် ကွက်ကြည့်မတ်တတ်ရပ်နေရ၏။

သည်တစ်ခါ စပယ်ယာသည်လည်း သတ္တိကြောင်သောစပယ်ယာမို့ ချွန်ထွက်သမျှ ရင်နှင့်ပြိုင်နေသော နှုတ်ခမ်းကို တစိမ့်စိမ့်ကြည့်ကာ ကြောက်သွေး စိမ့်စိမ့်ယိုပြီး ကားခမတောင်းရဲသလို လက်မှတ်စစ်ကလည်း နှုတ်သီးဖြင့် ထထိုးရုံသာမက မျက်စောင်းဖြင့်ပါ အဆစ်ထိုးမခံလိုသဖြင့် လက်မှတ်မတောင်းဘဲ လူကျော်စစ်သွားသည်။

ပန်းသည် ဘက်မရှိဘဲ စိတ်ဆိုးလာ၏။

အဘက်မရှိဘဲ စိတ်ဆိုးလာသူမို့ လမ်းမဖယ်ပေးသူကို ရန်တွေ့သည်။ လူမဆင်းမီ ဘီးလိမ့်ချင်သောဒရိုင်ဘာကို ငေါက်၏။ နောက်တော့ အကွက်အထစ်မပါသော ခြေနင်းခုံပေါ် ဒေါနှင့်မောနှင့် ဆင်းလိုက်ရာ ဖင်ထိုင်လျက် ချော်ကျသည်။ လူတွေ ရယ်ကြ၏။

"အလကား အောက်တန်းစားတွေ။ အလကားဟာတွေ"

လူတစ်ယောက် ရှက်စရာဖြစ်တာကို မကူညီဘဲ ဝိုင်းဟားကြသည်မှာ အောက်တန်းစားတွေ၏ ယဉ်ကျေးမှုဟု ပန်းက စွပ်စွဲ၏။ ကားပေါ်တွင် အထက်တန်းဟုဆိုသော မြေပိုင်ရှင်စက်သူဌေးနှင့် အရာရှိ အရာခံတို့၏ သားသမီးဖြစ်သော ကျောင်းသားတွေ ပါကြတာကိုတော့ ပန်းမသိ။

ပန်း၏ ဖနောင့်ဒဏ်ကြောင့် မြေနီလမ်းကလေးမှာ တွင်းတွေ ချိုင့်တွေ အရုပ်ဆိုးစွာ ဖြစ်ကျန်ခဲ့ကောင်း ကျန်ခဲ့ရှာပေမည်။ စူပွသော နှုတ်ခမ်း၊ ဗျစ်တောက် ဗျစ်တောက်နှင့် ခေတ်ဟောင်းအဘွားကြီး မြည်တွန်တောက်တီးဟန်မျိုးနှင့် ပါးစပ်။ စက္ကူပန်း ဗုဒ္ဓသရဏ ကြခတ်ဝါး

mgyoe.com

mgyoe.com


ဘယ်စည်းရိုးကိုမှ မကျန်အောင် လမ်းတစ်လျှောက် ထိုးသောမျက်စောင်း။ အိမ်ဝင်းထဲအဝင်တွင် ဒီဂရီလျော့သွားသည်။

အိမ်ရှေ့တွင် လာနေကျ မြင်နေကျမဟုတ်သော နံပါတ်နှင့် ကားတစ်စီးကို မြင်ရကာ ဧည့်ခန်းထဲတွင်လည်း ဒေါ်ကြည်ညွန့်နှင့် လူစိမ်းတစ်ယောက်ကို မြင်ရ၏။

ပန်း အပြေးကလေး ဝင်လာသည်။

"ပန်းရေ အရီမူးလဲလို့ ဟောဒီဦးကြီးက လိုက်ပို့တာ"

ကိုယ့်ထက် အသက်ငယ်ရွယ်သော ဧည့်သည်ကို ဦးတပ်ခေါ်သော ဒေါ်ကြည်ညွန့်၏ အပြောမတတ် အဆိုမတတ်တာကို ဂရုမစိုက်နိုင်၊ ပန်းခမျာ ကြိမ်ခြင်းကလေးကို ချပြီး မေမေ့ကို ဝင်ပွေ့ရသည်။

"မေမေ မေမေ"

မခင်ရီသည် ဆိုဖာတစ်လုံးပေါ်တွင် ခပ်လှဲလှဲမှီနေ၏။ သတိတော့ ရနေပါသည်။ လူမှာ နွမ်းနယ်ပျော့ဖတ်နေ၏။

"မေမေ သတိရပါပြီ သမီးရယ်"

မခင်ရီက ပန်းလက်ကို ဆုပ်ကိုင်ထားရင်း မျက်နှာချင်းဆိုင်နေရာသို့ မျက်လုံးဝင့်လိုက်ကာ "ကျွန်မသမီး ပန်းပါရှင်။ အက်စ်အေအမ်ဘီမှာ လုပ်ပါတယ်။ ဒီအစ်ကိုကြီးကတော့ မေမေ့ကို လိုက်ပို့တာပါပဲကွယ်" ဟု ဘောင်းဘီဖြူ၊ ရှပ်ဖြူ၊ အသားဝါဝါ၊ မျက်နှာသွယ်သွယ်၊ ကိုယ်လုံးကိုယ်ဖန် ခပ်ကျစ်ကျစ် အသက်လေးဆယ်အရွယ် လူနှင့် မိတ်ဆက်ပေးရာက–

"ကျွန်မ ဒီလိုပဲ ဖြစ်တတ်ပါတယ်ရှင်"

မခင်ရီက ထိုင်ရန် ကြိုးစား၏။

"မထနဲ့ မေမေ။ မူးသွားပါ့မယ်"

ပန်းက ရင်ကို ဖိထားကာ တား၍ ဧည့်သည်က "အို နေသာသလို

mgyoe.com

mgyoe.com


နေပါဗျာ” ဟု အလိုက်သိစွာ ဆို၏။

ပန်းက “ကျေးဇူးသိပ်တင်ပါတယ် အန်ကယ်” ဟု ဝမ်းနည်းစွာ ဆို၏။

“ကိစ္စမရှိပါဘူး မိန်းကလေးရယ်။ လူလူချင်း ကူညီရိုင်းပင်းရတာ လူ့ဝတ္တရားပါ။ လူ့ဝတ္တရားတစ်ခုကို အမှတ်မထင် ဆောင်ရွက်ရလို့ ဆောင်ရွက်ခွင့်ရတဲ့အတွက် မင့်မေမေကိုတောင် အန်ကယ်က ကျေးဇူး တင်ရမှာပါ”

“အရင်တုန်းကတော့ မကြာခဏ မူးတတ်ပါတယ် အန်ကယ်။ ပျောက်သွားတာ တစ်နှစ်လောက်ရှိနေပြီ။ အန်ကယ့်နာမည် ပန်းတို့ မသိရသေးပါလား အန်ကယ်။ ကော်ဖီ သုံးဆောင်ပါဦး အန်ကယ်”

ဒေါ်ကြည်ညွန့် ကော်ဖီလင်ဗန်းဖြင့် ထွက်လာ၍ ပြေးယူကာ ပန်းက တစ်ဆက်တည်းပြော၏။

“အေးကွယ်။ ဦးလေးနာမည်က ဦးချစ်သောင်းပါ။ ဒါလပဟိုဇီလမ်းက ချစ်သောင်းထရိတ်ဒင်းဟာ ဦးလေးပိုင်ပဲ။ နေတော့ ဘောင်ဒရီလမ်းထဲမှာပါ”

သို့စဉ်တွင် နောက်မှန်တွင် ဆေးတံဆိပ်ကပ်ထားသော ကားကလေး တစ်စီး အိမ်ရှေ့တွင် ရပ်၏။

ဦးချစ်သောင်းက “ဟော လာပြီ။ ကဲ မခင်ရီကို ရွှေ့လိုက်ပါဦး” ဟု ပြောပြီး အိမ်ရှေ့သို့ ထွက်သွားသည်။

ပန်းနှင့် ဒေါ်ကြည်ညွန့်က မခင်ရီအား အခန်းထဲသို့ တွဲပို့ကြ၏။ အသင့်ဖြစ်လျှင် ဦးချစ်သောင်းနှင့် သူ၏မိတ်ဆွေဆရာဝန်တို့ ဝင်ရောက် လာကာ မခင်ရီအား စမ်းသပ်ပြီး ဆေးဝါးပေးသည်။

ဆရာဝန်က “စိတ်ကို ထိခိုက်လွန်းလို့ ဖြစ်သွားရတာပါ။ ကိစ္စမရှိ ပါဘူး” ဟု ဆို၏။

mgyoe.com

mgyoe.com


ဆရာဝန် ပြန်ခါနီးတွင် ပန်းက ကုသခနှင့် ခြေကြွခ ထုတ်ပေးရာ ဆရာဝန်က မယူဘဲ ထွက်သွား၏။ ဦးချစ်သောင်းက နာရီဝက်ကျော် ကျော် အားပေးစကား ပြောကျန်ခဲ့ပြီးမှ ထမင်းစားသွားရန် ဖိတ်ကြား သည်ကို ပြုံးရယ် ငြင်းဆန်၍ ပြန်သွားသည်။

ပန်းမှာ မေမေ့ကိုယ်စား မီးဖိုထဲဝင်၍ ဒေါ်ကြည်ညွန့်နှင့် တွဲဖက် လုပ်ကိုင်နေရရာ မြို့ထဲတွင် ဖြစ်ပေါ်ခဲ့သော ဒေါသ ဘယ်ရောက်နေသည် မသိ။ စိတ်ဆိုးရန် အမှတ်မရဘဲ ရှိလေ၏။

မခင်ရီသည် အခန်းထဲတွင် လှဲနေကာ သူစိမ်းနှင့် သူကျက်ဆိုရင် ဆို။ တစ်ရုံးဆံနှင့် လင်ခင်ပွန်းဟု ပြောချင်ပြော ရင်းနှီးမှုချင်း ဘယ်လိုမှ ယှဉ်စပ်၍မရသော လူနှစ်ယောက်ကို ယှဉ်၍ သုံးသပ်ရင်း အသွယ်သွယ် မျက်ရည်ဖြာဆင်းနေချေသည်။

မခင်ရီက ဘာကြောင့် ကိုသန်းနိုင်နှင့် ကိုချစ်သောင်းတို့ကို တွဲ၍ သုံးသပ်နေရသနည်း။

ညနေက မခင်ရီ မြို့ထဲရောက်ခဲ့သည်။ အရေးတကြီး လိုအပ်သော မီးဖိုချောင်သုံးပစ္စည်းတစ်ခု လစ်ဟင်းသွားသည်နှင့် မြို့ထဲသို့ အပြေး အလွှားဝယ်ခဲ့သည်။

ပစ္စည်းပိုက်၍ မခင်ရီ ဆိုင်ထဲမှ ထွက်လာချိန်တွင် လာပါ ဝယ်ပါ ဆစ်ပါ ဆွက်ပါ စသည်ဖြင့် လုယက်အော်ဟစ် ရောင်းချနေသောပလက် ဖောင်းဈေးသည်အုပ်ကြီးကို ကျော်၍ အရောင်မတူသော ခြနှင့် ပုရွက်မျိုးစုံ တို့ လှုပ်ရှားပြေးလွှားနေသလို စုံလင်များပြားသော အစုန်အဆန် ယှက်လိမ်တိုးဝှေ့ ထူထပ်လှသည့် လူအုပ်ကြီးကို ကျော်၍ အဆင်း လှေကားတစ်ခုသို့ အမှတ်တမဲ့ ကြည့်မိ၏။ လှေကားမှ ဆင်းလာသူများ ကတော့ ရှေ့မှ ကိုသန်းနိုင်၊ နောက်က မိမိကြီး။

မခင်ရီ၏ ရင်ထဲတွင် နာကျင်ရပါသည်။

mgyoe.com

mgyoe.com



ကြည့်စမ်း၊ ကြည့်စမ်း။ အိမ်က မယားမှာ အိမ်မှုကိစ္စအတွက် ပြေးလွှားဝယ်ခြမ်းနေရစဉ် သူက ပေးထားသော ကတိကို ချောင်မှာထိုး၍ မယားထက် လှပတောက်ကြွားသော မိန်းမတစ်ယောက်နှင့် တွဲကာ ရွှေလိပ်ပြာမောင်နှံ ဝဲသလို ပျံမြူးလာတာက မကောင်းလွန်း သစ္စာမဲ့လှသည်။ ရက်စက်လှသည်။

တဒင်္ဂ၏ ထိုတဒင်္ဂဝယ်

မိမိကြီး၏ ခမ်းနားသောကား။ မိမိကြီး၏အလှအပနှင့် မိမိ၏ အလှအပတို့ကို နှိုင်းကြည့်လိုက်မိသည်မှာ မိန်းမသဘော။

"သူ ငါ့ကိုလိမ်တယ်။ ငါ့ကို လှည့်စားတယ်။ ငါ့ကို ညာတယ် ညာတယ်"

မခင်ရီမှာ ကြက်သေသေရင်း ရင်ထဲက ဆတ်ဆတ်ခါလာ၏။

"ဟိုက လှတယ်။ ဟိုမိန်းမက ငါ့ထက်လှတယ်။ သူ ငါ့ကို ညာပြီး ဒီမိန်းမနဲ့တွဲနေတာ။ သူ သူ ငါ့ကို မချစ်တော့၊ မချစ်တော့"

အတွေးမဆုံးမီ မီးတောက်တစ်ခုက မခင်ရီ၏နှလုံးသားကို ဟုန်းခနဲ စွဲဟပ်လိုက်လေ၏။

"ဟယ်"

အထိတ်တလန့် အော်သံနှင့်အတူ ကိုချစ်သောင်းသည် မိမိ၏ ဒူးကိုညွတ်၊ ကိုယ်ကိုကိုင်းကာ ရှေ့သို့လက်ထိုး ခံထားလိုက်ရ၏။ သူသည် အပေါ်ထပ်မှ ဆင်းလာခြင်းဖြစ်ကာ အမှတ်မထင် ဝင်ရောက် ဖေးမလိုက်ခြင်းဖြစ်သည်။

မခင်ရီသည် ကိုချစ်သောင်း၏လက်ပေါ်တွင် ပျော့ခွေနေ၏။ လူတွေ ဝိုင်းလာ၏။

"ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

"မူးလဲသွားတာ"

mgyoe.com

mgyoe.com


ကိုချစ်သောင်းသည် မခင်ရီကိုပွေ့ကာ လူအုပ်ကြီး မထူထပ် မပိတ်ဆို့မီ နီးရာဆိုင်ထဲသို့ သယ်ယူလာသည်။ ရေမွှေးကလေး ရှူဆေးကလေးဖြစ်ဖြစ် ပေးရန် တောင်းခံ၏။

ဆိုင်ကား မြန်မာဆိုင်ပါပဲ။ ဆိုင်ဦးတွင်လည်း ဂေါတမဗုဒ္ဓကို ရည်မှန်းရေးခြယ်ထားသော ဘုရားပုံတော်ပန်းချီကားက တပြောင်ပြောင် တဝင်းဝင်းရှိပါ၏။ သို့ရာတွင် သူတို့သည် မည်သည့်အကူအညီမျှ မပေး။ ဆိုင်ထဲသို့ သည်လို မရှုမလှ ဝင်လာသည်ကိုပင် မတော်လို့သာ ကြည့်နေရပုံမျိုး မျက်နှာထားကြ၏။ စုတ်စုတ်ပြတ်ပြတ် ဈေးဝယ် မိန်းမတစ်ယောက်က ကွမ်းယာဆိုင်မှ ကွမ်းရွက်ပြေးတောင်းပြီး ချေမှုန့်ကာ နှာဝမှာ ကပ်ပေးပြီး ဘဝင်ကြောကို ထောက်ပေးသဖြင့် မခင်ရီ သတိရလာ၏။

မခင်ရီက အားနည်းစွာ ထိုင်သည်။

ကိုချစ်သောင်းက လောကဝတ် ဓမ္မဝတ် နံနဲ့လွန်းသော ဗုဒ္ဓဘာသာ မြန်မာဆိုင်ကြီးကို မကျေမချမ်းကြည့်ရင်း မခင်ရီအား လွှတ်ပေး၏။

မခင်ရီက ထရပ်ရာ၊ ယိုင်သွားသဖြင့် ကိုချစ်သောင်းက ဖေးကိုင် လိုက်ရသည်။

“ခင်ဗျား ပလက်ဖောင်းပေါ်မှာ မူးလဲသွားတာတွေ့လို့ ဒီထဲကို ကျွန်တော် ခေါ်လာတာပါ။ ခင်ဗျား လမ်းလျှောက်လို့ မရသေးဘူး။ ကျွန်တော် လိုက်ပို့ပါရစေ။ ကျွန်တော့်ကားနဲ့ ပို့ပါရစေ”

မခင်ရီမှာ ငြင်းဆန်နိုင်စွမ်းမရှိ။ အားအင် ကုန်ခန်းနေသည်။ စကားမပြောနိုင်၍လား မသိ။ ခေါင်းညိတ်ပြရသည်။

“ဘယ်ကိုမောင်းရမလဲ ခင်ဗျာ”

မခင်ရီအဖြေပေးရန် အတော်ကြိုးစားရ၏။ ကိုချစ်သောင်းက မခင်ရီ၏ပါးစပ်အလှုပ်ကို စောင့်ကြည့်နေသည်။

mgyoe.com

mgyoe.com


"ကုက္ကိုင်း"

ကိုချစ်သောင်းသည် လူလူချင်း အကြင်နာတရားခေါင်းပါးသော ဆိုင်ရှင်များကို မကျေမချမ်း ဖြစ်နေ၏။ ဒီလူတွေကိုပဲ တွေးနေမိသည်။ ဘာကြောင့် လူလူချင်း မကူညီချင်ရတာလဲ၊ မရိုင်းပင်းချင်ကြရတာလဲ။

"ရှေ့က လမ်းကျရင် ဘယ်ဘက်လမ်းထိပ်မှာ ရပ်ပါရှင်။ ကျေးဇူးတင်လှပါတယ်။ ကျွန်မ ဆင်းလျှောက်နိုင်ပါပြီ"

မခင်ရီ၏အားနည်းသဖျ ခပ်သဲ့သဲ့အသံကို ကြားရလျှင် ကိုချစ်သောင်း အတွေးပြယ်ကာ

"ဟာ ဘယ်ဖြစ်မလဲ။ ကားလည်း ဝင်နိုင်သားပဲ။ လိုက်ပို့ပါရစေဗျာ"

ကားကို လမ်းနိကလေးထဲသို့ မောင်းဝင်လာသည်။

"အားနာစရာကောင်းလိုက်တာရှင်"

"အားမနာပါနဲ့ ခင်ဗျာ"

ကိုချစ်သောင်းက အလိုက်သင့်ပြန်ပြောကာ "လမ်းကလည်း ကောင်းသားပဲ။ အမယ် အိမ်ကြီးအိမ်ကောင်းတွေချည်းပါကလား။ တယ်သာယာပါကလား" စသည်ဖြင့် တောင်ရောက်မြောက်ရောက် မခင်ရီ အားနာသက်သာစေရန် ပြောလာ၏။

အိမ်ရောက်လျှင် ဒေါ်ကြည်ညွန့် တစ်ယောက်တည်းက မခင်ရီကို တွဲချရသည်။ လဲလျှင်ပြိုလျှင် အသင့်ဖြစ်ရန်သာ ကိုချစ်သောင်းက ဘေးမှ အသင့်လိုက်ပါလာပြီး သူ့ဆရာဝန်ကို ဖုန်းဆက်ပြီး ခေါ်သည်။ နောက် ပန်း ပြန်ရောက်လာသည်။

သည်တော့ မခင်ရီ ဒေါသဖြစ်ရ၏။

လူစိမ်းက ဆံထုံး ထုံးကာ ဆီစိုက်ကာဖြင့် ကူညီဖေးမသွားသည်။ လင်သားက လိမ်ကာညာကာ လှည့်စားကာဖြင့် မိန်းမချောချော

mgyoe.com

mgyoe.com


တစ်ယောက်နှင့် အကြည်ဆိုက်နေ၏။ မတွေးချင်ပေမယ့် မတွေးဘဲ မနေနိုင်။ တွေးပြန်တော့ ရင်နာရသည်။

"ငါ့ကို လှည့်လှည့်ပြီး ဒီလိုလုပ်နေတာ ဘယ်လောက်ကြာပြီလဲ၊ ဒီလို မိန်းမတွေနဲ့ တွဲနိုင်အောင် သုံးရဖြုန်းရတာ ဘယ်လောက်ကုန်သလဲ"

မခင်ရီ မတွေးဘဲ ပြတင်းပေါက်သို့ လှမ်းကြည့်သည်။

ပန်းနွယ်နွယ် ခွေယှက်နေသော တိမ်ရှုပ်ထွေးကို မြင်ရ၏။ အပြာမှောင် နောက်ခံပေါ်တွင် ပြားပြားကပ်နေသော တိမ်ဖြူကို အနားသားများ၌ နေခြည်လင်းနေပြန်တော့ ငွေပြားဖောင်းကြွ ကပ်ထားသလို ကုန်းထနေ၏။

ရှုပ်ထွေးသော်လည်း၊ မျက်စိနောက်စရာ ကောင်းသော်လည်း လှပနေသော တိမ်ပန်းချီကားချပ်၏ အောက်ပိုင်းတွင် ထိုးဝင်ဖျက်ဆီးနေသော သစ်ရွက်နှစ်ရွက်မှာ အိမ်ခြံထဲမှ ပိတောက်ပင်မှဖြစ်သည်။ ပိတောက်ပင်ကြီးမှာ ခက်လက် သွယ်ဝေ၏။ ရွက်နုတွေဝေ၏။ ပြတင်းပေါက်ဘက် ထိုးဆင်းလာသော ကိုင်းတစ်ကိုင်းသည် အောက်ဆုံးကိုင်းမို့ မြေဆီ ဦးစိုက်နေကာ အဖျားတွင် အစိစိတကျိကျိနှင့် ခွန်းကျယ်သီကြွေးနေသော စာနှစ်ကောင်။

သူတို့သည် လင်မယားဖြစ်ဟန်တူ၏။ ခပ်ကြီးကြီး အထီးနှင့်တူသောအကောင်က မပြယ်မြည်ကြွေးတစ်စက် အငြိမ်မနေ လှုပ်ရှားကူးပြောင်းတက်သက်နေ၍ ကောင်ငယ်ငယ် အမဖြစ်ဟန်တူသူမှာ ပျိုပျို ပျိုပျို တစ်ခွန်းတလေသာ မြည်ဆို၏။

သူတို့ဝယ် အထီးက စကားများသလောက် တို့တွင်မှု အမက စကားများရပေတော့သည်။ ပြန်လာပေစေ၊ လင်မယားကွဲချင်ကွဲ၊ ရိုက်ချင်ရိုက်၊ ရန်ဖြစ်ပစ်လိုက်မည်။

✦

mgyoe.com

mgyoe.com

၆

သား ကျောင်းကပြန်လာသည် ထင်ရဲ့။ မြန်ဆန်သွက်လက်၍ ထက်မြက်သော ဖိနပ်ခွာသံကို မခင်ရီ ကြားရသည်။

သားသည် နွမ်းနယ်သမျှကို အိမ်မှာ ဆေးလျှော်မည်။ ပင်ပန်းသမျှကို မေမေ့ရှေ့မှာ ချေဖျောက်မည်။ သား မျှော်လင့်ပြန်လာသည်။ အမေညိုးခွေမနေစကောင်း။ သား ဝမ်းနည်းသွားတန်ရာ၏။

မခင်ရီက ဆံပင်နှင့်အဝတ်များ သပ်ရပ်အောင်ပြုပြင်ကာ ထထိုင်သည်။ ထိုင်ရပေမယ့် ရင်ထဲက မောယောင်ယောင်နှင့် ခြေလက်တွေနုံးချည့်နေပါသည်။

ကျော်ကျော် ပြေးဝင်လာသည်။

"မာမီ"

"သား"

ပြုံးလိုက်ပြီဟော့ဟု ကြည်ကြည်လင်လင် ပြုံးချရင်း သားကို ဆီးကြို၏။ သို့ပေမယ့် ကျော်ကျော်သည် အညှိနံ့ရသော ကြောင်ကလေးလို ဖြစ်သွားသည်။ မသင်္ကာသောအမှုဖြင့် မော့ကြည့်သည်။

မခင်ရီက အသိအမှတ် မထားဟန်ဖြင့် မေး၏။

"သား နောက်ကျတယ်နော်"

"ဖရိုက်ဒေးမှာ မာသာကြီး ဘတ်သ်ဒေးတဲ့ မာမီ။ အဲဒါပြောနေလို့ နောက်ကျသွားတာပါ။ ဒယ်ဒီ ဘယ်အချိန် ပြန်လာမလဲ မာမီ"

သူ့အကြောင်းမေးတော့ သူနှင့် စပ်လျဉ်း၍ ဒေါ်မနသသကို မြဲထား

mgyoe.com

mgyoe.com


ရသူမှာ ထောင်းခနဲ ဒေါသဖြစ်ချင်လာသည်။ မယားငယ်နှင့် အကြည်ဆိုက်နေလေရဲ့၊ ဘယ်သချိုင်းမှာ မသိဘူးလို့ ပြောလိုက်ချင်၏။ သို့ပေြား သူ့ဖခင်အကြောင်း လုံးဝမကောင်းမကြားချင်သော သား၏သဘောကို မခင်ရီ နားလည်သည်မို့ ဒေါသကို ချိုကာ တိုး၍ ပြုံးယောင်ဆောင်ရကာ—

"အကြောင်းထူးရှိဟန် မတူဘူး သား။ ဘာမှ အကြောင်းကြား မထားဘူး"

ချိုသာချောင်အောင် ကြိုးစားကာ ဖြေပေမယ့် "မာမီ နေမကောင်းဘူးလားဟင်" ဟု မေးဖြစ်အောင် မေးခြင်းခံရ၏။

"ကောင်းပါတယ် သားရဲ့"

"ဟင် ကောင်းပါတယ်ပြောပြီး မေမေ့မျက်နှာက ငိုထားသလိုပဲ"

မခင်ရီ ဝမ်းနည်းရသည်။ ငါ့သားကလေးကတောင် သူ ဂရုမစိုက်ပေမယ့် ဂရုစိုက်ပါကလားဟု။

နောက် မျက်ရည်စို့လာသည် စိတ်ကထင်၏။ မိဘမျက်နှာကို တမော့မော့ကြည့်နေရတဲ့ ဒီသားကို ဟက်ဟက်ပက်ပက် ရယ်မောမပြနိုင်တာ သူ့ကြောင့်ဟု ဆက်လက်တွေးကာ အပြစ်ဖို့ရင်း တစ်ဆက်တည်း ငိုချင်လေ၏။

"ငိုထားသလို ဟုတ်လား ဟင်းဟင်း"

ကြိုးစား၍ ရယ်လိုက်ရပါသည်။ မရယ်ချင်ဘဲနှင့် အားထုတ်ရယ်မောရသော အလုပ်၌ ပညာသား အတော်ပါကြောင်း လက်တွေ့ကြုံမှ မခင်ရီ သိသည်။

ဆက်၍

"မငိုပါဘူး သားရဲ့။ ဈေးသွားဝယ်ရင်း ခေါင်းမူးလာလို့ပါ သားရယ်"

"အခု မူးသေးလား မာမီ။ သားသား နှိပ်ပေးမယ်နော်"

mgyoe.com

mgyoe.com


ထမင်းအိုးဝေနေစဉ် ဘာလုပ်ရမှန်းမသိသော လင်ယူပြီးခါစ ကလေးမလို ကျော်ကျော် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားစဉ် "နေကောင်းပါပြီ သားရယ်။ တော်ပါပြီ။ သား အညောင်းမိနေမယ်၊ ကစားချေ" ပြောရင်းဆိုရင်း ကျော်ကျော် ခုတင်ပေါ်တက်၍ မထိသော အားဖြင့် ပခုံးကို ဟိုနှိပ်သည်နှိပ် ဟိုထောက်သည်ထောက် လုပ်လေ၏။

မခင်ရီ ပီတိဖြစ်ရ၏။ ကျေနပ်ရသည်။

မကျေနပ်မှုသည် ကျေနပ်မှုနှင့်တွဲ၍ ပေါ်ပေါက်စမြဲ။ ဝမ်းမြောက်ခြင်းသည် ဝမ်းနည်းခြင်းနှင့် ယှဉ်တွဲစမြဲ။

ကျေနပ်မှုနှင့် ထင်ဟပ်မှ မကျေနပ်မှုဟူသည် ပို၍ထင်ရှားရိုးရှိ၏။ ဝမ်းမြောက်မှသာ ဝမ်းနည်းခြင်းက ပေါ်လွင်ရိုးရှိရာ။

သားလူမမယ် ငယ်ငယ်ရွယ်ရွယ်ကလေးက မတတ်တတတ်နှင့် တောင်နှိပ်မြောက်နှိပ် နှိပ်နေတာကို ဓရာမအနှိပ်သည်ကြီးက ကျွမ်းကျင်စွာနှိပ်ပေးနေသည် ထင်သောပီတိဖြင့် ခံယူနေစဉ် အသက်ပေး၍ချစ်သော ဘဝများစွာကို လက်တွဲမပျက် သစ္စာဖြင့် ဖြတ်ကျော်ခဲ့ရသော လင်ခင်ပွန်းက ကတိဖျောက်ဖျက်သွားလေပြီအထင်ကြောင့် ပိုမိုဝမ်းနည်း၏။

ပို၍ပို၍ ကြေကွဲရသည်။

သားမမြင်ခိုက်မို့ မျက်ရည်ကျတာကို မခင်ရီ မတားဆီးပေ။ ဒါကို ကျော်ကျော်က လှမ်းမြင်လေ၏။

"ဟင် မာမီ ငိုတယ်"

ကျော်ကျော်က ခုတင်ပေါ်မှ ခုန်ဆင်းကာ မော့ကြည့်မေးသည်။

မခင်ရီက ပြုံးပြ၏။

"မာမိက ငိုလည်း ငိုတယ်၊ ပြီးတော့ ရယ်တယ်"

"သားလေးလိမ္မာလွန်းလို့ မေမေ ဝမ်းသာတာနဲ့ မျက်ရည်ကျရတာ ပါကွယ်"

mgyoe.com

mgyoe.com



ကျော်ကျော်သည် အော်ဟာစ်ရယ်မောကာ ခုန်ပေါက်ကာ ပြေးထွက်သွား၏။

မခင်ရီသည် နာကျင်သော ဒေါသဝေဒနာကို အတေးဖြင့် ဆိုင်းငံ့ထားကာ ညနေအချိန်ကို ကုန်လွန်စေရသည်။ သမီးကိုကား မပြောရဲ။ သမီးသိချေက စကြဝဠာခေါင်မိုးကို မီးတင်ချေရှော့မည်။

သို့သော်

ပန်းကလည်း မေမေ့ကို ဝင်ကြည့်ရ။ ချက်ရပြုတ်ရ စီမံရနှင့် ဒေါသဖြစ်ချိန်မရှိ။ အမှတ်မရဘဲ မေ့ပျောက်နေလေ၏။

သားအမိသုံးယောက်သည် အေးချမ်းယောင် သာယာယောင် စကားစမြည်ပြောဆို ထမင်းစားပြီးနောက် အချိန်တန်လျှင် တိတ်တိတ်ဆိတ်ဆိတ်ကလေး အိပ်ရာဝင်ကြသည်။

ကျော်ကျော်သည်လည်းကောင်း၊ ပန်းသည်လည်းကောင်း အိပ်ပျော်ကောင်း အိပ်ပျော်ကြမည်။ မခင်ရီမှာ အိပ်မပျော်။

ဆယ်နာရီတွင် ဒေါ်ကြည်ညွန့်၏တံခါးဖွင့်သံ၊ ခြံထဲကားဝင်လာသံ၊ သူ့ဖိနပ်သံနှင့် တံခါးပြန်ပိတ်သံ၊ "ကဲ ခင်ဗျား အိပ်ချေတော့၊ တံခါးပိတ်တာ မီးမှိတ်တာ ကျုပ်လုပ်လိုက်မယ်" ဆိုသော သူ့အသံကို မခင်ရီ ကြားရသည်။

နောက် သူ အခန်းထဲဝင်လာ၏။ မခင်ရီ၏နဖူးကို စမ်းကြည့်၏။ စောင်ခြုံပေး၏။ ပြီးလျှင် အဝတ်အစားလဲကာ ရေချိုးခန်းထဲသို့ ထွက်သွားသည်။

မခင်ရီ တိုက်ပွဲတစ်ခုအတွက် အသင့်ပြင်ဆင်ပြီးနေပြီ။ ဘယ်စကားကစ၍ ဘယ်အချက်တွေဖြင့် ထိုးနှက်ရမည်ဆိုတာကို စီစဉ်၏။

ကိုသန်းနိုင် ရေစိုစက်လက်ဖြင့် ဝင်လာလေသည်။

"ဟော အရီ နိုးနေပြီ"

mgyoe.com

mgyoe.com


ကိုသန်းနိုင်က ရှင်ပျမြဲ ပြုံးရယ်မြဲ ဟက်ဟက်ပက်ပက်ရှိမြဲ အသုံးအနှုန်းဖြင့် မေးသည်။

"အိပ်မှမအိပ်ဘဲ"

"အို့ဟို ဒါကြောင့်ကိုး။ သင့်ခြေသလုံး တုတ်ခိုင်စေရန် အရသာရှိသောတမာရွက်"

သို့သော် ကိုသန်းနိုင် မရွှန်းပြက်နိုင်တော့ပေ။

တင်းမာသော ခက်ထန်သော မျက်ရည်စိမ့်စိမ့်ရှိသော ဇနီးမျက်နှာကို မြင်သိလိုက်ရသည့်အတွက် တည်လိုက်ရကာ

"နေမကောင်းဘူးလားကွယ်"

"ကံကောင်းလို့ မသေတယ်။ မိုက်ခနဲ လဲသွားတာ လူတစ်ယောက်က ကားနဲ့ လိုက်ပို့ပေးလို့ နို့မိုရင် သေပြီ"

"အို ဖြစ်ရလေ အရီရယ်။ ဒေါက်တာကို ခေါ်မပြဘူးလား။ လိုက်ပို့တဲ့လူက ကိုယ့်အသိထဲကလား။ ဘယ်သူလဲ"

"လူစိမ်းပါ။ ဦးချစ်သောင်းတဲ့။ ဒါလဟိုဇီလမ်းက"

"သြော်... ချစ်သောင်းထရိတ်ဒင်းက ဦးချစ်သောင်းဆိုရင်တော့ အင်မတန် မွန်ရည်တဲ့လူပျိုကြီးပဲ။ စိတ်ကောင်းလည်း ရှိတယ်"

"ဟုတ်တယ်။ ချစ်သောင်းထရိတ်ဒင်းကပါပဲ"

"ဒီလိုဆိုရင် မနက်ဖြန်ကျမှ ကျေးဇူးတင်စကား သွားပြောလိုက်ရဦးမယ်။ နေပါဦးကွယ်၊ ဒီအမူးရောဂါ ပျောက်နေပြီလို့တောင် ထင်နေတာ"

ကိုသန်းနိုင် စွပ်ကျယ်ဝတ်ရင်း လုံကွင်းပြင်စည်းရင်းမေးကာ မခင်ရီဘေးတွင် ဝင်ထိုင်သည်။

"ဟုတ်ပါတယ် အရီလည်း ဒီလိုပဲ ထင်နေခဲ့တာပါပဲ။ တကယ်လည်း ပျောက်နေဟန်တူပါတယ်။ ကနေ့မှ မကြည့်ဝံ့ မမြင်စရာတွေကို

mgyoe.com

mgyoe.com


မသက်မသာမြင်ရတော့ နှလုံးလေရိုက်ပြီး"

"ဟင် ကားတိုက်တာလား"

"မဟုတ်ပါဘူးရှင်"

"ရန်ဖြစ်တာလား"

"ဒါလည်း မမှန်ပါဘူးတဲ့ရှင်"

ကိုသန်းနိုင် အနည်းငယ်ရို့၍ မခင်ရီကို အကဲခတ်ဟန်ကြည့်သည်။ ငေါ့သလို ထေ့သလို လေကတစ်မျိုး မဟုတ်လား။

"တခြားလူတွေအတွက် မထူးခြားတဲ့ဥစ္စာပေမယ့် အရီ့အတွက်တော့ မကြည့်ဝံ့ မမြင်ရက်စရာပေါ့ ကိုသန်းရယ်။ နို့ ဘာလဲလို့ မေးပါဦး"

"ဘာများလဲကွယ်"

"အရီ့မှာတော့ အဲဒါကြီးကို ကြည့်ပြီး ရင်ထဲက လှိုက်ခနဲတက်လာပြီး မေ့လဲသွားတဲ့အချိန်မှာတော့ ကိုသန်းက ပြုံးလို့ရယ်လို့လေ။ မိန်းမတစ်ယောက်နဲ့လည်း ကြည်နူးလာကြတယ်။ မိန်းမကလည်း မှည့်နေတာပဲ။ ရုပ်ကလည်း ခန့်ချောကြီး အရီတို့နဲ့ ဘာဆိုင်မလဲ။ ဝင်းဝင်းအိအိကြီး။ ကဲ သိပြီလား အရီဘာကို မြင်ပြီး မူးလဲရတယ်ဆိုတာ"

"သိပါပြီကွယ်"

ကိုသန်းနိုင်က မချမ်းမြေ့စွာ ဖြေ၏။

"ကိုသန်း ဘာပြောချင်သလဲ။ အရီတို့ သားအမိကိုကော ကိုသန်းဘယ်လိုကတိပေးထားသလဲ။ ကိုသန်း လုပ်ပုံကောင်းသလား။ ဒါကိုသာသမီးလေး မြင်သွားရင် ဘယ်လောက်ရှက်ရှာလိုက်မလဲ ဟင်။ ပြီးတော့စိတ်ဆိုးလို့ဆုံးမှာ မဟုတ်တဲ့အပြင် ဒီတစ်ခါ သွားမယ်ဆိုရင် တားလို့ရပါဦးတော့မလား"

"ဘယ်ကိစ္စမဆို အကြောင်းတရားနဲ့ အကျိုးတရား ဆက်စပ်နေပါတယ် အရီရယ်။ ကိုယ်ဟာ ကတိမဖျက်ပါဘူး"

mgyoe.com

mgyoe.com


"ဒါလား ကတိမဖျက်တာ။ ဒါဖြင့် မေးစမ်းပါရစေဦး။ ဘယ်လိုနေမှ ကတိဖျက်တာခေါ်ရမှာလဲ။ မယားငယ် ထင်ထင်ရှားရှားယူပြီး အိမ်ပေါ်က ဆင်းသွားတော့မှာပဲ ကတိဖျက်တယ် ခေါ်ရတော့မှာလား ဟင် ကိုသန်း။ ဒီမယ် ကိုသန်း။ မင်္ဂလာဒုံက ခြံလုပ်စားတဲ့တောသူငါပြောသမျှယုံ၊ ငါလုပ်သမျှခံ အအ၊ အနု၊ နုလပိန်းတုံး အလကားဟာမ။ ငါ အရေးစိုက်စရာ မရှိဘူး။ ဒီအပေါက် ချိုးနေတာလား ကိုသန်း"

"ဒီလိုမထင်ပါနဲ့ကွယ်။ ခြံလုပ်စားတဲ့ တောသူမှန်းသိလို့ ချစ်လို့ လက်ထပ်လာတာ အနှစ် ၂၀ ကျော်ခဲ့ပါပကောကွာ"

ကိုသန်းနိုင်က မခင်ရီ၏ပခုံးကိုဖက်သည်။ မခင်ရီက တွန်းဖယ်ပြီး နောက်ဆုတ်၏။

"ပျားရည်နဲ့ ဝမ်းချလို့ ဝမ်းကျခဲ့တာဟာ တစ်သက်လုံးပါပဲ ကိုသန်း။ ယောကျ်ားဖြစ်နေပြီး ကတိတစ်လုံးကို တော်အောင်လျော်အောင် ပေးပြီး ဒီလိုမျက်နှာချိုသွေးရုံနဲ့ ကျေနပ်ရရောလား ကိုသန်းရယ်။ အရီဟာ သစ်ငုတ်မဟုတ်ဘူးဆိုတာ ကိုသန်း နားလည်ဖို့ကောင်းတယ်နော်။ ကျောက်ဆောင်ကြီးတောင် ပွတ်ဖန်များတော့ ပွန်း၊ တိုက်ဖန်များတော့ လှုပ်လာသေးတယ်။ အရီက လူ ကိုသန်းရဲ့"

"အရီကလည်း တစ်ဖက်သတ် စွပ်စွဲနေတာကိုးကွ"

သူသည် မခင်ရီစွပ်စွဲသည်ကို မငြင်းချင်ပေ။ ငြင်းလျှင် လိမ်လည်ရပါမည်လားလို့ ဒေါသပိုကြီးစရာ ရှိသည်။ မငြင်းလျှင် ဝန်ခံရာရောက်မည်ကိုလည်း သူသိ၏။ ဒါအတွက် မနက်ဖြန်တွင် အကောင်အထည်ပြ၍ ချော့မော့နိုင်သည်။ ဒေါသပြေချိန်တွင် ငွေစကိုင်၍ ချော့တော့မိန်းမဆိုသည်က ကျေနပ်စတမ်း။

ညနေက ကိုသန်းနိုင်သည် မိမိကြီးနှင့် နတ်ရေကန်နှင့် ဥယျာဉ်ပန်းဖြေဌာနသို့ လိုက်သွားရင်း လက်နှိပ်စက်အလုံးတစ်ရာ အော်ဒါရခဲ့

mgyoe.com

mgyoe.com


သည်။ ဒါအတွက် မနက်ဖြန် အရောင်းအဝယ် လုပ်မည်ဖြစ်ရာ ကိုသန်းနိုင်အတွက် ကော်မရှင်စိုစိုကလေး ရစရာရှိ၏။ ထိုငွေစကိုကိုင်၍ အကျိုးဘယ်သို့ အကြောင်းဘယ်သို့ ရှင်းပြလျှင် မကျေနပ်စရာမရှိ။

ဒါကိုတွေး၍ ကိုသန်းနိုင်က တိုတိုအေးအေးပဲ ပြော၏။

"အရီက တစ်ဖက်သတ်စွပ်စွဲနေတာ မဟုတ်ဘူး ကိုသန်းရဲ့။ ကိုသန်း ဒီလိုပြောလိုက်တာဟာ ကိုယ်ဆိုးတာကို သူတစ်ပါးအပေါ် လွှဲချလိုက်တာနဲ့ သိပ်တူတာပဲ။ ကိုသန်း ကတိမတည်ဘူး၊ ဘယ်မှာတည်နိုင်ပါ့မလဲ ကိုသန်းရယ်။ ကားနဲ့ရွှေနဲ့ စိန်နဲ့ကုမ္ပဏီနဲ့ မိန်းမနဲ့ မရှင်းမရှင်းဖြစ်ရတဲ့အရသာ ကိုသန်း လျှာလည်နေပြီကိုး ကိုသန်းရဲ့။ ဒီအရသာကို ခံစားရတဲ့ ကိုသန်းအတွက်ကတော့ ကြည်နူးချမ်းမြေ့နေရ သလောက် ဟိုလူက အတင်းပြော။ ဒီလူက မေးငေါ့။ ဟိုလူက စွပ်စွဲနဲ့ လုပ်တာကို သားကလေးလည်းခံရ။ သမီးလေးလည်းခံရ။ အရီဆိုတာ ရှက်တိုင်းသာ သေစတမ်းဆိုရင် သေတာကြာလှပါပြီ။ ဒီဒဏ်တွေကို မခံနိုင်လို့ သွားမယ်ဆိုတော့ ယောကျ်ားက ယောကျ်ားစကား မပြောနိုင်တော့ဘူး မဟုတ်လား ဟင်။ ဟင်"

ကိုသန်းနိုင်သည် ရွှက်ဖျင်တပ် သံခေါက်ကုလားထိုင်ကလေးကို ဆွဲခင်း ကျောမှီနေသည်။ စီးကရက်သောက်ရင်း မည်းမည်းမည်းနားထောင်၏။

"အရီ့မျက်နှာကို မထောက်ထားချင်နေပါ။ အရွယ်ရောက်ပြီး ရှက်တတ်တဲ့ သမီးကလေး ဂုဏ်သိက္ခာကို မထိခိုက်အောင် ရှောင်သင့်ပါတယ်။ ဘယ်သူမှမပြောဘဲနဲ့ ကိုယ့်ဘာသာကိုယ်ပဲ ဆင်ခြင်သင့်ပါပြီ ကိုသန်းရယ်။ သားလေးကို ကြည့်ပါဦး။ မင့်အဖေက ကြာကူလီကြီးဆိုတာနဲ့ ရန်မဖြစ်စဖူး ရန်ဖြစ်လို့ သတိပေးခံရပြီ။ ယောကျ်ားစကားဟာ တည်ရတယ် ကိုသန်းရဲ့။ စကားမတည်ရင် အလကားပဲ။ အကျင့်ကလည်း

mgyoe.com

mgyoe.com


ပျက်၊ စကားကလည်း မတည်တော့ ဦးသန်းနိုင်ပဲခေါ်ခေါ် ရသေ့ကြီးပဲခေါ်ခေါ် အလကားပဲ ကိုသန်းရဲ့။ အရှက်မရှိ မျက်နှာပြောင်တိုက်ပြီးကတိပေး။ နောက်ပြီး မျက်နှာပြောင်တိုက်ပြီး လိမ်။ ပြီးတော့”

မခင်ရီသည် မဆက်တော့နိုင်။ ခေါင်းနှင့် တိုင်နှင့် ကပ်ကာလက်ပေါ်မေးတင်၍ ငိုချလိုက်ရလေတော့၏။

ကိုသန်းနိုင်သည် မခင်ရီဆိုသမျှ ပြောသမျှကို ကြားသည်လား၊ မကြားသည်လား မဆိုနိုင်။ နားထောင်နေရင်းက စီးကရက် လွတ်ကျပြီး အိပ်ပျော်လေပြီ။

မခင်ရီမှာသာ တစ်ဖက်သတ်ဆိုပြောပြီး တစ်ဖက်သတ်ငိုကြွေးရ၏။ ငါပြောတာ ဆိုတာတွေ လွင့်သွားလေသလားဟု ဝမ်းနည်းရသည်။ သူသည် နေရာတကျမအိပ်ရဘဲ ငိုရင်းရှိုက်ရင်း အိပ်ပျော်သွားခဲ့လေ၏။

✦

mgyoe.com

mgyoe.com

၇

နောက်တစ်နေ့ညနေတွင် ကိုသန်းနိုင်က သားအတွက် လက်ဆောင်များ။ သမီးအတွက် လက်ဆောင်။ ဇနီးအတွက် လက်ဆောင်နှင့် စားစရာများ တစ်ပွေ့တစ်ပိုက်ကြီး ကားထဲထည့်၍ ခပ်စောစော ပြန်လာ၏။

လူတွေ၊ လမ်းတွေနှင့် ယာဉ်တွေသည် ယခင်နေ့များကထက် မည်သို့မျှ ထူးခြားမလာ သွားမြဲ လာမြဲ စုန်ဆန်မြဲတိုင်း လှုပ်ရှားသွားလာနေကြ၏။

ကိုသန်းနိုင်ကတော့ သစ်ပင်တို့ မြရည်လိမ်းပုံက သစ်လွင်သည် ထင်နေသည်။ လူတွေက ဘာကြောင့် ထူးခြားစွာ အဝတ်သစ်ဝတ်၍ ဘယ်လိုပျော်ရွှင်မှုကြောင့် ပြုံးရယ်ရွှင်မြူးနေကြသနည်းဟု ကိုယ့်ကိုယ်ကိုယ် မေး၏။

ဘယ်ဟာကမှ စင်စစ်ထူးခြား တောက်ပသည်မဟုတ်။ ဘယ်သူမှ အထူးတလည် ပြုံးရယ်နေသည်လည်း မရှိ။ ကိုသန်းနိုင်၏စိတ်က ခြယ်ရေး စိတ်ထင်နေခြင်းသာ ဖြစ်သည်။

သူက မိမိကြီး၏မိအင်ကိုးနှင့် အရှေ့တိုင်းအေဂျင်စီအတွက် လက်နှိပ်စက် ၁၀၃ လုံး အရောင်းအဝယ်ဖြစ်အောင် ဆောင်ရွက်ပေးခ အဖြစ် ပွဲခငွေကလေး မိမိကုမ္ပဏီမှ မြက်မြက်ရခဲ့၏။ ဒါနှင့် ကလေးတွေ အတွက် ဝယ်ခြမ်းခဲ့တာတောင် ငါးဆယ်တန်တွေက အထပ်လိုက် တောင့်နေသေးသည်။

mgyoe.com